www.burmeseclassic.com

စာအုပ်တိုက်

# မုညခင်

ကျွန်တော်နှင့်. . .

အချစ်

အနှစ်

အသစ်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ✧ ၅၀၀၉၁၃၀၄၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ✧ ၅၀၀၈၂၈၀၆၀၇

ထုတ်ဝေခြင်း ✧ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ်

အုပ်ရေ ✧ ၅၀၀

တန်ဖိုး ✧ ၁၀၀၀ ကျပ်

အဖုံးဒီဇိုင်း ✧ ကိုဆန်း


ကွန်ပျူတာစာစီ ✧ ကိုသက်အောင် (ကမ္ဘာအေ

ထုတ်ဝေသူ ✧ ဒေါ်မိုးသီတာ (စိုးမိုးစာပေ
(မြ-၀၃၈၅၁)
အမှတ် (၁၃)၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကု

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် ✧ ဦးမြင့်သန်း (မြ-၀၄၉၀၂
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်။

ပုညခင်စာအုပ်တိုက်

# ပုညခင်



# ကျွန်တော်နှင့်... ♥ အချစ်... ♥ အနှစ်... ♥ အသစ်...

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော်နှင့် စိတ်ကူးယဉ်အချစ်

# (သို့မဟုတ်)

# ဘတ်စကက်ဘော ကစားခြင်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

(၁)

●●●

'ယောကျ်ားတစ်ယောက်ဟာ ဘယ်အသက်အရွယ်က စ,ပြီး ချစ်စိတ် ဖြစ်ပေါ်လာတတ်ပါသလဲ' ဟု မေးခွန်းထုတ်လျှင် ယောကျ်ားအတော်များများက ကွဲပြားခြားနားသော အဖြေများကို ပေးကြမည် ဖြစ်သည်။

တကယ်တော့ 'ချစ်စိတ်' ဆိုတာ အလွယ်တကူ ပေါ်ပေါက်နိုင်တာတော့ မဟုတ်ပါ။ ကိုယ့်အနားမှာ ဒါမှမဟုတ် ကိုယ့်မြင်ကွင်းမှာ လက်လှမ်းမီလောက်စရာ ဆန့်ကျင်ဘက် လိင်လည်း ရှိပါမှ …၊ အဲဒီ ဆန့်ကျင်ဘက်ကို ကိုယ်ကလည်း စိတ်ဝင်စားဦးမှ …၊ အဲဒီလို အဆင့်တွေပြီးတော့မှ ချစ်တာတွေ ဘာတွေက တစ်ဆင့်ပြီးတစ်ဆင့် လာသည်။ အချစ်ဆိုရာမှာလည်း အမျိုးမျိုး အစားစား ကွဲပြားနိုင်သေးသည်။ ဒါတွေထားပါတော့.. ကျွန်တော့်အကြောင်းပဲ ပြောတော့မည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အသက် သုံးနှစ်အရွယ်လောက်ကပင် မိန်းကလေးတွေရဲ့ အလှကို ခံစားတတ်ဟု ကျွန်တော့် မေမေက ပြန်ပြောပြတော့ ကျွန်တော့်မှာ ရှက်လွန်းလို့ ခေါင်းတောင်မဖော်နိုင်။ သို့သော် ... အဲ့ဒါ တကယ်ပဲဟု ကျွန်တော့် မေမေက ပြောသည်။ အဘိုးနဲ့ အဘွားကလည်း ထောက်ခံသည်။ မေမေက ရယ်သွမ်းသွေးရင်း ပြန်ပြောပြသည်မှာ ...

"အံ့ဘွယ်ကလေ ... အလှအပကိုခံစားတတ်တာတော့ ပြောမနေပါနဲ့တော့ ...၊ အဲဒီတုန်းကလေ သူ့အသက်က သုံးနှစ်လောက်ပဲ ရှိဦးမှာ၊ ကျွန်မက ညနေဘက်ဆို သူ့ကို ချီပြီး လမ်းလျှောက်ထွက်တတ်တယ်၊ အဲဒီလိုလျှောက်နေရင်း ရုပ်ဆိုးဆိုး အပျိုအရွယ် မိန်းကလေးတစ်ယောက် ကျွန်မတို့ ရှေ့က ဖြတ်လျှောက်သွားတာ မြင်တော့ သူက လက်ညှိုး ထိုးပြီး 'လှဘူး ... လှဘူး' လို့ ပြောရင်း ခေါင်းကလည်း ခါသေးတယ်၊ လှလှပပ မိန်းကလေးတွေ တွေ့ရင်တော့ သူ့မှာ သခင်လည်ပြန် ကြည့်ရတာနဲ့ ခိုးခိုးခစ်ခစ် ရယ်ရတာနဲ့ ...၊ အံမယ် ... ဒါတင်မဟုတ်သေးဘူးရှင်၊ ကျွန်မတို့ အိမ်နီးချင်း လှပျိုလေးတစ်ယောက်ကို လှမ်းခေါ်ပြီး ဦးဦး ဟိုမှာ ချစ်ချစ်လှလှလို့ ပြောလိုက်သေးတာ"



"မေမေကလည်းဗျာ ... အဲဒါတွေ လျှောက်လျှောက်မပြောစမ်းပါနဲ့ ..."

"ဟဲ့ ... ငါမပြောလည်း အားလုံးသိတာပဲ၊ နင်က တော်တော်ထူးတဲ့ ကလေး ..."

လူပျိုပေါက်ကလေးကျွန်တော်ကတော့ မေမေ့အပြောကို ရှက်တတ်နေပြီ။ မေမေကတော့ ကျွန်တော့်ကို ကလေးဟုပင် ထင်နေသေးပုံရသည်။

ဘယ်မှာ ကလေးဟုတ်တော့လို့လဲ ...။ ကျွန်တော် ကဖြင့် လှလှပပ ရင်ခုန်တတ်နေပြီ ...။ ကျကျနန စိတ်ကူးယဉ်တတ်နေပြီ။

မေမေ့ကို ဂျစ်ကန်ကန် ပြန်ပြောလိုက်ပြီး ကျွန်တော် ခြံထဲ ဆင်းလာခဲ့သည်။ ဟိုဘက်ခြံကို ချောင်းကြည့်လိုက်တော့ ကျွန်တော်တို့ အတန်းထဲက နှပ်ချေးမစင်သည့် ကောင်မလေးကို တွေ့ရလေသည်။ အဲ့ဒီ ကောင်မလေးဟာ ရုပ်ကလေး လှချင်လျှက်နဲ့ ရှုးသလို ပေါသလို၊ ကလေးလိုလို ခွေးလိုလို ဖြစ်ကတတ်ဆန်းနေတတ်တာမို့ ကျွန်တော် သဘောမကျ။ ခုလည်း သူ့မက သူ့အမေ ထဘီကို ယူဝတ်ထားသလား မသိ။ အရောင်ရင့်ရင့် အပွင့်ကားကား လုံချည်ကို တဖွေ့တစောင်း ခပ်တိုတိုဝတ်ကာ ကုလားမစီးနင်း ကစားနေသည်။ ဆံပင်တိုနန့်နန့်က လှလည်း

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



**လှေ၊ နရူးက** အဆီပြန်ပြောင်ဝင်းနေကာ အကျိုကလည်း ခပ်ပွပွ။ **အဲဒီလိုမျိုးကိုတော့** ကျွန်တော် လုံးဝ စိတ်မဝင်စားပါ။ ခက်တာက **ကျွန်တော်သာ** လူပျိုစိတ်ပေါက်နေပေမယ့် ကျွန်တော်နဲ့ ရွယ်တူ ကောင်မလေးတွေကတော့ အဲဒီလိုမျိုးချည်းဖြစ်သည်။ တစ်ယောက်မှ နပ်ချေးမစင်သေးချေ ... ။

ကျွန်တော်က ခြံစည်းရိုးနားမှာ ရပ်နေဆဲ ... ကစားနေသော ခင်သုသုက ကျွန်တော့်ကို မြင်သွားကာ အဟီးခနဲ ရယ်ပြလိုက်သည်။ ရယ်ပုံကိုက ငပေါမနင့်တူနေသည်။ သုသုက ကျွန်တော့်နားသို့ ခုန်ဆွ ခုန်ဆွ ပြေးလာရင်း ...

"ဟဲ့ ... အဲ့ဘွယ်ကျော်၊ ပါမလား"

"ဘာကို ပါရမှာလဲ ..."

"ငါ ကုလားမစီးနင်း ကစားနေတာလေ၊ တစ်ယောက်တည်း ပျင်းနေလို့၊ နင်ပါ ပါမလားလို့ ..."

"မပါပါဘူး၊ ကလေးကလားတွေ၊ ပြီးတော့ အဲ့ဒါ နင်တို့ မိန်းကလေးတွေပဲ ကစားတာ ..."

ကျွန်တော့်က ခေါင်းတစ်ချက်ဆတ်၍ နဖူးပေါ် ဝဲနေသည့် ဆံပင်ကို ခါရင်း ပြောလိုက်သည်။ သုသုက နှုတ်ခမ်းကို ရွဲ့ကာ ...

"နင်က ... ပဲချည်းပဲ"



"ဘာ ပဲလဲ၊ ကုလားပဲလား ... မတ်ပဲလား ..."

"ကြည့်လေ ... နင့်ရုပ်ကိုက အိုက်တင်ထုတ်နေတဲ့ရုပ်၊ ကလေးပဲဟဲ့ ... ကလေးကလား ဆော့တာ ဘာဖြစ်လဲ"

"ငါက ကလေးမဟုတ်တော့ဘူး"

"ဒါဆို ဘာလဲ ..."

"လူပျို ..."

"ဟာဟ ... ဖြီးမနေနဲ့၊ တစ်နေ့ တစ်နေ့ နင့်အမေ အော်ဟစ်နေတာ ငါကြားသားပဲ၊ ဟဲ့ကောင်လေး ... ဒီကလေးဟာ၊ ကလေးက ကလေးလို မနေဘူးလား၊ ဘာလား ... ညာလား စုံနေတာပဲ"

"အဲ့ဒါက အမေ မသိလို့ ပြောတာပါ၊ ဒီမှာကြည့် တွေ့လား၊ ငါက လူပျိုပဲ ..."

ကျွန်တော်က ခေါင်းကို မော့လိုက်ပြီး ကျွန်တော့် မေးစေ့မှာ ငုတ်စိလေးတွေ ထွက်နေသည့် မုတ်ဆိတ်မွေးလေးတွေကို ဟန်ပါပါ ပွတ်ပြလိုက်သည်။

"အဲ့ဒါ ဘာဖြစ်လဲ ... မေးစေ့မှာ အမွေးပေါက်တာနဲ့ လူပျိုဖြစ်တယ်လို့ ငါမကြားဖူးပါဘူး၊ နင်နဲ့ ငါက အသက် အတူတူပဲ ဥစ္စာ၊ ငါလည်း ကလေး၊ နင်လည်း ကလေးပေါ့၊ လာပါဟဲ့ ... ကစားရအောင်"

www.burmeseclassic.com

www.burmeseclassic.com



"မကစားချင်ပါဘူးဆိုမှဟာ၊ နင့်လို ပုံဆိုးပန်းဆိုး ကောင်မလေးမျိုးနဲ့ အပေါင်းအသင်း မလုပ်ချင်ပါဘူး၊ ငါ အခု ဂစ်တာတီးတတ်နေပြီကွ၊ ဂစ်တာတီးပြီး သီချင်းသွားဆိုလိုက်ဦးမယ်"

"ကောင်စုတ် … နင့် မခေါ်တော့ဘူး"

သုသုက ခြေဆောင့်နင်းကာ မလှမပ ခြေလှမ်းတွေဖြင့် ထွက်ခွာသွားပါသည်။ အဲဒီအခိုက်မှာ မမရဲ့ လှလှပပ ခြေလှမ်းတွေကို ကျွန်တော် မြင်ယောင်လာသည်။

မမ … မမ၊ သိပ်ကိုလှပြီး ဣန္ဒြေကြီးတဲ့ မမ၊ တွေးမိရုံကလေးနဲ့ ကျွန်တော့်ကို ရင်တလှပ်လှပ် တုန်စေတဲ့ မမ။ မမရဲ့ မျက်လုံးကလေးတွေက သောက်ရှူးကြယ်လို တောက်ပသည်။ (သောက်ရှူးကြယ်တော့ ကျွန်တော် မသိ၊ ကြားဖူးတာပြောတာ)။ မမရဲ့ ကိုယ်ဟန်က နွဲ့နှောင်းသည်။ ဆံပင်ကလည်း အရှည်ကြီး၊ မမက စကားပြောလျှင် ပြုံးပြီးပြောတတ်တာမို့ ထိုအပြုံးကလေးကို ကျွန်တော် စွဲလန်းရသည်။ သုသုတို့လို အရွယ်တွေမှာ မတွေ့နိုင်သည့် အပြုံးမျိုးကို မမထံမှာ တွေ့နိုင်သည်။

မမအကြောင်း တွေးမိရုံနှင့် ကျွန်တော့် စိတ်ထဲ ပျော်ရွှင်လာကာ အိမ်ပေါ်ပြေးတက်လာခဲ့သည်။



"ဟဲ့ … ကောင်လေး ဘယ်လိုဖြစ်လာတာလဲ၊ ဟဲ့ … ဟဲ့ ခလုတ်တိုက်သွားပြန်ပြီ၊ ကုန်ပါပြီ … ကုန်ပါပြီ၊ မျောက်လောင်းလေးဟာ ဘာဖြစ်နေမှန်းကို မသိဘူး၊ ဆတ်စလူးထ,နေတာပဲ …"

သူ့ပန်းအိုးတွေကို တိုက်မိသွားတာမို့ မေမေက အော်ဟစ်ကျန်ရစ်ခဲ့သည်။ ကျွန်တော်ကတော့ ဂရုမစိုက်နိုင်အားပါ။ ကျွန်တော့် အခန်းထဲ အမြန်ပြေးဝင်လာပြီး တံခါးကို သေသေချာချာ ပိတ်သည်။ ပြီးတော့ မှန်ရှေ့မှာ ရပ်သည်။ ကိုယ့်ကိုကိုယ်မို့ ပြောတာမဟုတ်၊ တကယ်တော့ ကျွန်တော်ဟာ တော်တော်ချောပါသည်။ ဆံပင်ပျော့ပျော့ကလေးတွေ နဖူးပေါ် ခပ်ယိုင်ယိုင်စင်းကျနေသော မျက်နှာဟာ မသိမသာ ပါးကလေး ဖောင်းနေတာကလွဲလို့ အားလုံး အဆင်ပြေချောမွေ့သည်။ နှုတ်ခမ်းပေါ်မှာ၊ မေးစေ့မှာ၊ ပါးပြင်ပေါ်မှာ အမွေးကလေးတွေတောင် ပေါက်နေပြီ၊ ကျွန်တော့်ကို ဘယ်သူက 'ကလေး' လို့ ပြောချင်ကြသေးလဲ၊ ပြီးတော့ ကျွန်တော့်ရဲ့ ဟော့ဒီရင်ဘတ်ဟာ မမအကြောင်း တွေးတိုင်း ပူနွေးလာတတ်ပြီဗျ … ။

ကျွန်တော်က ဘီးတစ်ချောင်း ဆွဲယူကာ ခေါင်းအထပ်ထပ် ဖြီးသည်။ ခေါင်းလိမ်းဆီ ရွှဲရွှဲ လိမ်းသည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထပ်ဖြီးသည်။ လေချွန်ရင်း မျက်နှာပေါက ဝက်ခြံတွေကို တစ်လုံးမကျန် ကုန်စင်အောင် ညှစ်ပြီး ခရင်(မ်) ပါးပါးလိမ်းလိုက်သည်။ နောက် သနပ်ခါး ပါးပါးထပ်လူးပြီး မသိမသာ ပေါင်ဒါရိုက်လိုက်တော့ ကျွန်တော့် မျက်နှာက မှုန်မှုန်လေးဖွေးကာ ပိုကြည့်ကောင်းသွားသည်။

ကျွန်တော်က မှန်ရှေ့မှာရပ်ကာ ဘယ်ပြန် ညာပြန်၊ ရှေ့ပြန် နောက်ပြန် ကြည့်လိုက်ပြီး ကိုယ့်ပုံရိပ်ကိုယ် ကျေနပ်အားရတော့မှ ဂစ်တာကို သွားယူကာ မမတို့ ခြံဘက် ဝရန်တာသို့ ထွက်လာခဲ့လေသည်။

ကျွန်တော့် အခန်းနံဘေးက ဝရန်တာလေးဟာ မမ ညိုပြာညက်တို့ အိမ်ဘက်မှာ ရှိနေတာက ကျွန်တော့်ရဲ့ ကံကောင်းမှုတစ်ခု ဖြစ်သည်။ သုသုတို့ ခြံကတော့ ဟိုဘက်ခြမ်းမှာ ဖြစ်ပြီး မေမေတို့ အခန်းနဲ့သာနီးသည်။ အဲဒါလည်း ကျွန်တော့် ကံကောင်းမှုပဲ၊ နို့မို့ဆို အဲဒီ ကောင်မလေး သံသေးသံကြောင်နဲ့ သီချင်းအော်ဆိုတာ၊ စာအော်ဖတ်နေတာတွေကို ကြားနေရဦးမည်။

ကျွန်တော့် အခန်း ပြတင်းလေးကနေ ကြည့်လျှင် မမညိုပြာညက်ရဲ့ အခန်း ပြတင်းလည်း မြင်နိုင်သည်။ မမတို့ အိမ်အပေါ်ထပ် ဝရံတာကိုလည်း မြင်ရသည်။ မမတို့ခြံထဲကိုလည်း စီးမိုးမြင်နိုင်သည်။



တကယ်တော့ တစ်မနက်မှာ မမရဲ့ အခန်းပြတင်းတံခါးချပ်လေး ညင်သာစွာ ပွင့်ရာကနေ ကျွန်တော့် ရင်ခွင်တံခါးလည်း ပွင့်ခဲ့တာပဲ ...။

အဲဒီနေ့ မနက်က ကျွန်တော့်ကို မေမေက အော်ကြီးဟစ်ကျယ် နှိုးနေခဲ့သည်။ ကျွန်တော့် အခန်းတံခါးကိုလည်း တဒုန်းဒုန်း ရိုက်ပုတ်နေသည်။

"ဟဲ့ ... ကောင်လေး ခုထိ အိပ်ရာ မထသေးဘူးလား၊ ငါနှိုးနေတာ ဒါပါနဲ့ဆို ငါးခါရှိပြီ၊ ထတော့လေ၊ စာမေးပွဲကဖြင့် ဖင်နားကပ်နေပြီ၊ ခုထိ စည်းစိမ်ယူချင်တုန်း ..."

"ထပြီ ... ထပြီ ... မေမေ၊ သား ထပြီ"

"အဲဒီလိုပြောတာလည်း ဘယ်နှခါရှိပြီလဲ၊ အိပ်ချင်မူးတူးနဲ့ ထ, ထ အော်ပြီး ပြန်ပြန်အိပ်နေတာ ငါ မသိဘူးများ မှတ်သလား"

"ဒီတစ်ခါ တကယ် ထ,ပြီ မေမေ"

ကျွန်တော်က ခပ်ကျယ်ကျယ်လေး အော်ပြောပြီး အိပ်ရာကနေ ကျုံးထကာ အခန်းတံခါး ဖွင့်ပေးလိုက်သည်။

"အေး ... ဟုတ်ပြီ ဒီလိုမှပေါ့၊ သားလေးက လိမ္မာပါတယ်၊ ပြန်မအိပ်နဲ့တော့ ... ကြားလား၊ မျက်နှာ မြန်မြန်သစ် ..."

www.burmeseclassic.com

www.burmeseclassic.com



မေမေ ပြန်ထွက်သွားတော့ ကျွန်တော်က တံခါး မြန်မြန်ပိတ်ပြီး အိပ်ရာပေါ် ဒိုင်ဗင်ထိုးချလိုက်သည်။ မျက်လုံး ကလေးတွေ ပြန်မှေးလာစဉ် တံခါးကို တဒုန်းဒုန်းထုသံ ပေါ်လာ ပြန်ကာ ...

"အံ့ဘွယ်နော် ... နင်ပြန်အိပ်နေတာ ငါမသိဘူးများ မှတ်လား၊ စိတ်မချလို့ နင့်အကျင့် သိလို့ နောက်တစ်ခေါက် ပြန်လှည့်လာတာ၊ ဒီတစ်ခါ တကယ်မထရင်တော့ နင့်ဖင် ကြိမ်လုံးနမ်းပြီ မှတ်တော့ ..."

မေမေ့ ဒေါသကို ကြောက်ရတာမို့ ကျွန်တော် အိပ်ရာကနေ ကျုံးထလိုက်ရသည်။ ပြီးတော့ ပြတင်းပေါက်ဆီ ယိုင်ထိုးယိုင်ထိုး လျှောက်သွားကာ ပြတင်းတံခါးဖွင့်ပြီး လေရှူနေ လိုက်သည်။ လေရှူရင်းက မျက်လုံးထောင့်စွန်းမှာ တွယ်နေသည့် မျက်ချေးတွေကို လက်ညှိုးနှင့် ကုပ်ထုတ်နေလိုက်သည်။

အဲ့ဒီအချိန်မှာပဲ ကျွန်တော်နဲ့ မျက်နှာချင်းဆိုင် အခန်းတံခါးချပ်ကလေး လှပ်ခနဲ ပွင့်သွားကာ အိပ်ရာနိုးစ အလှ ပဂေးလေးကို တွေ့လိုက်ရလေသည်။

ကြားဖူးကြတယ် မဟုတ်လား ... မိန်းကလေး တစ်ယောက် တကယ် လှမလှ အိပ်ရာနိုးစမှာ ကြည့်ရတယ် ဆိုတာလေ။ အဲ့ဒါ တကယ်ပဲ ... မမ တကယ်လှတယ်ဆိုတာ ကျွန်တော့်မှာ ရင်သပ်ရှုမော လက်ခံလိုက်ရသည်။ ညဝတ်အင်္ကျီ



ဖြူ လွလွလေး ကပိုကရို ... ဆံပင်ရှည်ကြီးက ရင်ဘတ်ပေါ် မှူမှူ လေး ပုံအိကျနေသော မမက ခေါင်းတောင် ဖြီးရသေးပုံမရဘဲ သူ့ပြတင်းနံဘေး သစ်ပင်ထက်ဆီက ကျလိကျလိ အော်မြည်နေ သည့် ငှက်ကလေးတွေကို ငေးမော့ကြည့်နေသည်။ မော့နေလို့ လား မသိ ... လည်ပင်းကလေးဟာ စင်းနေတာပဲ ...။ အနီးကပ် သွားကြည့်ရင် အကြောစိမ်းကလေးတွေတောင် မြင်ရမလားမသိ။ ကျွန်တော် မမရဲ့ လည်ပင်းလေးကို ငေးမျှော်ကြည့်ရင်း 'ရေကြည် သောက်ရင် မြင်ရလောက်ပင် ကြည်ကြည်လင်လင်' ဟူသော သီချင်းစာသားလေးကို သွားသတိရမိသေးသည်။ မမ ရေသောက် ရင် လည်ပင်းကလေးကို ထွင်းဖောက်ပြီး မြင်ရမှာပဲဟု စိတ်ကူး ယဉ်လိုက်သည်။

ကျွန်တော့်ရဲ့ အိပ်ရာနိုးထစအလှကတော့ မျက်ချေး စက်လက်နှင့်ပင် ...။ မျက်ချေးကြောင့်လား ဘာလားတော့မသိ အမြင်အာရုံပင် မှုန်ဝါးလာတာမို့ လက်ဖမိုးနှင့် အမြန်ပွတ်ပစ် လိုက်ပြီး မျက်လုံးကို ပြူးကြည့်နေရသည်။

အဲဒီလိုကြည့်နေဆဲမှာ ငှက်ကလေးတွေကို သဘော ကျနေပုံရသော မမ ပြုံးလိုက်တာကို မြင်လိုက်ရသည်။ ဆလိုက် ထိုးသလို လင်းဖြာကျနေသော နံနက်ခင်း နေရောင်ခြည်အောက် မှာ သွားကလေးတွေပင် ကျောက်သံ ပတ္တမြားလို လက်သွားသည်

www.burmeseclassic.com

www.burmeseclassic.com



ဟု ထင်လိုက်သည်။ ပြီးတော့ မမက သူမ နှုတ်ခမ်းကလေးကို လက်ဖျားလေးနှင့် ထိကာ ဖွဖွကလေး သမ်းပြီး အိမ်ထဲ ပြန်လှည့်ဝင်သွားသည်။

အဲဒီမှာ ကျွန်တော် ကြွေပြီး ကျန်ခဲ့တော့တာပဲ ...။

ရင်ထဲ မောလုပ်လုပ်ကြီး ဖြစ်လာကာ အိပ်ရာပေါ် ဒိုင်ဗင်ပြန်ထိုးချ၊ ခေါင်းအုံးထဲမှာ မျက်နှာဖွက်ထားပြီး တဟိဟိ ရယ်သည်။ ပက်လက်ပြန်လှန်သည်။ မျက်နှာကြက်မှာ မမကို မြင်ပြီး ပြုံးသည်။ ဘေးစောင်းသည်၊ နံရံမှာလည်း မမကို မြင်သည်။ ကျွန်တော် တစ်ယောက်တည်း အိပ်ရာထက်မှာ မှောက်လိုက်၊ လှန်လိုက်၊ ဘေးစောင်းလိုက်၊ လူးလွန့်လိုက်၊ ဂဏှာမငြိမ်ဖြစ်နေရင်းက ဖက်လုံးကိုဆွဲကာ ကူကျုံနန ဖက်လိုက်သည်။ ပြီးတော့ မျက်လုံးကလေး မှေးစင်း စိတ်ကူးယဉ်ကာ ငြိမ်သက်နေလိုက်သည်။ အဲဒီအချိန်မှာပဲ ဖျန်းခနဲ အသံနှင့်အတူ တင်ပါးတစ်လုံး ကျိန်းစပ်သွားပါသည်။

"ကဲ ... မှတ်ပြီလားဟင်၊ နောက် တင်ပါးတစ်ဖက်ပါ မနာချင်ရင် မြန်မြန်ထ ..."

"အီးဟီး ... မေမေကလည်းဗျာ၊ နာလို့ သေပါပြီ"

"နာမှာပေါ့ ... ပြောစကားမှ နားမထောင်တာ၊ မနက်မနက်ဆို ငါးမနိုးဘဲ နင် ဘယ်နှခါ အိပ်ရာထလဲဟင်၊ သွား ... မျက်နှာမြန်မြန်သစ်"



ကျွန်တော်က ရှုံ့မဲ့လျက် တင်ပါးတစ်ဖက်ကို ပွတ်ရင်း ရေချိုးခန်းထဲ ဝင်လာခဲ့ရသည်။ စောစောတုန်းက စိတ်ကူးယဉ်နေတာလေးတွေပင် ဘယ်ရောက်လို့ ရောက်မှန်းမသိအောင် မေမေ့ လက်သံက ပြောင်ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီနေ့မှစကာ ကျွန်တော့်ကိုယ်ကျွန်တော် ကလေးမဟုတ်တော့ဘူးဟု ကိုယ့်ဘာသာ ဆုံးဖြတ်ချက်ချလိုက်ပြီ ဖြစ်ပါသည်။ မေမေကတော့ 'ဒီကောင်လေးဟာ၊ ဒီကလေးဟာ၊ မျောက်လောင်းကလေးဟာ' စသဖြင့် ဆိုမြည်နေဆဲ၊ ကျွန်တော်ကတော့ 'လူပျိုကလေးဟာ' ဟု သတ်မှတ်ထားခဲ့ပြီး အလှတွေပြင်ကာ စတိုင်လ်ထုတ်တတ်လာသည်။

တစ်နေ့ တစ်နေ့ ကျွန်တော် အဲ့ဒီဘက်ခြံကို မချောင်းဘဲ မနေနိုင် ...။ မမတို့ မိသားစုဟာ မကြာသေးခင်ကမှ ပြောင်းလာကြတာမို့ ကျွန်တော်တို့ မိသားစုနဲ့လည်း မရင်းနှီးကြသေးပါ။ ကျွန်တော်ကဖြင့် ရင်းနှီးခင်မင် ဝင်ထွက်ချင်လှပြီ ...။ ခုတော့ တိတ်တခိုး ချောင်းကြည့်ရုံသာ တတ်နိုင်သည်။

ကျွန်တော် မနက်အိပ်ရာထလျှင် အဲ့ဒီ မမရဲ့ အခန်းပြတင်းဆီ ပထမဦးဆုံး လှမ်းမျှော်ကြည့်သည်။ တစ်ခါတစ်ရံ ဝရန်တာမှာ အဝတ်ထွက်လှန်းနေသော မမကို လှမ်းမြင်ရသည်။ အဲဒါဆို ကျွန်တော် ပျော်ပြီး ကျောင်းကို တက်တက်ကြွကြွထွက်သွားသည်။ ညနေ ကျောင်းက ပြန်လာလျှင် လွယ်အိတ်ကလေး

www.burmeseclassic.com

www.burmeseclassic.com



ဖုတ်ခနဲဝစ်ချကာ မမတို့ခြံဘက်သို့ လှမ်းမျှော်ကြည့်ရသည်။ အိမ်ရှေ့ ပန်းခြံထဲမှာ ပန်းအိုးတွေ ရေလောင်းနေသော မမကို တွေ့လျှင်တော့ အဲဒီညမှာ စာမကျက်နိုင်ဘဲ စိတ်ကူးယဉ်၍သာ နေတော့သည်။ အိပ်မက်ထဲမှာလည်း မမနှင့် မကြာခဏ တွေ့ခွင့်ရပါသည်။

ခုလည်း သုသုရဲ့ အမူအကျင့်တွေကို နှာခေါင်းရှုံ့ ကျော်နိုင်းလာသော ကျွန်တော်က ဂစ်တာကို ဟန်ပါပါပွေ့ကာ ဝရန်တာမှာ ထိုင်ရင်း မမများ မြင်မလားလို့ စတိုင်လ်ထုတ်နေမိပါသည်။ ကယ်တော့ ကျွန်တော်က ဂစ်တာကို သိပ်တီးတတ်သေးတာ မဟုတ်ပါ။ ဂစ်တာကိုင်လျှင် စတိုင်လ်ကျသည်ဟု ထင်၍သာ ဂစ်တာတီးသင်မိတာပင်။

ကျွန်တော်က ရသလောက် C လက်ကွက်နဲ့ Am လက်ကွက်လေးကိုပဲ တို့တို့တိတိ တီးရင်း မမတို့ ဝရန်တာဘက်ကို လှမ်းလှမ်းကြည့်နေရသည်။ ဟော ... မမ ထွက်လာပြီ။

မမက ဝရန်တာမှာရပ်ရင်း ကျွန်တော့်ဘက်သို့ လှမ်းကြည့်လာပါသည်။ ကျွန်တော်က မသိချင်ယောင်ဆောင်ကာ ဂစ်တာငုံ့တီးနေလိုက်သည်။ ပြီးမှ ပြန်ခိုးကြည့်သည်။ မမက ကျွန်တော့်ကို လှမ်းကြည့်ရင်း ခစ်ခနဲ ပြုံးလိုက်တာကို မြင်တော့ စိတ်ထဲ ပျော်သလိုလိုဖြစ်သွားသည်။



ခဏနေတော့ မမ ခြံထဲဆင်းသွားတာကို လှမ်းမြင်ရသည်။ ကျွန်တော် ဖြုန်းခနဲ ဂစ်တာကိုချကာ အိမ်ရှေ့သို့ ပြေးထွက်လာခဲ့သည်။

"ဟဲ့ ... ဒီကောင်လေးဟာ အပြေးအလွှားနဲ့၊ ဒါက ဘယ်လဲ ..."

"အိမ်ရှေ့မှာ ရေခဲမုန့်သည် တွေ့လို့ သွားဝယ်စားမလို့ မေမေ"

ကျွန်တော် ခြံရှေ့သို့ ပြေးထွက်လာခဲ့သည်။ ရေခဲမုန့်တွန်းလှည်းက မမတို့ ခြံရှေ့မှာ ရပ်ထားပါသည်။ ကျွန်တော်က ရေခဲမုန့်တစ်ခုဝယ်စားရင်း မမတို့ ခြံနဲ့ မျက်နှာချင်းဆိုင် အုတ်ခုံလေးမှာ ထိုင်နေလိုက်သည်။ ခဏနေတော့ မမက သူ့ တူမကလေးကို လက်ဆွဲကာ ရေခဲမုန့် တွန်းလှည်းဆီ လျှောက်လာသည်။

"ရေခဲမုန့် တစ်ခုပေးပါ"

မမက ရေခဲမုန့် ဝယ်နေစဲ ကျွန်တော်က ပါးစပ်အဟောင်းသား ပွင့်မတတ် သတိလက်လွတ်ဖြစ်ကာ အနီးကပ်မြင်နေရသော မမကို ငေးကြည့်နေမိသည်။ ထိုအခိုက်မှာ မမ အကြည့်တွေက ကျွန်တော့်ထံ ရောက်ရှိလာသည်။ ပြီးတော့ ပြုံးပြုံးကာ ...

"မင်းက ဟိုဘက်ခြံက မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ... ဟုတ်ကဲ့"

အသံလေးက သာယာလွန်းသည်။ ကျွန်တော်က ခေါင်းကို အားရပါးရ ညိတ်ပြသည်။

"တစ်ခါတလေ ဈေးဝယ်သွားရင်တော့ မင်းအမေနဲ့ ဆုံပါတယ်၊ မင်းအမေ ပြောပြလို့ မင်းကိုသိနေတာ၊ မင်းနာမည် အံ့ဘွယ်ကျော် နော်"

"ဟုတ် ... ဟုတ်ကဲ့"

"ဘယ်နှတန်း ရောက်ပြီလဲ"

"ဟို ... ၈ တန်း"

"ကျောင်းမှာ စာတွေ လိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ ..."

"စာမေးပွဲ နီးပြီနော်"

"ဟုတ်ကဲ့"

"စာတွေ တော်တော်ရပြီလား"

"ဟုတ်ကဲ့"

"မင်းအမေကတော့ ပြောပါတယ်၊ မင်းက အိပ်ပုပ်ကြီးတယ်ဆို၊ မနက် မနက်ဆို လေးငါးခါလောက် နှိုးမှ ထ,တယ်တဲ့ ဟုတ်လား ..."

ကျွန်တော် ရှက်စိတ်ဖြင့် ထူပူကာ မေမေ့ကိုလည်း စိတ်ဆိုးသွားသည်။ မမက ပြုံးလိုက်ရင်း ...



"စာမေးပွဲပြီး ကျောင်းတွေပိတ်တော့မှ အားရအောင် အိပ်ပေါ့ အံ့ဘွယ်ရဲ့၊ မနက်စောစော ထပြီး စာကျက်တာ စာရလွယ်တယ်လေ ..."

" ဟုတ်ကဲ့ ..."

"မင်းက ဂစ်တာလည်း တီးသေးတယ် မဟုတ်လား"

"ဟုတ် ..."

"ဂစ်တာချည်းပဲ တီးနေရင် စာကျက်ချိန် လျော့နေဦးမယ်၊ မင်းအမေကတော့ ပြောပါတယ်၊ မင်းက ပြောရဆိုရ သိပ်ခက်တာပဲဆို၊ ကိုယ့်အမေ စကား နားထောင်ပြီး လိမ်လိမ်မာမာ နေမှပေါ့"

"ဟုတ်ကဲ့ ..."

"ကျောင်းနေတုန်း အရွယ်မှာ စာကြိုးစားပြီး လိမ်လိမ်မာမာ နေ၊ ဗဟုသုတဖြစ်မယ့် စာတွေလည်း ဖတ်၊ ဒါမှ ကြီးလာရင် ကိုယ့်ဘဝကို အဆင်ပြေပြေ လျှောက်လှမ်းနိုင်မှာ၊ အပေါင်း အသင်းတွေ ဆွယ်တိုင်းလည်း နားမယောင်နဲ့၊ အပေါင်းအသင်းမှားရင်လည်း ဒုက္ခရောက်ရတာပဲ"

"ဟုတ် ..."

"ကဲ ... ကဲ ... ဒါဆိုလည်း ဒီမှာ အကြာကြီး ထိုင်မနေနဲ့တော့လေ၊ အိမ်ပြန် ရေမိုးချိုးပြီး စာကျက်တော့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ..."

"ဟဲ့ ... ဟဲ့ ... ဩော် ... ဒုက္ခပါပဲ၊ မင်း လက်ထဲက ရေခဲမုန့်က အရည်ပျော်ပြီး စီးကျနေပြီ ..."

ခုမှ ကျွန်တော့် လက်ထဲက မုန့်ကို သတိရပြီး ပြန်ငုံ့ကြည့်မိသည်။ ရေခဲမုန့်က အရည်ပျော်ကာ ကျွန်တော့် လက်ကြားမှ စီးဆင်းပြီး အင်္ကျီမှာပါ ပေရေနေသည်။ ကျွန်တော် ရှက်လည်းရှက်၊ ဘာကိုမှန်းမသိ စိတ်တိုကာ ရေခဲမုန့်ကို လွှင့်ပစ်ခဲ့ပြီး မမရှေ့ကနေ အမြန်ဆုံး ပြေးထွက်လာခဲ့သည်။

စိတ်ထဲမှာ တစ်မျိုးကြီး အီလည်လည်ကြီး ခံစားနေရပြီး မျက်စိရှေ့ တွေ့ရာမြင်ရာကို ဆွဲထိုးချင်တော့သလို၊ အော်ဟစ်ပြီးတော့လည်း ငိုလိုက်ချင်တော့သလို ကျွန်တော့် စိတ်ထဲမှာ ဘာကိုမှန်းမသိ အလိုမကျ ဖြစ်နေသည်။ ဒေါသထွက်နေသည်။

အိမ်ပြန်ရောက်တော့ ကျွန်တော်က မေမေ့ရှေ့မှာ ကမူးရှူးထိုး သွားရပ်မိသည်။

"ဟဲ့ ... ဘာဖြစ်လာတာလဲ၊ ကမူးရှူးထိုးနဲ့၊ ကြည့်စမ်း၊ ကလေးမဟုတ် သူငယ်မဟုတ် ရေခဲမုန့်ဝယ်စားတော့ အင်္ကျီတွလည်း ပေရေနေတာပဲ၊ သွား ... သွား ရေအမြန် သွားချိုးတော့"



"မေမေ ... ဟိုဘက်ခြံက မမကို သားအကြောင်း ဘာတွေ သွားပြောသလဲ ..."

"ဩော် ... ဒီလိုပဲ စကားစပ်မိရင်း ကုန်ဈေးနှုန်းအကြောင်း၊ သားအကြောင်း၊ ကိုယ့်ယောကျ်ားအကြောင်း ပြောဖြစ်တာပေါ့"

"သားအကြောင်း ဘာသွားပြောသလဲပဲ ပြောပါ မေမေ"

"ပြောတာတွေကတော့ အများကြီးပဲပေါ့ဟဲ့၊ နင် ငယ်ငယ်က ကစားမက်တာ၊ အစားမက်တာ၊ အခုလည်း အအိပ်မက်တာ၊ ပြီးတော့ သား တော်တော်ကြီးတဲ့အထိ အိပ်ရာထဲ ရှူးရှူးပေါက်တတ်တာ၊ ခုချိန်ထိ မျက်ချေးစက်လက်နဲ့ မျက်နှာမသစ်သေးဘဲ အစားစားချင်တာ"

"တော်ပါတော့ မေမေရဲ့၊ သား ရှက်လို့ပါ"

ကျွန်တော်က ငိုသံပါဖြင့် အော်လိုက်ရင်း လဲသေချင်လောက်အောင် ရှက်သွားလေသည်။

"ဟဲ့ ... မရှက်ပါနဲ့၊ သူက နင့်အဒေါ်အရွယ်လောက်ရှိတဲ့ ဥစ္စာ ...၊ ကလေးမို့ ဒီလိုအကျင့်ရှိတာ သူ နားလည်ပါတယ်၊ နင့်ကို မကဲ့ရဲ့ပါဘူး အံ့ဩယ်ရယ်"

"မေမေပဲ ခုနပြောတော့ ကလေးမဟုတ် သူငယ်မဟုတ် ရေခဲမုန့် စားတယ်ဆို၊ အခုတော့ ကလေးဖြစ်သွားပြန်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"အော် ... ဒီကလေးဟာ ဘာဖြစ်နေမှန်းကို မသိပါဘူး၊ ခက်တော့တာပါပဲ"

မေမေက ညည်းညူနေဆဲ ကျွန်တော် မေမေ့ရှေ့က လှည့်ထွက်လာခဲ့မိပါသည်။ ကျွန်တော့် မျက်နှာကို ဓားနဲ့လှီးပစ်ချင်နေသည်။ မေမေ့ကိုလည်း မကျေနပ်၊ မမကိုလည်း မကျေနပ်။ ကျွန်တော် ... မျက်စိရှေ့တွေ့သည့် ခဲလုံးကို ပစ်ကန်လိုက်မိလေသည်။

# ( ၂ )

ဘာကိုမှန်းမသိ ဒေါသတွေထွက်နေသော ကျွန်တော်သည် အိမ်နောက်ဘက်မှ ပြန်လစ်လာကာ သူငယ်ချင်းတွေဆီ ထွက်လာခဲ့သည်။ လက်သီးကိုလည်း ကျစ်ကျစ်ပါအောင် ဆုပ်ထားကာ တွေ့ရာ မြင်ရာကို ထိုးပစ်ချင်နေသည်။

ကျွန်တော် သူငယ်ချင်းတွေဆီ ရောက်တော့ အနားက လက်ဖဲ့ထိုးသည့် အိတ်ကြီးကို ဘုန်းခနဲ ပစ်ထိုးလိုက်သည်။

"ဟေ့ကောင် ... ဘာဖြစ်လာတာလဲ"

"မမ ပေါ့ကွာ"

"မင်း ပြောပြောနေတဲ့ မမလား၊ ဘာဖြစ်လို့လဲ ပြောပါဦး"

"ငါ့ကို ကလေးလို သဘောထားပြီး ဆုံးမစကားတွေ ပြော သွားတယ်ကွာ၊ ရေလည် ငုပ်တယ် ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် စကားကြောင့် သက်မင်း၊ စည်သူနဲ့ ဝဏ္ဏက ခေါင်းထောင်ထလာကာ ...

"အေး ... အဲဒါတော့ လုံးဝမမိုက်ဘူး ဟောကောင်ရေ ... ငါတို့တွေလည်း အဲ့ဒီ ပြဿနာကိုပဲ ရင်ဆိုင်နေရတာ ဟိုကောင် သက်မင်းလည်း အဲဒီနည်းနဲ့ကွဲလာတာ မကြာ သေးဘူး"

"မင်းပဲ စဉ်းစားကြည့်ကွာ၊ ငါတို့အရွယ်မှာ ကြိုက်စရာ လို့ မမတွေပဲ ရှိတဲ့ ဥစ္စာ ...၊ ရွယ်တူတွေကြည့်တော့လည်း မင်းတို့အိမ်နားက သုသုလိုပဲ၊ နှပ်ချေး မစင်လေးတွေ မမတွေ ကြိုက်ပြန်တော့လည်း သူတို့က ကိုယ့်ကို သူငယ် နှပ်စားလို သဘောထားပြီး ပြန်ဆုံးမသွားကြတာတွေ ချည်းပဲ"

သက်မင်းက မျက်နှာရှုံ့မဲ့နေကာ ...

"မင်းနဲ့ ငါနဲ့ ဘဝတူတွေပါ အဲ့ဘွယ်ရာ၊ စိတ်ဓာတ်မကျ ပါနဲ့၊ ငါလည်း ဒီနေ့ မမ တစ်ယောက်ကို ရည်းစား သွားပေးတာ၊ ငါ့မမက ဒီအရွယ်မှာ ဒါမျိုးကတွေ မစဉ်းစား နဲ့တဲ့၊ မိဘတွေသိရင် ရင်ကျိုးလိမ့်မယ်တဲ့၊ သွား ... စာပြ ကျက်တော့ဆိုလို့ ငါ့မှာ အီလည်လည်ကြီး ဖြစ်ပြီး ပြန်လာ ရတယ်"



ကျွန်တော်တို့တွေ မကျေနပ်ချက်တွေကို ဖလှယ်ရင်း စိတ်ထဲ နည်းနည်းဖြေသာလာသည်။

"လာပါကွာ ... ငေါင်မနေနဲ့၊ ထားလိုက်စမ်းပါ၊ အေးဆေး ပါ ... ဝဏ္ဏတို့ခြံထဲမှာ ဘတ်စကတ်ဘော သွားကစားမယ် ကွာ"

စည်သူတို့က ကျွန်တော့်ကို ဝိုင်းဆွဲခေါ်လာကြသည်။ ဝဏ္ဏတို့ခြံထဲရောက်တော့ ကျွန်တော်တို့ ဘတ်စကတ်ဘော ကစား ကြသည်။ တစ်ယောက်နဲ့ တစ်ယောက် လုယက်တွန်းတိုက် ကစားကြရင်း ကျွန်တော် မမကို မေ့သွားသည်။ ကစားနေရင်း သက်မင်းက ဗြုန်းခနဲ ရပ်ပစ်လိုက်တာမို့ ကျွန်တော်တို့ ဝိုင်းအော် ကြသည်။

"ဟေ့ကောင် ... ဘာလုပ်တာလဲကွ"

"ဟိုး ... ဟိုး ခဏနေကြပါဦးကွ၊ ငါ ဒဿနတစ်ခုရသွား လို့ ..."

"အံမယ် ... ကြီးကြီးကျယ်ကျယ်"

သက်မင်းက သူ့လက်ထဲ ရောက်နေသော ဘောလုံး ကို စေ့စေ့ကြည့်ရင်း ...

"တကယ်တော့ မမတွေကို ငါတို့ကြိုက်ရတာ ဘတ်စကတ် ဘော ကစားရသလိုပဲကွ၊ ကိုယ်နဲ့လည်းမနီးစပ်တဲ့ အဝေး

www.burmeseclassic.com

www.burmeseclassic.com



ကြီး အမြင့်ကြီးက ခြင်းထဲကို မရောက်ရောက်အောင် ထည့်ရတာ၊ လွယ်လွယ်ကူကူ ဝင်ဖို့ မလွယ်ဘူး၊ ပင်ပန်းတယ်ကွာ၊ နောက်ဆို ဘောလုံးပဲ ကန်တော့မယ် ...၊

"ဘောလုံးကမှ ပြေးရ လွှားရတာ ပင်ပန်းပေမယ့် နီးစပ်သေးတယ်၊ ကိုယ်လည်း မြေကြီးပေါ် ပြေးနေတာပဲ၊ ဘောလုံးကလည်း မြေကြီးပေါ် လိမ့်နေတာပဲ၊ ဂိုးတိုင်ကလည်း မြေကြီးပေါ် ထောင်ထားတာပဲ၊ နောက်ဆို ကိုယ်နဲ့ ရွယ်တူတန်းတူ နီးနီးနားနား အတန်းထဲက ကောင်ကလေးတွေပဲ ကြိုက်တော့မယ်ကွာ"

"ဘောလုံး ကန်မယ်ပေါ့"

"အေးပေါ့"

"မင့် ကောင်မလေးတွေကဖြင့် နှပ်ချေးမစင်သေးဘဲနဲ့"

"ခုမစင်သေးလည်း တစ်နေ့ စင်လာမှာပေါ့၊ စင်တဲ့နေ့အထိ စောင့်မယ်ကွာ"

"အေး ... ခုနေ ကြိုက်ရင်တော့ မင်း နှပ်ချေးပဲ စောင့်ညှစ်နေရမှာ"

"ခွေးကောင် ... ဝက္က"

ကျွန်တော်တို့အားလုံး အော်ဟစ်ရယ်ရင်း ပေါ့ပါးလန်းဆန်းလာသည်။



အဲ့ဒီညနေ သူငယ်ချင်းတွေဆီက ပြန်လာတော့ မောပန်းလာကာ မောမောနှင့် ထိုးအိပ်သွားတာမို့ အိပ်မပျော်သော ညတွေ ဘာတွေတောင် မဖြတ်သန်းလိုက်ရဘဲ မိုးလင်းမှ တရေးနိုးသွားသည်။

နောက်နေ့တွေမှာတော့ ကျွန်တော် မမကို မချောင်းတော့။ မမနဲ့ မျက်နှာချင်းမဆိုင်မိအောင်လည်း သတိထားပြီး ရှောင်ကွင်းနေလိုက်သည်။ ကိုယ့်ကိုကိုယ် ပြန်တွေးကာ ရှက်မိနေသည်။

သိပ်မကြာခင်မှာ မမက သူ့ချစ်သူနှင့် မင်္ဂလာဆောင်သွားသည်။ မင်္ဂလာဆောင်ကို မေမေ သွားတာတော့ ကျွန်တော် သိလိုက်သည်။

နောက် လပေါင်း အတော်ကြာသော တစ်နေ့ ကျွန်တော်တို့ သူငယ်ချင်းအုပ်စုတွေ ကျူရှင်မှ လမ်းလျှောက်ပြန်လာကြသည်။ သက်မင်းက ရုတ်တရက် ထ,အော်လိုက်သည်။

"ဟာ ... ဟိုမှာ ဘတ်စ်ကတ်ဘော၊ ဟေ့ကောင် ... အဲ့ဒွယ် ဟိုမှာ မင်းရဲ့ ဘတ်စကတ်ဘောကြီး"

သက်မင်း လက်ညှိုးထိုးပြရာသို့ ကျွန်တော် ချာခနဲ လှည့်ကြည့်လိုက်တော့ တစ်ချိန်က ကျွန်တော့် မမကို တွေ့ရသည်။ သို့သော် အခု မမက အရင်က မမနှင့်မတူ တစ်မူထူးခြားလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ ဟဲ ... ခုမှ တကယ့် ဘတ်စကက်ဘောလုံးကြီးနဲ့ တူ သွားတာကွ"

သက်မင်းတို့က ကျိတ်ဟားနေကြသည်။ ကျွန်တော့်မှာတော့ ဗိုက်ဖုံးအင်္ကျီ လှလှလေး ဝတ်ထားသည့် မမကို လှမ်းကြည့်ရင်း စိတ်ထဲ ရှက်သလိုကြီး ဖြစ်ကာ မျက်နှာတပြင်လုံး ထူပူရှိန်းဖိန်းလာသည်။ ကိုယ် မရိုးမသား စိတ်ကူးယဉ်ခဲ့မိတဲ့ မိန်းကလေးတစ်ယောက်ကို တစ်နေ့မှာ ဗိုက်ပူကြီးနဲ့ ပြန်တွေ့ရတဲ့ အခါ ခင်ဗျားတို့ရော ဘယ်လိုခံစားရမလဲ။ အဲဒါ ... လက်တွေ့ကြုံမှ သိမည်ပင်။ ကျွန်တော်နဲ့လည်း ဘာမှမဆိုင်တဲ့ သူ့ဗိုက်ကို ကျွန်တော့်မှာ ရဲရဲ မကြည့်ဝံ့ဘဲ ရှက်နေသည်။

ကျွန်တော့် မမကို မရဲတရဲ တစ်ချက်ကြည့်လိုက်ပြီး မသိချင်ယောင်ဆောင်သွားဖို့ စိတ်ကူးလိုက်သည်။ သို့သော် ကျွန်တော့် အကြံမအောင် ...။ မမက ကျွန်တော့်ကို မြင်သွားကာ

"အံ့ဘွယ်ပါလား၊ ဘယ်ကပြန်လာလဲ"

"ဟို ... ကျုံရှင်က ..."

"ကျုံရှင် မှန်မှန်တက်နေတယ်ပေါ့၊ လပတ်စာမေးပွဲတွေ ရော အောင်ရဲ့လား"

"အောင်ပါတယ်"



"ကြိုးစား ... ကြိုးစား၊ အံ့ဘွယ် မေမေနဲ့တောင် မတွေ့တာကြာပြီ၊ တို့လည်း ကိုယ်ဝန်လရင့်လာတော့ နားနားနေနေ နေရတယ်၊ ဈေးတွေ ဘာတွေ မသွားဖြစ်တော့ အံ့ဘွယ် မေမေနဲ့ အရင်လို ပုံမှန်မတွေ့ဖြစ်တော့ဘူး၊ အိမ်ချင်းကပ်ရက်ဆိုတော့ တစ်ခါတစ်ခါ လှမ်းတော့မြင်နေရပါတယ်၊ အံ့ဘွယ်တို့ အိမ်ဘက်တော့ ကူးမလာဖြစ်ဘူး၊ မအားတာနဲ့လေ ..."

"ဟိုလေ ... ဘယ်သွားမလို့လဲ မသိဘူး"

"လမ်းလျှောက်ထွက်ရင်း အမျိုးသား ပြန်အလာကို လမ်းထိပ်မှာ သွားကြိုမလို့လေ ..."

"ဟိုဟာ ... ဟိုဟာ ... မွေး ... မွေးခါနီးပြီလားဟင်"

ကျွန်တော်က မမ ဗိုက်ကို မရဲတရဲ လက်ညှိုးထိုးရင်း မေးမိသည်။ မမက အားပါးတရ ပြုံးရယ်ရင်း ...

"မွေးတော့မှာ ... မွေးတော့မှာ၊ ဂျူးဒိတ်က ရှေ့လထဲပဲ၊ သားသားလေး မွေးမှာလေ၊ အံ့ဘွယ်လည်း ညီနွလေးကို ကူထိန်းပေးရမယ်နော်"

"ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မမက ပြုံးပြုံးရွှင်ရွှင် ပြောရင်း လမ်းဆက်လျှောက်သွားသည်။ မမ နည်းနည်းဝေးသွားတော့ သက်မင်းတို့ ဝဏ္ဏတို့က

www.burmeseclassic.com

www.burmeseclassic.com



အီလည်လည်ဖြစ်နေသော ကျွန်တော့်မျက်နှာကို လက်ညှိုးထိုးကာ တဝါးဝါး တဟားဟား ရယ်ချလိုက်ကြသည်။

"သားသားလေး မွေးမှာလေ၊ အဲ့ဒွယ်လည်း ညီလေးကို ကူထိန်းပေးရမယ်နော် ... သိလား"

စည်သူက ဗိုက်ကြီးသည် အိုက်တင်ဖြင့် သူ့ဗိုက်သူ ပွတ်ကာ ဟာသလုပ်ပြနေသည်။

အဲ့ဒီနောက် သိပ်မကြာခင် မမ ကလေးမွေးသည်ဟု သိရသည်။

ခုတော့ ကျွန်တော်လည်း ခြံချင်းကပ်ရက် မမရဲ့ ကလေးလေးကို ရုံဖန်ရံခါဆိုသလို ချီပိုးထိန်းကျောင်းရင်း ကလေးနှင့်အတူ စိန်ပြေးတမ်း ကစားရင်း အရင်က အကြောင်းတွေကို မေ့နေလေပြီ ...။

အဲ့ဒါ ကျွန်တော် ကစားဖူးတဲ့ ဘတ်စကတ်ဘော အကြောင်း ဖြစ်ပါသည်။

♥ ♥ ♥



ကျွန်တော်နှင့် အချစ်ဦး

(သို့မဟုတ်)

ဘောလုံးကစားခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ( ၃ )

●●●

ခုတော့ ကျွန်တော်တို့တွေ လူပျိုဖားဖားကြီး ဖြစ်ကြလေပြီ။ အဲဒါထက် ပိုပြီး ဝမ်းသာစရာကောင်းတဲ့ ကိစ္စက ကျွန်တော်တို့ ဝန်းကျင်က ရွယ်တူ ကောင်မလေးတွေ လှလားမြောက်၊ နုပ်ချေးစင်လာကြခြင်း ဖြစ်သည်။

ခုတော့ ကျွန်တော်တို့ ဘတ်စ်ကတ်ဘော ကစားစရာ မလိုတော့၊ ဘောလုံးပဲ ကန်ဖို့ စိတ်ကူးနေကြသည်။

အရှင်မွေးလို့ နေချင်းကြီး ဆိုတဲ့ စကားပုံနဲ့ဆိုင်သလား မဆိုင်သလားတော့ မသိ။ ဒီနှစ် ကျောင်းစတက်ချိန်မှာ ထူးခြားပြောင်းလဲ လှပလာသော ကောင်မလေးတွေကို သတိပြုမိလာသည်။ ပိန်တာရိုး ကောင်မလေးတွေလည်း သိသိသာသာ ပြည့်ဖြိုး ကြည့်ကောင်းလာသည်။ အရင်ကဆို အနားကပ်လျှင်

www.burmeseclassic.com

www.burmeseclassic.com



ချွေးစော်နံ့သည့် ကောင်မလေးတွနား အခုကပ်သွားတော့ ရေမွှေးနံ့၊ သနပ်ခါးနံ့လေးတွေ သင်းနေသည်။ အံမယ် … ရယ်တာ၊ လမ်းလျှောက်တာက စလို့ အရင်လို မဟုတ်တော့ဘူးဗျာ၊ ရယ်ရင်လည်း သွားကြီး တအားမဖြီးဘဲ ရှက်ပြုံးကလေးနှင့်၊ လမ်းလျှောက်လျှင်လည်း ပြေးလွှားခုန်ပေါက် မနေတော့ဘဲ ဆင်မယဉ်သာ တစ်လှမ်းချင်း။

ဝဏ္ဏက ဝမ်းမြောက်ဝမ်းသာ ပြောသည်မှာ …

"ကျောင်းတက်ရတာ အရင်ကထက်ပိုပြီး ပျော်စရာကောင်းလာသလိုပဲကွာ …"

"အဲ့ဒီတော့ မင်းက ဘာလုပ်ချင်လဲ"

"ရာသီဥတု သာယာရင် ဘောလုံးကန်မယ်ကွာ … ဟဲဟဲ"

ကျွန်တော်တို့ အားလုံး သူ့စကားကို အဓိပ္ပာယ်ပေါက်ကာ ပြုံးစေ့စေ့ဖြစ်သွားသည်။

ကျွန်တော်တို့ အုပ်စုထဲမှာ အဲဒီလို ကိစ္စမျိုးကို ဝါသနာထုံသူက ဝဏ္ဏဖြစ်သည်။ သူ့မှာ မိန်းကလေး လှလှမြင်ရင် စိတ်ဝင်စားတတ်သော၊ ရည်းစားစာ ပေးချင်တတ်သော ရောဂါရှိသည်။ သို့သော် ရည်းစားစာကျတော့ မရေးတတ်တာမို့ တစ်နေ့တော့ ပြဿနာတက်လေသည်။

အဲ့ဒီနေ့က ကျွန်တော်တို့ အတန်းထဲက ကလျာဆွေ



က ဝဏ္ဏရှေ့သို့ ဒေါသတကြီးရောက်လာကာ ပန်းနုရောင် စာရွက်ကလေးကို လုံးချေပြီး ဝဏ္ဏမျက်နှာကို ပစ်ပေါက်လိုက်ရင်း …

"နင် တော်တော် ရိုင်းပါလားဟင် ဝဏ္ဏ …"

"ဟင် … ငါ ဘာရိုင်းလို့လဲ"

"နင့်အပြစ် နင်မသိဘူးလား၊ နင် စာထဲမှာ ငါ့ကို လှောင်ပြောင်သရော်ထားတာလေ၊ ယောကျ်ားကောင်းဆိုတာ သူများအားနည်းချက်ကို မလှောင်ရဘူးဟဲ့ …"

"ဟင် … ဘယ်မှာလှောင်လို့လဲ …၊ အဲ့ဒါ ရည်းစားစာလေ၊ နင် သေသေချာချာ မဖတ်ဘူးလား"

"ဖတ်လို့ နင့်ကို ရန်လာတွေ့နေတာပေါ့ ကောင်စုတ်ရဲ့၊ နင့်ကို ဆရာမနဲ့ကို တိုင်မယ်"

ကလျာဆွေက ဒေါသတကြီး ကြိမ်းမောင်းသွားသည်။ ဝဏ္ဏက အူလည်လည်ကျန်ရစ်သည်။ ကျွန်တော်တို့က မွဲကြည့်ပရိသတ်။ အဲ့ဒီ ကလျာဆွေက မျက်နှာကလေး ချစ်စရာကောင်းပေမယ့် တော်တော်လေး အရုပ်ပုကာ တရုတ်စပ်မို့ မျက်လုံးလေးလည်း မှေးလှသည်။ ရယ်လိုက်ရင် အဲ့ဒီ မျက်စိပေါက်က ပျောက်သွားကာ အရာကလေးပဲ ကျန်သည်။ ဒါကိုပဲ ဝဏ္ဏက ချစ်စရာကောင်းတယ်ရယ်လို့ မျက်စိကျခဲ့သည်။ သူ့ မျက်စိကျတာဆွေက တော်တော်တော့ များပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လုပ်ကြပါဦးကွာ … ရုတ်တရက်ကြီး ရာသီဥတု ပြောင်းသွားတာကွ …၊ ကလျာက ငါ့ကို မျက်နှာသာပေးပါတယ်ကွာ၊ ငါ မိုက်ဆာရင် သူ့ထမင်းဘူးတောင် ကျွေးတာကွ၊ ငါ စာကို သူ့လွယ်အိတ်ထဲ ထည့်လိုက်တုန်းကလည်း သူ သိသိကြီးနဲ့ မသိချင်ယောင်ဆောင်ပြီး အသာတကြည် ယူသွားတာ၊ ခုမှ ဘာဖြစ်သွားတာလဲ မသိဘူး"

"မင်းက စာမှားပေးလိုက်သလားမှ မသိတာ"

"အေးလေ … ဒီကောင်က 'ခင်' တို့၊ 'မေ' တို့၊ 'ချစ်' တို့၊ 'အသည်းလေး'၊ 'ဟန်နီ'၊ 'ညီမလေး'၊ 'မမ' ဆိုတဲ့ ခေါင်းစဉ်အမျိုးမျိုး တပ်ပြီး ရည်းစားစာတွေ အဆင့်သင့် ရေးပြီး သူ့လွယ်အိတ်ထဲ ထည့်ထားတာ၊ ကြုံရင် ကြုံသလို အဆင်ပြေမယ့် ကောင်မလေးကို အဆင်ပြေသလို ပေးနေတာ မဟုတ်လား"

"ဟိုတလောက မင်း ပြောနေတာ ချစ်စုကို သဘောကျတယ်ဆို၊ ချစ်စုပေးမယ့် စာကို ကလျာဆွေ့ မှားပေးလိုက်သလားမှ မသိတာ …"

"ဟာ … မဟုတ်ပါဘူးကွာ၊ ချစ်သော ကလျာဆွေ ဆိုပြီး သူ့အတွက် သီးသန့် တကူးတက ရေးလိုက်တဲ့ စာပါ"

"အေးလေ … ကြည့်ကြသေးတာပေါ့"



သက်မင်းက လွင့်ကျနေသော စာကို သွားကောက်ယူကာ သေသေချာချာ ဖြန့်ပြီး ဖတ်လိုက်သည်။

သို့ …

**ချစ်သော ကလျာဆွေ …**

**မင်းဟာ ကိုယ့် အဖြူ မော့ကြည့်နေရမယ့် အလှပန်းလေး တစ်ပွင့်ပါကွယ် …**

**မင်းရဲ့ နွမ်းလှဲ့တဲ့ သမင်မ မျက်လုံးလေးတွေနဲ့ ဆုံရတိုင်း တို့ ရင်ခုန်မောရပါတယ် … ။**

"ဟာ … ဒီကောင်ကွာ၊ အူကြောင်ကျား၊ ရန်တွေ့ခံရတာ တောင် နည်းသေးတယ်"

"ဘာဖြစ်လို့လဲ၊ ဘာမှားလို့လဲ"

"ကလျာဆွေ အရပ်က ပုပုလေးကွာ၊ အဲဒါကို မင်းလို မိုးထိုးနေတဲ့ အရပ်ကြီးနဲ့ လူက မော့ကြည့်နေရပါတယ် ဆိုတော့ အရပ်ပုတာကို လှောင်တာနဲ့ မတူဘူးလား"

"ဒါကတော့ တင်စားတာပဲကွာ၊ အလှပန်းပွင့်ကလေးကို မော့ကြည့်နေရပါတယ် ပြောတာပဲ၊ သူ့အရပ်ကို မော့ကြည့်ရပါတယ် ပြောတာမှ မဟုတ်တာ"

"ဘာမှ မထူးဘူးလေ၊ အလှပန်းပွင့်ဆိုတာလည်း သူ့ကို တင်စားထားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကဗျာဉာဏ်လေကွာ ... ကဗျာဉာဏ်နဲ့ ကဗျာဆန်ဆန် တင်စားထားတာပဲ ဥစ္စာ၊ သူ့ကိုက ဒုံးဝေးနေတာ"

"ကဗျာတွေ ဘာတွေ လာပြောမနေနဲ့ ဝဏ္ဏ၊ ကလျာဆွေက တရုတ်မ၊ စာတွေ ကဗျာတွေ ဝါသနာမပါဘူး၊ စီးပွားရေးပဲ ဝါသနာပါတာ၊ သူ့အဖေ ကုန်စုံဆိုင်က ပစ္စည်းတွေ ကျောင်းယူလာပြီး တစ်လဆိုင်း ရောင်းနေတာ မမြင်ဘူးလား"

"ဒီလိုလည်း မဟုတ်ပါဘူးကွာ၊ သူ့ထမင်းဘူးတောင် ငါ ခွဲကျွေးသေးတာ၊ သူ့နှလုံးသားက နူးညံ့ပါတယ်ကွ"

"မင်း ဘာသိလို့လဲ၊ အဲဒီနေ့က မင်းကို သိပ်စေတနာ လို့ ကျွေးတယ်မထင်နဲ့၊ မုန့်ဈေးတန်းမှာ သူပြောနေတာ ငါတို့ ကြားလိုက်တယ်၊ ဒီနေ့ ဟင်းမကြိုက်လို့သ ခေါက်ဆွဲကြော် ဝယ်စားရတာတဲ့၊ ထမင်းဘူး အလဟ သွန်ပစ်ရမှာတော့ နမြောသားတဲ့၊ တစ်ယောက်ယောက် ကျွေးလိုက်ရင် ထမင်းဘူး ဆေးရတာလည်း သက်သာမ ကျေးဇူးတင်လည်း ခံရမယ်တဲ့"

"ဟုတ်လို့လားကွာ ..."

"ငါတို့က ဘာလို့ ညာရမှာလဲ"



"ဒီမှာကြည့်စမ်း ... ရေးထားသေးတယ်၊ ကလျာဆွေ့ မျက်လုံး မှေးမှေး ပွေးမျက်စိကလေးကိုများ သမင်မ မျက်လုံးတဲ့ ဟား ... ဟား ...၊ အဲဒါ သူ့ကို လှော်င်တာနဲ့ အတူတူပဲပေါ့ကွ၊ သွားပြီ ... ကလျာဆွေတော့ မင်းကို နာကြည်းသွားလောက်ပြီ ..."

"နာကြည်းလည်း အေးတာပဲကွာ၊ ငါ့ကို ထမင်းဘူး ဆေး နိုင်းချင်လို့ သူ မကြိုက်တဲ့ဟင်း ကျွေးထားတာ၊ စိတ်နာ တယ်"

"ဒီမှာ ... ဝဏ္ဏ၊ ခုကစပြီး သေသေချာချာ မှတ်၊ နောက်ကို ရည်းစားစာရေးရင် အရမ်းမရေးနဲ့၊ ဆင်ခြင်တုံတရားနဲ့ အရိပ်အကဲ ကြည့်ရေး ...၊ ရုပ်သိပ်မလှတဲ့သူကို အရမ်းကြီး လှပါတယ်၊ ချောပါတယ်၊ တင်စားပြီး ရေးနေရင် ယုတ္တိ မရှိဘူး"

"မိန်းကလေးတွေက အမြှောက်ကြိုက်တယ်ဆိုလို့ မြှောက် ပင့်ပြီး ရေးမိတာကွ ..."

"မြှောက်ပေမယ့် မြှောက်မှန်းမသိအောင် ယုတ္တိရှိရှိ မြှောက် ရတယ်ကွ၊ ပွေးမျက်စိကို သမင်မျက်လုံးလို့ ဘာလိုင်းကြီး မြှောက်ရင် မင်းပဲ အကောခံရမှာပေါ့၊ မှတ်ထား ... သူတို့ အားနည်းချက်ကို မသိချင်ယောင်ဆောင်ပြီး သူတို့ အား

www.burmeseclassic.com

www.burmeseclassic.com



သာချက်ကိုပဲ တစ်ဆိတ်ကို တစ်အိတ်လုပ် ဂုဏ်တင်ချီးမွမ်း ပြရတယ် ..."

"အေးကွာ ... မှတ်ထားပါ့မယ်၊ ကလျာဆွေ ကိစ္စကတော့ သင်ခန်းစာပေါ့"

ကျွန်တော်တို့ အုပ်စုက ဝိုင်းပြီး လက်ချာရိုက်နေကြတာမို့ ဝဏ္ဏက ခေါင်းတညိတ်ညိတ်နှင့် သင်ခန်းစာတွေ ရနေသည်။ စည်သူက ကျွန်တော့်ကို တစ်ချက်စွေကြည့်လိုက်ရင်း ဝဏ္ဏကို ပြောသည်မှာ ...

"ဝဏ္ဏ ... မင်း စာတွေ ကဗျာတွေ မရေးတတ်ရင် အံ့ဘွယ်ကို အကူအညီတောင်း၊ ဒီကောင်က ကဗျာစပ်တာ တော်တယ်၊ ကဗျာစာအုပ်တွေလည်း ဖတ်ဖတ်နေတာတွေ့တယ်၊ ရိုးရိုးစာထက် ကဗျာက ကောင်မလေးတွေ ရင်ကို ပိုပြီး ငြိစေတာကွ"

ဝဏ္ဏ မျက်လုံးတွေ အရောင်တောက်လာကာ ...

"ဟုတ်လား ... ဟေ့ကောင်"

"ဒီလောက်ကြီးလည်း မဟုတ်ပါဘူးကွာ၊ နည်းနည်းပါ"

"နည်းနည်းလည်း ဘာဖြစ်လဲ၊ ငါ့လို နလပိန်းတုံးထက်စာရင် တော်သေးတာပဲ၊ အတော်ပဲ ... မင်းကို အကူအညီတောင်းရမယ်၊ မင်းတို့ သိတယ်မဟုတ်လား၊ ယမင်း



သက်လျာလေ၊ ငါနဲ့ အဆင်ပြေနေတယ်ကွာ ... ၊ အဲ့ဒါ ဟိုနေ့ကမှ ငါနဲ့ ကလျာဆွေ စကားပြောရင်း ရယ်နေတာကို မြင်ပြီး သူ့ကိုမေ့လိုက်ပါတော့လို့ ပြောပြီး ရှောင်နေတယ်"

"ဧယားကို ရှုပ်နေတာလဲ"

"အဲ့ဒါ ... ငါ ဘယ်လိုပြန်ချော့ရမှန်း မသိဘူး ဖြစ်နေတာ၊ ခုမှ အကြံရတယ် ... ကဗျာလေး တစ်ပုဒ် ရေးပေးပြီး ချော့လိုက်ရင် ကောင်မယ်ထင်တယ်၊ ကဗျာတစ်ပုဒ် စပ်ပေးကွာ ... အံ့ဘွယ်ရာ၊ မင်း စားချင်တာ ဝယ်ကျွေးပါ့မယ်"

ဝဏ္ဏက ချော့မော့ခိုင်းနေရာ ကျွန်တော်ကလည်း လက်စွမ်းပြချင်သူမို့ ကဗျာတစ်ပုဒ် အမြန်ဆုံး ရေးပေးလိုက်သည်။

***ပိန်းရွက်ရေစို***
***တမာချို***
***ကမ္ဘာပြိုမှ တို့မေ့မယ် ... ။***

ဝဏ္ဏက အသံထွက်အောင် ရွတ်ဖတ်လိုက်ရင်း ...

"ဘာလဲကွ ... အဓိပ္ပာယ်က ... "

"မဝေးနဲ့လေကွာ ... ပိန်းရွက်ကို ရေစိုသလား မစိုဘူးလား ပြော"

www.burmeseclassic.com

www.burmeseclassic.com



"မစိုဘူး ..."

"တမာက ချိုသလား၊ ခါးသလား"

"ခါးတယ်"

"ကမ္ဘာက ပြိုနိုင်သလား၊ မပြိုနိုင်ဘူးလား"

"မပြိုနိုင်ဘူး ..."

"အဲဒါ ရှင်းနေတာပဲလေ၊ ပိန်းရွက်ကို ရေစိုမှ၊ တမာတွေ ချိုမှ၊ ကမ္ဘာပြိုမှ မေ့မယ်ဆိုတာ ဘယ်တော့မှ မမေ့ဘူးဆိုတဲ့ သဘောပဲ ..."

"ဟာ ... မိုက်တယ်ကွာ၊ ကြိုက်တယ်"

"မင်း ... ဒီလိုလုပ်ပါလား ဝဏ္ဏ၊ အဲ့ဒီ ကဗျာကို ရေးပေးမနေနဲ့တော့၊ ပါးစပ်ကသာ ရွတ်ပြလိုက်၊ တစ်ခါတည်း ကြွေသွားမယ်"

"အိုကေ ... ကောင်းတယ်၊ ခုချက်ချင်း သွားရွတ်ပြလိုက်မယ်"

ဝဏ္ဏက ချက်ချင်း တက်ကြွလာကာ ပါးစပ်က တတွတ်တွတ်ရွတ်ရင်း ကျွန်တော်တို့ ရှေ့က ထွက်ခွာဖို့ ခြေလှမ်း ပြင်လိုက်သည်။

"ပန်းရွက်ရေစို၊ တမာချို၊ ကမ္ဘာပြိုမှ တို့မေ့မယ်၊ ကမ္ဘာ ... ပြိုမှ ... ပြိုမှ ..."



"ဝဏ္ဏ ..."

"အမလေးဗျ ... ကမ္ဘာပြိုပြီဗျ ..."

ဝဏ္ဏသည် ကြိမ်လုံးကိုင်ထားသော ဆရာမရှေ့မှာ လတ်တလော ကမ္ဘာပြိုသွားလေသည်။ ဆရာမက ဝဏ္ဏကို နားရွက်ဆွဲကာ အတန်းရှေ့သို့ ဆွဲခေါ်သွားသည်။

"မင်းတို့ ဒီအရွယ်လေးတွေနဲ့ ဒီကိစ္စ စိတ်မဝင်စားဖို့ ဆရာမ ဆုံးမသလား မဆုံးမဘူးလား ပြောစမ်း ဝဏ္ဏ ..."

"ဆုံး ... ဆုံးမပါတယ် ဆရာမ ..."

"ဆုံးမရက်နေတဲ့ကြားက မင်း ဆရာမ စကား နားမထောင်ဘဲ ကလျာဆွေကို စာသွားပေးတယ် မဟုတ်လား"

ကျွန်တော်တို့ ဆရာမ အပျိုကြီး ဒေါ်မြသောင်းက ကြိမ်လုံးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း မေးနေသည်။ အပျိုကြီး လက်သံကို ဝဏ္ဏလည်း သိတာမို့ ဒူးတုန်နေပါသည်။ ဆရာမက ဝဏ္ဏကို မျက်မှန်ပေါ်မှကျော်ကာ စူးစူးရဲရဲကြည့်နေရင်း မေးခွန်း ဆက်ထုတ်ပါသည်။

"ကဲ ... ဟုတ်ရင် မှန်မှန်ပြောစမ်း၊ ကလျာဆွေကို ဘာဖြစ်လို့ စာသွားပေးတာလဲ၊ စာပေးရတဲ့ ရည်ရွယ်ချက်က ဘာလဲ ပြော ..."

ဝဏ္ဏက မျက်နှာကြီး ရဲလာကာ ခေါင်းငုံ့ထားသည်။ ဆရာမက ဝဏ္ဏရှေ့က ခုံကို ကြိမ်လုံးဖြင့် ဖြန်းခနဲရိုက်ချလိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"အဲ... ပြောလေ ..."

"ဟို... သဘော ... သဘောကျလို့ပါ ဆရာမ"

"ဒါတင်ပဲလား"

"ချစ် ... ချစ်လို့ပါ ဆရာမ"

"ဘာဖြစ်လို့ ချစ်တာလဲ"

"ချစ်စရာကောင်းလို့ပါ"

"ချစ်တယ်ဆိုတာ ဘာလဲ ..."

"ခင်ဗျာ ..."

"ချစ်တယ်ဆိုတာ ဘာလဲလို့ မေးနေတာ ..."

"ဆရာမ မသိလို့လား ခင်ဗျ ..."

"တယ် ... ဒီကောင်လေး"

ဆရာမက ကြိမ်လုံးဖြင့် အားရပါးရ ရွယ်လိုက်တာမို့ ဝဏ္ဏက မျက်စိမှိတ်ကာ လည်ပင်းကို ပုပစ်လိုက်သည်။ ကျွန်တော်တို့ ကျိတ်ရယ်ကြသည်။

"ဆရာမ မေးတာ ဖြေစမ်း၊ ချစ်တယ်ဆိုတာ ဘာလဲ ..."

"သဘောကျတာပါ ဆရာမ"

"ချစ်တယ်ဆိုတာ သဘောကျတယ်ပေါ့ ဟုတ်လား"

"ဟုတ်ကဲ့ပါ"

"အေး ... အဲဒါပဲ၊ မင်းတို့အရွယ်လေးတွေက ဒီအချိန်မှာ



နှီးစပ်ရာကို စိတ်ကစားမယ်၊ လှတာလေးတွေ့ရင် ချက်ချင်း သဘောကျ၊ ကြိုက်တယ်၊ လိုက်မယ်၊ စာပေးမယ် ဆိုပြီး စိတ်ကူးတွေယဉ်၊ အဲဒါကို ချစ်တယ်ထင်ပြီး ချစ်တယ်ဆိုတဲ့ စကားကို ပေါပေါလောလော ပြော၊ မိန်းကလေးက ကိုယ့်ကို ပြန်မကြိုက်တော့ စိတ်တွေလေ၊ စာမေးပွဲတွေကျ၊ အသည်းတွေကွဲပါပြီဆိုပြီး ဘယ်သူမှ မသနားရင် ကိုယ့်ကိုကိုယ် ပြန်သနား ...၊

"တကယ်တော့ အဲ့ဒါ အသည်းကွဲတာ မဟုတ်ဘူး၊ အလိုမပြည့်တာ၊ ကိုယ်ဖြစ်ချင်တာ မဖြစ်၊ လိုချင်တာ မရရင် အဲဒီလိုပဲ ခံစားရတယ်၊ အဲဒါကို အသည်းကွဲတယ်လို့ ခေါင်းစဉ်တပ်မပစ်လိုက်နဲ့ ...၊

"ဒီမှာ မင်းတို့ကို ဆရာမ ပြောမယ်၊ မင်းတို့ ဦးနှောက်ထဲမှာရော၊ အသည်းနှလုံးထဲမှာ စွဲနေအောင် မှတ်ထားကြ၊ မင်းတို့ ခုချိန်မှာ စိတ်တွေ လှုပ်ရှားပြီး ချစ်တယ်လို့ ထင်တာ၊ အချစ်အတွက် ခံစားရတာ၊ သူကလွဲပြီး ဖွဲ့ဆန်ကွဲလို့ ထင်တာ၊ ဒီမိန်းကလေးတစ်ယောက်ကလွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်နိုင်တော့ဘူးလို့ ထင်ခဲ့တာတွေ ရူးသွပ်ခဲ့တာတွေကို တစ်နေ့ မင်းတို့ အရွယ်ရောက်ပြီး အတွေ့အကြုံတွေစုံ၊ အသိဉာဏ် ရင့်ကျက်လာတဲ့အချိန်ကျ

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြန်လှည့်ကြည့်တော့မှ ဘာမှ အရေးမပါတဲ့ အသေးအဖွဲလေးတွေ၊ ရယ်မောချင်စရာတွေဆိုတာ သိကြလိမ့်မယ်၊

"အင်္ဂလိပ် စကားပုံတစ်ခု ရှိတယ် ... The First Sight of love is the last of wisdom တဲ့၊ အချစ်ရဲ့ နိဒါန်းဟာ အသိဉာဏ်ရဲ့ နိဂုံးဖြစ်တယ်လို့ အဓိပ္ပာယ်ရတယ်၊ မင်းတို့မှာ အဲဒီလို စိတ်မျိုးတွေ ဝင်လာတာနဲ့ မင်းတို့စိတ်မှာ မှိုင်းမိပြီး အသိဉာဏ်တံခါးတွေ ပိတ်သွားလိမ့်မယ်၊ စာမေးပွဲတွေ ကျမယ်၊ အချိန်ရှိသရွေ့ ဒီစိတ်နဲ့ပဲနေပြီး တခြား တိုးတက်ရာ တိုးတက်ကြောင်းတွေ မစဉ်းစားဘဲ နေကြမယ်၊ အဲဒါဆို မင်းတို့ လူတစ်လုံး သူတစ်လုံး ဖြစ်တော့မှာ မဟုတ်ဘူး၊ ဆရာမ ပြောတာ နားလည်တယ်နော် ..."

"ဟုတ်ကဲ့ပါ ဆရာမ"

ကောင်မလေးတွေဘက်က အသံကျယ်သော်လည်း ကောင်လေးတွေဘက်က အသံကတော့ ညှောင်နာနာဖြစ်နေသည်။ ဆရာမက ဝဏ္ဏကို ငါးချက်ရိုက်သွားတာမို့ ဝဏ္ဏ အီစလံဝေ ကျန်ခဲ့သည်။ သို့သော် ... ဒီကောင်က မမှတ်၊ ဆရာမ ထွက်သွားတာနှင့် သူ့တင်ပါးကို ပွတ်လျက် အင်းအဲညည်းကာ ကောင်မလေးတွေဘက် လျှောက်သွားရင်း ...



"နင်တို့ ဆရာမပြောတာ ကြပ်ကြပ်ထောက်ခံရင် ဆရာမလိုပဲ အပျိုကြီး ဖြစ်လိမ့်မယ်"

ဟု သွားပြောလိုက်သေးသည်။

ဘာပဲပြောပြော ဝဏ္ဏ နည်းနည်းတော့ ငြိမ်သွားပါသည်။ လပတ်စာမေးပွဲတွေလည်း နီးပြီမို့ ကျွန်တော်တို့ သေသေဝပ်ဝပ် စာကျက်ကြရသည်။

ဆရာမ စကားကို ခဏတော့ ကျွန်တော့်တို့ နားယောင်သလို နေလိုက်ကြသည်။ သို့သော် မကြာခင် လူငယ်သဘာဝ ရှုပ်းလေးတွေ ပြန်ပြန်ထလာတတ်သည်။

တကယ်တော့ ဆရာမ ပြောသလိုပဲ ... အဲဒီတုန်းက ကျွန်တော်တို့အားလုံး 'အချစ်' ဆိုတာ ဘာရယ် ညာရယ်မသိလှပါ။ သဘောကျသလိုလို ဖြစ်လာရင် စိတ်ကူးယဉ်ကြ၊ အခြေအနေကောင်းရင် ကြိုးစားကြ၊ မရတော့လည်း ခဏတော့ စိတ်ညစ်သလိုလို ဖြစ်ပြီး နောက်တော့လည်း မေ့သွားကြသည်။

အမှန်အတိုင်း ပြောရလျှင် ကဗျာစပ်ချင်သလိုလို သီချင်းရေးချင်သလိုလို ... အတွေးနုနွဲ့တတ်သော၊ ဘတ်စကတ်ဘောမှာ မအောင်မြင်ခဲ့သော ကျွန်တော်လည်း အခြေအနေပေးရင် ဘောလုံးလေးတော့ ကန်လိုက်ချင်သေးသည်။ သို့သော် ကျွန်တော်က ဝဏ္ဏလိုမဟုတ်၊ တစ်ခုခုကို တကယ်မခံစားရဘဲ မကြိုးစားချင်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အတန်းထဲမှာ 'စာကြမ်းပိုး အုပ်စု'ရယ်၊ 'နှာကြမ်းပိုးအုပ်စု'ရယ် နှစ်စုကွဲနေသည်။ သိတော်မူကြတဲ့အတိုင်း ကျွန်တော်တို့မှာ ဝဏ္ဏ တစ်ကောင်ကြောင့် တစ်ရေလုံးပုပ်ကာ 'နှာကြမ်းပိုးအုပ်စု' ဟု ကင်ပွန်းတပ်ခံနေရသည်။ ကျွန်တော်ကဖြင့် တစ်ခါမှတောင် ဘောလုံးမကန်ရသေး။

♥ ♥ ♥

(၄)

● ● ●

စာသင်နှစ်ဝက်လောက်ကျမှ ကျွန်တော်တို့ အတန်းကို ကျောင်းသူသစ်ကလေး တစ်ယောက် ရောက်လာသည်။

ကျွန်တော့် ဘဝမှာ အဲ့ဒီနေ့လောက် မင်္ဂလာရှိတာ ရှိကိုမရှိတော့။ အဲ့ဒီနေ့လောက် ပျော်စရာကောင်းပြီး ရင်တလှပ်လှပ် ဖြစ်ရတာလည်း မရှိတော့။

ဆရာမက ကျောင်းသူသစ်လေးရဲ့ ပခုံးကို ဖက်ကာ အတန်းရှေ့မှာ ရပ်ရင်း ...

"သူ့နာမည်က မေယုကြည်တဲ့၊ အားလုံးမှတ်ထားကြနော်၊ သူ မမီလိုက်တဲ့ စာတွေကူးဖို့ စာအုပ်ငှားရင် ပေးလိုက်ရမယ်၊ သူနားမလည်ရင် အချင်းချင်း စာနာရိုင်းပင်းစိတ်နဲ့ ရှင်းပြပေးကြရမယ် ... ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



မေယုကြည် … မေယုကြည် တဲ့ … ။ ကျွန်တော်က ပါးစပ် တလှုပ်လှုပ်ရွတ်ရင်း သူမကို ငေးကြည့်နေမိသည်။ သူမ ပုံစံက ရိုးရိုးရှင်းရှင်းလေးပင် … ။ ဖြူဝင်းနေသော အသားပေါ်မှာ သနပ်ခါးပါးပါးလေး တင်ထားသည်။ ပခုံးသာသာ ရှည်သည့် ဆံပင်ဖြောင့်ဖြောင့်လေးတွေကို နှစ်ဖက်ခွဲကာ ရောင်စုံ ကြိုးကလေးတွေဖြင့် ချည်ထားသည်။ ညှပ်ဖိနပ်ဖြူဖြူလေးက သူမ ခြေခုံမို့မို့လေးနှင့် ပနံရလှသည်။ သူမ ပုံစံက အရပ်မြင့်မြင့် သွယ်လျလျကလေးမို့ ပိုပြီး ယဉ်သယောင်ထင်ရသည်။

သူမ္ဘာ ဆရာမ စကားပြောစဉ်မှာ မျက်လွှာချ ငြိမ်သက်နေပြီး စကားဆုံးတော့ ချစ်စရာအပြုံးကလေးနှင့် ကျွန်တော်တို့ဘက်ကို ခေါင်းညွတ်ပြလိုက်သည်။ အဲ့ဒီအပြုံးကလေးကြောင့် ကျွန်တော့်ရင်ထဲ နည်းနည်းလှုပ်သွားပါသည်။

မေယုကြည်က ကျွန်တော်တွေ့ဖူးသမျှ မိန်းကလေးထဲမှာတော့ အထူးပင် ဣန္ဒြေရလှပါသည်။ ဇရှိသော ဝဏ္ဏပင်လျှင် သွားမစရဲဘဲ အရိပ်သာကြည့်နေရသည်။ ကျွန်တော်လည်း သူမကို အဝေးကသာ ခိုးခိုးငေးရင်း အလုကြည့်နေရလေသည်။ တစ်နေ့တော့ ဝဏ္ဏက ဓာတ်လမ်းသွားစလေသည်။ ဝဏ္ဏက မေယုကြည်နှင့် စကားပြောခွင့်ရအောင် ကြံစည်ခြင်းဖြစ်ပါသည်။ (အသံကလေး ကြားရ နည်းလားဟု သူကဆိုသည်။)



"မေယုကြည် …၊ မမီလိုက်တဲ့ စာတွေ ငါ့ဆီက ကူးပါလား၊ ဒီမှာ ငါ့စာအုပ်ယူကြည့်လေ၊ နင် ငှားချင်ရင်လည်း ငှားပေးလိုက်မယ်၊ ငါ့နာမည်က ဝဏ္ဏ၊ မှတ်ထားနော်"

မေယုကြည်က ဝဏ္ဏ အတင်းထိုးပေးနေသည့် စာအုပ်ကို လှန်လျှောကြည့်ရင်း …

"နင် ငါ့ကို ကူညီချင်တာကို ကျေးဇူးတော့ တင်ပါတယ် ဝဏ္ဏ၊ ဒါပေမယ့် နင့်လက်ရေးကို ငါ မဖတ်တတ်ဘူး"

ဟု ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ပြန်ပြောလိုက်တာမို့ ဝဏ္ဏက ခေါင်းကုပ်ပြီး ပြန်လာသည်။ ကျွန်တော်တို့ ယောကျ်ားလေး အုပ်စုကလည်း မေယုကြည်ကို သုတေသနပြုဖို့ အားသန်ကြရာ မကြာခင် မေယုကြည်ရဲ့ အားသာချက်ကလေးတွေကို သိရှိလာကြသည်။

"မေယုကြည်က တခြား မိန်းကလေးတွေနဲ့မတူဘူးကွာ၊ အရမ်းဣန္ဒြေရတာပဲ၊ သူ့ကို စ,သလို နောက်သလို သွားလုပ်ရင်လည်း တခြား မိန်းကလေးတွေလို ခြေဆောင့်တာ၊ မျက်စောင်းထိုးတာ၊ ရန်တွေ့တာမျိုး မလုပ်ဘူး၊ ပြုံးပြုံးလေး ဟန်မပျက်နေနေတာပဲ၊ ရက်ဟန်ဆောင်ပြီးပဲလည်း မများဘူး၊ ရိုးရိုးရှင်းရှင်း ပွင့်ပွင့်လင်းလင်းနဲ့ အရမ်းဣန္ဒြေရတာပဲကွာ၊ ငါတောင် ရှိန်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားလေး အတော်များများက သူမကို ရှိန်နေကာ အရိပ်သာကြည့်နေကြသည်။ ကျွန်တော်ကတော့ သူမကို အရိပ်ကြည့်ရင်း တိတ်တခိုး စွဲလန်းလာသည်။ သူငယ်ချင်းအုပ်စုထဲက ခွဲထွက်ကာ သူမ ကျောင်းအလာကို တစ်နေရာကနေ သွားချောင်းကြည့်မိသည့် နေ့တွေလည်းရှိသည်။ သူမ နောက်က မသိမသာ လိုက်ကြည့်ရင်း သူမ ပန်ထားသော နှင်းဆီပန်းကလေး ပြုတ်ကျသွားတာကိုပင် ကောက်ယူသိမ်းဆည်းထားခဲ့ပြီးပြီ။

တစ်နေ့တော့ ကျွန်တော် ကျောင်းဝရန်တာအောက်ဘက်ကနေ တစ်ယောက်တည်း လျှောက်လာဆဲ အဖြူရောင် လက်ကိုင်ပဝါလေး တစ်ထည်က ကျောင်းပေါ်ထပ် ဝရန်တာမှ လွင့်ဝဲကျလာလေသည်။ လက်ကိုင်ပဝါလေး လွင့်ဝဲနေတာကို ကျွန်တော် မော့ကြည့်ဆဲ စက္ကန့်ပိုင်းအတွင်းမှာပင် အပေါ်ထပ် ဝရန်တာကနေ ငုံ့ကြည့်နေသော မေယုကြည်ကို တွေ့လိုက်ရသည်။ ကျွန်တော်တို့ရဲ့ ထိုင်းမှိုင်းနေသော အာရုံတွေ ရုတ်တရက် လင်းပွင့်သွားသည်။

"ဟာ … ဟော့ကောင်တွေ၊ အဲ့ဒါ မေယုကြည် လက်ကိုင် ပဝါကွ၊ လိုက် … လိုက် မိအောင်ဖမ်း …"

ကျွန်တော်တို့အုပ်စု ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်



လက်ကိုင်ပဝါလေး လွင့်သွားသောဘက်ကို အားသွန်ခွန်စိုက် ပြေး လိုက်ကြသည်။ အဲ့ဒီအခြေအနေမှာ ကံကြမ္မာက ကျွန်တော့်ဘက်က ရပ်တည်လိုက်ပါသည်။ ကျွန်တော် ပြေးလိုက်နေရင်းက ခလုတ်တိုက်လဲစဉ်မှာ လက်ကိုင်ပဝါဖြူလေးက ကျွန်တော် မဖမ်းရဘဲ ကျွန်တော့်မျက်နှာပေါ်သို့ ညင်သာစွာ ကျရောက်လာလေသည်။

"ဟာ …"

ပြေးလိုက်သူအပေါင်း ဟာခနဲ ဟင်ခနဲ အော်ကာ ရပ်တန့်သွားကြသည်။ ကျွန်တော်က မျက်နှာပေါ်က လက်ကိုင်ပဝါလေးကို အသာယူလိုက်ရင်း သူမရှိရာသို့ မော့ကြည့်လိုက်သည်။ သူမက 'ခဏစောင့်၊ ဆင်းလာခဲ့မယ်' ဟု လက်ဟန်ပြလိုက်သည်။ ကျွန်တော်က အားပါးတရ အော်ပြောလိုက်သည်။

"မေယုကြည် … ဆင်းမလာနဲ့၊ ခဏစောင့်၊ ကျွန်တော် တက်လာခဲ့မယ်"

ကျွန်တော်က ကမ္ဘာပေါ်မှာ အမြန်ဆုံး အရှိန်နှုန်းဖြင့် သူမရှိရာ အပေါ်ထပ်သို့ ပြေးတက်လာခဲ့ပါသည်။ ကျွန်တော် ဝင်ပန်းရကျိုးနပ်ပါသည်။ သူမက ရင်းနှီးလေးနက်စွာ ကျေးဇူး တင်စကားဆို၏။

"ကျေးဇူးပဲ အဲ့ဘွယ် …၊ ငါက လက်ကိုင်ပဝါ ခဏခဏ ပျောက်တတ်တယ်၊ မေမေ တစ်ဒါဇင် ဝယ်ပေးထားတာ

www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ထည်ပဲ ကျန်တော့တာ၊ နင် ချော်လဲတာ ငါတွေ့လိုက်တယ်၊ တော်တော် နာသွားလား ...”

“မနာပါဘူး”

“ဘာဖြစ်လို့ မနာရမှာလဲ၊ ဖင်ထိုင်ရက်လဲတာ မဟုတ်လား။ နင့်ပုဆိုးမှာ ရွှံ့တွေချည်းပဲလေ”

“ဟင် ... ဟုတ်လို့လား”

ကျွန်တော် ကိုယ့်ကိုကိုယ် ပြန်စစ်ဆေးမိတော့ ကျွန်တော့် ပုဆိုးဖင်မှာ ရွှံ့ကွက်ကြီးက နည်းတာမဟုတ်။ ကျွန်တော် နည်းနည်းတော့ ရှက်သွားပါသည်။

“အိမ်ပြန်ပြီး ပုဆိုးလဲလိုက်ဦးလေ၊ နင် နောက်ကျမယ့်အကြောင်း ဆရာမကို ငါ ပြောပြခွင့်တိုင်ထားမယ်၊ နင့်စာအုပ်ပေးခဲ့၊ ငါ စာလိုက်ကူးပေးထားမယ်”

ကျွန်တော် အမြန်ဆုံးအိမ်ပြန်ကာ ပုဆိုးလဲပြီး ပြန်လာခဲ့သည်။ ကျွန်တော့် ခြေလှမ်းတွေက မြောက်ကြွကြွ ဖြစ်နေပါသည်။ ကျောင်းရောက်တော့ မေယုကြည်က သူ စာကူးပေးထားသည့် ကျွန်တော့်စာအုပ်ကို ပြန်ပေးရင်း ...

“နင်က လက်ရေးလှတယ်နော် အံ့ဩွယ်၊ ငါ့ကိုသူများတွေချီးမွမ်းကြလွန်းလို့ ငါ့လက်ရေးကို လှလှပြီလို့ ထင်နေတာ ခုမှပဲ ငါ့ထက်လှတဲ့ လက်ရေးကို မြင်ဖူးရတော့တယ်”



“ဟာ ... ဒီလောက်လည်း မဟုတ်ပါဘူးဟာ၊ နင့်လက်ရေး ဘယ်လောက်လှလဲ ငါကြည့်ဦးမယ်”

ကျွန်တော် သူမ ကူးပေးထားသည့် စာမျက်နှာကို ဖွင့်ကြည့်လိုက်တော့ ဝိုင်းစက်ညီညာသော လက်ရေးကလေးတွေကို မြင်ရသည်။ သူမ၏သွားကလေးတွေသာ ပုလဲလုံးလို ညီတာမဟုတ်၊ လက်ရေးလေးတွေကလည်း ညီညာသည်။

“နင့်လက်ရေးက ပိုလှတာပါ မေယုရယ်”

“နင့်လက်ရေးကမှ ပိုလှတာပေါ့ အံ့ဩွယ်ရယ် ...”

“နင့် လက်ရေးက ဒီလောက်ဝိုင်းတာ”

“ငါ့လက်ရေးက ကလေးလက်ရေးလိုပဲ ဝိုင်းရုံဝိုင်းတာ၊ နင့်လက်ရေးကမှ ပန်းချီလက်ရေး၊ ပြီးတော့ နင့်စာအုပ်ထဲမှာ ကဗျာတွေ ကူးထားတာလည်း တွေ့တယ်၊ နင်က ကဗျာ ဝါသနာပါတာလား”

“နည်းနည်းပါးပါးပါ”

“ကဗျာရော စပ်တတ်လား”

“လေးလုံးစပ်လောက်ပဲ စပ်တတ်တာပါ”

“လေးလုံးစပ်လည်း ဘာဖြစ်လဲ၊ ကာရန်လည်း မိ၊ စကားလုံးလည်း လှ၊ အဓိပ္ပာယ်လည်း ရှိအောင် မနည်းစပ်ရတာ၊

www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ကဗျာဖတ်ရတာ ဝါသနာပါတယ်၊ ဒါပေမယ့် ကဗျာတော့ မစပ်တတ်ဘူး"

"ငါ ကဗျာရေးဖြစ်ရင် နင့်ကိုပြမယ်လေ"

"အေး ... ကောင်းသားပဲ"

အဲ့ဒီနေ့က ကျွန်တော်တို့ ရင်းနှီးသွားကြသည်။ ကျွန်တော်က မေယုကြည်နှင့် ပထမဦးဆုံး ရင်းရင်းနှီးနှီးစကားပြောသူ ဖြစ်သွားပါသည်။ ဝဏ္ဏတို့ကပင် ကျွန်တော့်ကို မနာလိုဖြစ်ကြပါသည်။

"ဟွန်း ... ခြေလှမ်းတွေက မြေကြီးနဲ့တောင် မထိတော့ဘူး"

"အေးလေကွာ ... ဘဝင်လေဟပ်ပြီး မှောက်ရက်လဲသွားဦးမယ်၊ သတိထားပါဦး အံ့ဘွယ်"

ကျွန်တော့်မှာတော့ ဝဏ္ဏတို့ကိုတောင် ဘာမှပြန်မပြောချင်တော့ဘဲ ကိုယ့်အတွေးလေးနဲ့ကိုယ် ငြိမ်ငြိမ်သက်သက်လေး ပီတိဖြစ်နေသည်။ ကျွန်တော့် စိတ်ထဲမှာ ရည်းစားထားချင်တာမျိုးတော့ မဟုတ်။ ချစ်တယ်ဆိုတာတွေ ဘာတွေလည်း သိပ်တော့ မသိပါ။ သို့သော် သူမနဲ့ စကားပြောရလျှင်၊ သူမကိုမြင်ရလျှင် ကျွန်တော် ပျော်ပါသည်။ တခြားကောင်တွေ သူမကို ဗိုးပန်းလျှင်လည်း ကျွန်တော် မကြိုက်ပါ။



တစ်နေ့တော့ ဝဏ္ဏ၊ သက်မင်းနှင့် စည်သူတို့က သူမအကြောင်းကို အားပါးတရ ထိုင်ပြောကြလေသည်။

"မေယုကြည်က တကယ်လှတာကွာ၊ ငါတို့ ကျောင်းမှာ သူအလှဆုံးပဲ၊ ပါးကလေးတွေ စိုနေပြီး အကြောစိမ်းကလေးတွေတောင် သမ်းနေတာ"

"ပါးကလေးတင် လှတာမဟုတ်ဘူး၊ မျက်လုံးလေးတွေဆို ဖန်ဂေါ်လီလုံး ကြည်ကြည်လေးကို မျက်တောင်မွေး တပ်ထားသလိုပဲ"

"အဲဒီ မျက်တောင်မွေးတွေ ဘယ်လောက်ကော့သလဲဆိုရင် မီးခြစ်ဆံတောင် တင်လို့ ရနိုင်တယ်ကွ"

"ထူထူစုစုလေး ဖြစ်နေတဲ့ နှုတ်ခမ်းကလေးက ပန်းနုရောင် နှင်းဆီငုံကလေးနဲ့ အရမ်းတူတာကွာ"

"အရမ်းလှပြီး အရမ်းချစ်စရာကောင်းတယ်ကွာ၊ ငါ့ရည်းစားသာ ဖြစ်လိုက်ပါတော့ ..."

"ဟော့ကောင် ... မင်းပါးစပ် ပိတ်ထားစမ်း"

ကျွန်တော် ကြားရတာ နားခါးလှပြီမို့ ဘယ်လိုမှ ငြိမ်မနေနိုင်တော့ပါ။ မေယုကြည်ကို သူတို့ မမြင်စေချင်။ မေယုကြည်အကြောင်း သူတို့ ပြောနေတာကိုလည်း နားမထောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တာမို့ ကျွန်တော်နဲ့ အနီးဆုံးက ဝဏ္ဏရဲ့ ရုပ်အင်္ကျီ ကော်လံစကို ဆောင့်ဆွဲပြီး အော်လိုက်မိပါသည်။

"ဟာ ... ဟော့ကောင် အံ့ဘွယ်၊ မင်း ဘာလုပ်တာလဲ၊ အချင်းချင်းတွေကိုကွာ၊ ဘလိုင်းကြီး ..."

"အေးလေ ..."

"ဒီမှာ ဟော့ကောင်တွေ ... မင်းတို့ ငါ့ရှေ့မှာ မေယုကြည် အကြောင်း လာမပြောနဲ့၊ ငါမကြားချင်ဘူး"

"ဩော် ... မင်းက မေယုကြည်ကို မုန်းနေလို့ သူ့အကြောင်း မကြားချင်တာလား"

"မင်းတို့ ပါးစပ်ကပြောလို့ မကြားချင်တာကွ၊ သူ့ကို မုန်းလို့မဟုတ်ဘူး"

"ဒါဆို မင်း သူ့ကိုချစ်နေတာတော့ သေချာပြီ၊ ဟီး ... ဟီး လက်စသတ်တော့ ဒီကောင် သဝန်တိုနေတာ ..."

ဝဏ္ဏက တဟီးဟီးရယ်ရင်း ပြောတာမို့ ကျွန်တော် ဝဏ္ဏကို လွှတ်လိုက်ပြီး ရှက်ရှက်နှင့် တစ်ဖက်သို့ လှည့်နေလိုက်သည်။

"ရှက်သွားပြီကွ၊ ဟော့ကောင် အံ့ဘွယ် ဒီဘက်ကို လှည့်ပါဦးကွာ၊ ချစ်ရင်ချစ်တယ်ပေါ့ကွ၊ ဒါ ရှက်စရာမှ မဟုတ်တာ"



ကျွန်တော်က သူတို့ကို ကျောခိုင်းရပ်နေတာမို့ ဝဏ္ဏတို့က ကျွန်တော့်ကို ကျီစယ်နေသည်။ ပြီးတော့ ဝဏ္ဏက စတင်ကြေညာလိုက်သည်။

"ဒီကောင့် ကြည့်ရတာ သနားစရာပါကွာ၊ အပိကြွေနေပုံပဲ၊ ကဲ ... အဲဒီတော့ တို့ သူငယ်ချင်းတွေလည်း စိတ်ဝမ်းမကွဲအောင် နားလည်မှု ယူလိုက်ကြရအောင် ...၊

"မေယုကြည်ရဲ့ လက်ကိုင်ပဝါလေး ကျလာတုန်းက တို့တွေ အားလုံး ပြေးလိုက်တာ မမီခဲ့ဘူး၊ အံ့ဘွယ် ကျမှ လက်ကိုင်ပဝါက သူ့အလိုလို မျက်နှာပေါ် ကျလာတယ်၊ အဲ့ဒါ သူနဲ့ထိုက်လို့ပဲ၊ သူ့ဖူးစာပဲ၊ ပြီးတော့ မေယုကြည်ကလည်း သူ့ကို ခင်ခင်မင်မင် ဆက်ဆံတယ်၊ အရေးပေးတယ် ...၊

"အဲ့ဒီတော့ မေယုကြည်ကို တို့နဲ့ မသက်ဆိုင်ဘူးလို့ သဘောထားပေးမယ် အံ့ဘွယ်၊ တို့တွေ လုံးဝ မပိုးပန်းတော့ဘူးကွာ၊ မင်းဘာသာ ပိုးချင်လည်း ပိုးပေါ့၊ ဟုတ်ပြီလား ... သူငယ်ချင်းတို့"

ဝဏ္ဏက ကျွန်တော့် ပခုံးကို တဖတ်ဖတ်ပုတ်ရင်း ပြောလိုက်တာမို့ ကျွန်တော် ဝဏ္ဏကို ကျေးဇူးတင်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီ စာသင်နှစ်ကို ကျွန်တော်တို့ အေးချမ်းပျော်ရွှင်စွာ ဖြတ်သန်းကြသည်။

မေယုကြည်နှင့် ကျွန်တော်လည်း တဖြည်းဖြည်း ရင်းနှီးခင်မင်လာသည်။ ကျွန်တော်က သူမကို မေယုဟု ခေါ်ပါသည်။

မေယုက စာတော်သည်။ ကျွန်တော်တို့အုပ်စုကတော့ စာအလွန်ညံ့သည်။ မေယုက သမီး အလိမ္မာလေးဖြစ်ပြီး ကျွန်တော်တို့ကတော့ မျောက်လောင်းကလေးတွေဟု အမည်တပ်ခံရသော အုပ်စုဖြစ်သည်။ ကျွန်တော်တို့ စာမရလျှင် မေယုကို မေးကြရသည်။ တစ်ခါတစ်ခါတော့ မေယုက စိတ်မရှည်ဖြစ်လာကာ ...

“နင်တို့ကလည်းဟယ် ညံ့လိုက်တာလွန်ရော၊ အံ့ဘွယ်ကမှ နည်းနည်းတော်သေးတယ်၊ ဝဏ္ဏတို့ သက်မင်းတို့ဆို သုံးလို့ကိုမရဘူး၊ ဆရာမ စာသင်နေရင် နင်တို့ သေသေချာချာ နားမထောင်ကြဘူးလား”

“နားတော့ထောင်ပါတယ်ဟာ၊ ဒါပေမယ့် တစ်ခါတလေကျ ဒီဘက်နားက ဝင်ပြီး ဟိုဘက်နားက ထွက်ထွက်သွားတတ်လို့”

“အံ့ဘွယ် ... နင်ကရော ...”



“ငါ သင်္ချာညံ့တာ နင်သိပါတယ်၊ မြန်မာစာတော်တာလည်း နင်သိတယ် မဟုတ်လား၊ ငါက ကဗျာတွေ ဘာတွေပဲ ကျက်ချင်တာ၊ မြန်မာစာလာရင် ဘာပဲလာလာ စွဲနေအောင် အလွတ်ရတယ်၊ ကျောင်းမှာ မသင်ရတဲ့ ကဗျာတွေတောင် ငါအလွတ်ရတယ် ...၊

“ရှင်မဟာရဋ္ဌသာရ ရဲ့ အချစ်နဲ့ အလှအပ အကြောင်း ရေးထားတဲ့ ကဗျာလေးကိုတော့ ငါ အရမ်းစွဲတယ်၊ ဆိုပြရမလား ...၊

*“ပုရေနိသင်၊ ဆက်တိုင်းကြင်၍ အိမ်ရှင်အစစ် ငယ်ကျွမ်းချစ်နှင့်၊ ထပ်ရစ်လက်သင် ထုံးစတွင်၌၊ သွေးဝင်ကြမ္မာ၊ ဝါသနာကြောင့်၊ ဆရာမိဘ၊ ကွပ်ဆုံးမလည်း၊ ချစ်ထုံးနှောင်၊ ပျော်ရအောင်ဟု ...၊* ဟဲ ဟဲ အဲဒီထိပဲ ရတယ်၊ ဆရာမိဘတွေ ဆုံးမ တားမြစ်တဲ့ကြားက အချစ်ဦး အဖြစ် ချစ်မိတဲ့ ငယ်ကျွမ်းဆွေအကြောင်း ရေးဖွဲ့ထားတာ အရမ်းကောင်းတာကို ...”

“အဟမ်း ... အဟမ်း”

သက်မင်းတို့ အုပ်စုဘက်က ချောင်းဟန့်သံတွေ ထွက်လာသည်။ မေယု မျက်နှာလေးက တစ်မျိုးလေး ရှက်ကိုး ရှက်ကန်း ဖြစ်သွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စိတ်တွေလည်း ကတိမ်းကပါး ရှိလှပါသည်။ မေယု စာရင်းပြလျှင် စာထဲ စိတ်မရောက်ဘဲ သူမ မျက်နှာကိုသာ ငေးကြည့်မိသည်။ တစ်ခါတစ်ခါ စာသင်ချိန်မှာ နားမထောင်မိဘဲ ဘေးတစောင်းမြင်နေရသော သူမ မျက်နှာကို ငေးရင်း သူမရဲ့ အလှဘွဲ့ကို ကဗျာစပ်ဖို့ ကြိုးစားမိသည်။

ကျွန်တော် သူမနဲ့ ပတ်သက်ပြီး ကျွန်တော့်ရင်မှာ ခံစားရသမျှကို ကဗျာတစ်ပုဒ် ကြိုးစားစပ်လိုက်သည်။

***ပြစ်မျိုးမဲ့မထင်***
***ဆင်းရှုပ်သွင်ဖြင့်***
***မြင့်မြင့်သွယ်လျ***
***ချစ်ပပကို***
***တွေးမိပြန်လျှင်***
***ရွှေဘဝင်ဝယ် ...***

အဲ့ဒီနားထိပဲ ရေးနိုင်ပြီး နောက်တော့ ဘာဆက်ရေးရမယ် မသိဘဲ ထစ်နေသည်။

"တွေးမိပြန်လျှင် ရွှေဘဝင်ဝယ်၊ တွေးမိပြန်လျှင် ရွှေဘဝင်ဝယ် ... အင်း ... ဘာဆက်ရေးရပါ ... "

အဲ့ဒီနားမှာ အခက်တွေ့နေသော ကျွန်တော်က စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်ဖြစ်နေသည်။ အိပ်ရာကနိုးလျှင်



လည်း 'တွေးမိပြန်လျှင် ရွှေဘဝင်ဝယ် ... 'ဟု တတွတ်တွတ်ရွတ်ရင်း စဉ်းစားသည်။ အိပ်လျှင်လည်း အဲ့ဒါပဲတွေးပြီး အိပ်သွားသည်။ ကြံရာမရသည့်အဆုံးမှာ သူငယ်ချင်းတွေဆီ လှည့်ပတ်ပြီး အကြံဉာဏ်တောင်းခံရသည်။ သက်မင်းက ခဏစဉ်းစားလိုက်ရင်း ...

"ဒီလိုဆက်ရေးကွာ ... "

"ပြော ... ပြော ... ဘယ်လိုလဲ"

"တွေးမိပြန်လျှင် ရွှေဘဝင်ဝယ် အသက်ငင်ခဲ့ပါသတည်း"

"လဒ ... "

"ဟာ ... ငါသိပြီ"

ဝဏ္ဏက ထ,အော်လိုက်ပြန်သည်။

"တွေးမိပြန်လျှင် ရွှေဘဝင်ဝယ် မေခင်ချစ်လို့ မောခဲ့ပြီ ... "

"ဟာကွာ ... အဲဒါဆို မေယုကို ချစ်ရာမရောက်ဘဲ မေခင့်ကို ချစ်ရာရောက်သွားတော့မှာပေါ့၊ ငါတို့ အခန်းထဲက မေခင်ကလည်း မင်း;တို့သိတဲ့အတိုင်း ဖွာဖော်ကဲ၊ တော်ကြာ သူ့ကို စောင်းရေးသလို ဖြစ်သွားမှာပေါ့"

"မေခင်ကဖြင့် ပုပုဝဝလေး၊ မင်း ကဗျာထဲကလို မြင့်မြင့်သွယ်လျမှမဟုတ်တာ၊ အရပ်မြင့်မြင့်သွယ်သွယ်လျလျလေးဆိုရင် မေယုကြည်မှန်း အားလုံးသိတယ်"

"ဘာပဲဖြစ်ဖြစ်ကွာ၊ အဲဒါကြီးကတော့ ကြောင်ပါတယ်၊ မေခင် ချစ်လို့ မောခဲ့ပြီတဲ့၊ ဘာကြီးမှန်း မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဒါဆို ငါပြောမယ်"

စည်သူက လက်ညှိုးတစ်ချောင်း ထောင်လိုက်ရင်း

"တွေးမိပြန်လျှင် ရွှေဘဝင်ဝယ် ကြက်ကင်ကဲ့သို့ မူနဲ့ပြီ"

"မင်းကြီးဒေါ်မို့လို့ ကြက်ကင်လို မူရမှာလား လဒရဲ့"

"သူ့အချစ်ကို မရမှာစိုးလို့ တွေးမိတိုင်း ရင်ထဲမှာ ကြက်ကင်ခံရသလို မူတယ်လေကွာ၊ အဓိပ္ပာယ်က မိုက်ပါတယ်ကွ …"

"တော်ပြီကွာ … ကိုယ့်ဘာသာပဲ စဉ်းစားတော့မယ် …"

သူငယ်ချင်းတွေနားမှ စိတ်ဓာတ်ကျစွာ ထွက်လာပြီး ကိုယ့်ဘာသာ ဆက်စဉ်းစားသည်။ မကြာခင် ကဗျာဉာဏ်ပွင့်လာသည်။ ကျွန်တော့်ကဗျာကို အပြီးသတ် ရေးလိုက်သည်။

*ပြစ်မျိုးမဲ့မထင်*
*ဆင်းရုပ်သွင်ဖြင့်*
*မြင်မြင်သွယ်လျှ*
*ချစ်ပပကို*
*တွေးမိပြန်လျှင်*
*ရွှေဘဝင်ဝယ်*
*ရေခင်သွန်းသလို အေးရဲ့ပြီ…။*



ကျွန်တော်က လေကလေး တစ်ချက်ချွန်၊ ကဗျာစာရွက်ကလေးကို ခေါက်ပြီး အိတ်ထဲထည့်ကာ မေယုဆီ အမြန်ဆုံးသွားလေသည်။ မေယုကိုတွေ့တော့ ကဗျာစာရွက်ကလေးကို လှမ်းပေးလိုက်ရင်း …

"မေယု … ရော့"

"ဒါ … ဘာလဲ"

"ကဗျာလေ၊ ငါ စပ်ထားတဲ့ ကဗျာ၊ ဟိုတစ်ခါတောင် နင့်ကို ငါပြောပါသေးတယ်၊ ငါ ကဗျာရေးဖြစ်ရင် နင့်ကို ပြမယ်ဆိုတာလေ"

"သြော် … အေး၊ ဖတ်ကြည့်မယ်လေ"

သူမက ကျွန်တော့်ကဗျာကို ဖြန့်ဖတ်လိုက်သည်။ ဖတ်ပြီးတော့ သူမမျက်နှာက ပုပ်သိုးသိုးဖြစ်လာကာ …

"နင့်ဟာက မလွန်လွန်းဘူးလား အံ့ဘွယ် …"

"ဘာဖြစ်လို့လဲ …"

"အဲဒီလိုမျိုးကြီး မြားတစ်စင်းနဲ့ ငှက်နှစ်ကောင်ထိအောင် ပစ်တာတော့ မကောင်းဘူးဟာ၊ ငါးရဲ့နှစ်ကောင် ဖမ်းရင် တစ်ကောင်မှ မမိဘဲ လွတ်လိမ့်မယ်"

"ဟာ … ဘာတွေပြောနေတာလဲ မေယုရဲ့၊ ငါ့ကဗျာကို နင် မခံစားမိဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"ခံစားမိလို့ ခု ပြောနေရတာပေါ့"

"ဘာကို ခံစားမိတာလဲ ..."

"နင် ငါ့ရဲ့နှစ်ကောင် ဖမ်းနေတာကို ခံစားမိတာလေ ..."

"မဟုတ်သေးဘူးနော် မေယု"

"ဘာမဟုတ်ရမှာလဲ၊ ရှင်းနေတာကြီးကို၊ နင့်ကဗျာထဲမှာ မြင့်မြင့်သွယ်ကိုရော၊ ပပကိုရော တစ်ခါတည်း ထည့်ရေးထားတယ်လေ၊ မြင့်မြင့်သွယ်လျှ ချစ်ပပကိုတဲ့၊ မြင့်မြင့်သွယ်ဖြင့် မြင့်မြင့်သွယ်၊ ပပဖြင့် ပပပေါ့၊ ဘာလို့ နှစ်ယောက်လုံးကို တစ်ပြိုင်တည်း ချိန်နေရတာလဲ၊ ပြီးတော့ မြင့်မြင့်သွယ်နဲ့ ပပက ပြိုင်ဘက်တွေ၊ နင်တော့ ဒီကဗျာကြောင့် ပြဿနာ အကြီးအကျယ် တက်လိမ့်မယ် အဲ့ဒွယ် ..."

ဝေးပါသည်။ မေယု တကယ့်ကို ဒုံးဝေးလှပါသည်။ ကျွန်တော် ကြိုးစားခဲ့သမျှတွေအားလုံး အချည်းနှီးဖြစ်သွားသည်။ သူမက တစ်ခုခုကို မကျေနပ်သလိုမျိုး ပွစိပွစိပြောရင်း ငြိမ်နေသည်။ ထိုအခိုက်မှာ မြင့်မြင့်သွယ်နှင့် ပပက ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကျွန်တော်တို့ဘက်သို့ လျှောက်လာသည်။ သူမက ကဗျာစာရွက်ကို အမြန်ဖွက်လိုက်ရင်း ...

"မတော် တွေ့သွားရင် ငါပါ အချောင် ပြဿနာတက်မှာ ဟဲ့ ..."



ဟု ဆိုချေသေးသည်။ ကျွန်တော့်မှာ ရှင်းမပြချင်ဘာ့လောက်အောင် စိတ်ညစ်သွားရသည်။

ကျွန်တော် ကိုယ့်ကဗျာ ကိုယ် ပြန်သိမ်းကာ သူမရှေ့မှ ထွက်လာခဲ့ရင်း မခံချိ မခံသာ ရေရွတ်လာမိပါသည်။

"ဒါနဲ့များ ကဗျာဖတ်တာ ဝါသနာ ပါသလေး ဘာလေးနဲ့ ကြီးကျယ်နေလိုက်တာ၊ ဒါလေးတောင် နားမလည်တာ အံ့ရော၊ တော်တော် ကဗျာဉာဏ် ရှင်သန်ရှာတယ်"

www.burmeseclassic.com

www.burmeseclassic.com

(၅)

● ● ●

မကြာခင် စာမေးပွဲတွေ ဖြေပြီးလို့ ကျောင်းတွေ ဆည်း ပိတ်ခဲ့ပေပြီ။ လတပေါင်းက အလွန် လွမ်းစရာကောင်း ပြီး ဥသြသံကြားရင် အလိုလို လွမ်းကာ ငိုချင်မိတတ်သည်။ အမှတ်မရှိသော ကျွန်တော်က စာမေးပွဲ နောက်ဆုံးနေ့မှာ မေယုကို ကဗျာပိုဒ်ကလေး တစ်ပိုဒ် ကူးပေးလိုက်သေးသည်။ ကဗျာနာမည် ဟာ အချိန်ကာလနှင့် လိုက်ဖက်ညီလွန်းသည်။ 'မလွမ်းဘယ်သူ နေတတ်မည်' တဲ့။ ဘုရားတိုင်မယ်ဘွဲ့ကို ရှာဖွေကူးယူပေးခြင်း ခင်။

***ဆယ့်ခြောက်နှစ်ပြည့်၊ မြင့်၏မထင်***
***မှတ်မှတ်စင်သား၊ မြိတ်သွင်လျှတ်စို့၊ ပြသွယ်ညှိုကို***
***နုတ်ကဲ့သို့ပင်၊ နောင်မင်းထင်သား၊ ရှင်ပင်မျှ တော်၊***

www.burmeseclassic.com

www.burmeseclassic.com



***ဖန်ဆင်းသော်မှ၊ တွေမျှော်ရအံ့၊ ရှုတည့်ငြိုးသမ်း၊ တတမ်းတမ်းသည်၊ မလွမ်း ဘယ်သူ နေတတ်မည်။***

အဲ့ဒီနေ့မှ ဥသြတွေလည်း ပိုတွန်သည်ဟု ထင်ရသည်။ ကျွန်တော့်ရင်ထဲလည်း တစ်မျိုးကြီး ဖြစ်နေသည်။ မေယုရှေ့မှာ ကျွန်တော် ခြေစုံရပ်မိပါသည်။

"မေယု ... ကျောင်းပိတ်ပြီနော်"

"အေး ..."

"နင် ပျော်လား"

"ဒီလိုပါပဲ"

"ငါတော့ မပျော်ဘူး"

"အင်း ..."

"ပြီးတော့ ငိုချင်တယ်"

"အင်း ..."

"ကျောင်းမပိတ်ချင်ဘူးဟာ၊ နင်ရော ..."

"အေး ... အတူတူပဲ"

"နင်က ဘာလို့ မပိတ်ချင်တာလဲ"

"နင့်ရော ဘာလို့ မပိတ်ချင်တာလဲ"

"နင့်နဲ့ မတွေ့ရတော့မှာ စိုးတာကို"

မေယုက ခေါင်းလေး ငုံ့သွားပါသည်။ ကျွန်တော်တို့ အပေါ်ကို စိန်ပန်းပွင့်ကြွေတွေ တဖွဲဖွဲ ကြွေကျလာသည်။ ဥသြတွန်သံကို ပိုပြီး ကျယ်လောင်စွာ ကြားလာရသည်။



"နင်ရောဟင် မေယု ..."

"အဲ့ဘွယ်နော် ဘာတွေမေးမှန်းမသိဘူး"

သူမ ရှက်နေတာမို့ ကျွန်တော် ဘာမှဆက်မမေးတော့ပါ။ ကျွန်တော့် ကဗျာစာရွက်လေးကို သူမထံ လှမ်းပေးရင်း

"ရော ... ဖတ်ကြည့်၊ မလွမ်းဘယ်သူ နေတတ်မည်တဲ့၊ ကဗျာနာမည်က လှတယ်နော်၊ အဲ့ဒါ နင့်အတွက် ရည်ရွယ်ပြီး ကူးခဲ့တာ၊ မြင့်မြင့်သွယ်တို့ ... ပပတို့နဲ့ ဘာမှမဆိုင်ဘူး"

သူမက ကဗျာကို သေသေချာချာဖတ်သည်။ ကဗျာရဲ့ စကားလုံးတစ်လုံးချင်း အဓိပ္ပာယ်ကို သဘောမပေါက်ရင်တောင်မှ အားလုံးကို ခြုံငုံသဘောပေါက်မည်ဟု ကျွန်တော်မျှော်လင့်မိပါသည်။

အဲ့ဒီနေ့က သူမ ဆံပင်မှာ စိန်ပန်းပွင့်နီနီလေးတစ်ပွင့် ပန်ထားသည်။ လှလိုက်တဲ့ စိန်ပန်းပွင့်ကလေး။ သူမပန်လို့ ပိုလှတယ်ထင်သည်။ မြင့်မြင့်သွယ်တို့ ပန်လျှင် အရူးမနဲ့ တူနိုင်သည်။

"အဲ့ဒီ၊ ကဗျာလေးကို ဖတ်ကြည့်၊ ခံစားကြည့်စမ်းဟာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခပ်တိုးတိုးပြောတော့ သူမ မျက်နှာမှာ ထုံးစံအတိုင်း ဘာမှန်းမသိသည့် တစ်မျိုးလေး ဖြတ်ပြေးသွားသည်။ ကျွန်တော့် အသံကတော့ နည်းနည်းတုန်နေမည်ထင်သည်။ ရင်ထဲမှာ အလိုလို ဝမ်းနည်းကာ ငိုချင်လာသည်။

"ငါ သွားတော့မယ် မေယု"

ကျွန်တော် ကြာရင် ဣန္ဒြေမဆည်နိုင်မှာစိုးတာမို့ သူမကို နှုတ်ဆက်လိုက်သည်။ ပြီးတော့ စိန်ပန်းပွင့်ကြွေတွေကို နင်းကာ သူမရှေ့မှ ထွက်ခွာလာပါသည်။

"အံ့ဘွယ် ... ခဏနေဦး"

ကျွန်တော့် ရင်ထဲ ဒိန်းခနဲခုန်ကာ ခြေလှမ်းတွေရပ်သွားသည်။ သမင်လည်ပြန် ကြည့်လိုက်သည်။

"ရော့ ... ဒါလေး ယူသွား"

သူမက လက်ဖဝါး ဖြန့်ပြထားသည်။ လက်ဖဝါးပေါ်မှာ လက်ကိုင်ပဝါ အဖြူလေး၊ အဲ့ဒီ လက်ကိုင်ပဝါပေါ်မှာ စိန်ပန်းပွင့် အနီရဲရဲတွေ တင်ထားသည်။ သူမက ပန်းတွေကို လက်ကိုင်ပဝါလေးဖြင့် ထုပ်လိုက်ပြီး သူ့ထံ ကမ်းပေးလိုက်သည်။

"အဲ့ဒီပန်းလေးလည်း လိုချင်တယ်"

ကျွန်တော်က သူမခေါင်းပေါ်က ပန်းကို လက်ညှိုး



ထိုးပြလိုက်သည်။ သူမက အသာအယာ ဖြုတ်ပြီး လှမ်းပေးပါသည်။ ကျွန်တော် အရမ်းပျော်နေပါသည်။

"အမှတ်တရပေါ့ ..."

"ကျေးဇူးပဲဟာ ..."

"သွားတော့နော်၊ တော်ကြာ အိမ်ကလာကြိုတော့မယ်"

ကျွန်တော် သူမရှေ့မှ ဣန္ဒြေမပျက် ခြေလှမ်းများဖြင့် ထွက်ခွာလာသည်။ သူမ မြင်ကွင်းမှာ ကိုယ်မရှိလောက်တော့မှ လေထဲသို့ ခုန်ကာ လက်သီး တဝှစ်ဝှစ်ထိုးလိုက်မိလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## (၆)

●●●

ခုတော့ ကျွန်တော် တကယ် ခံစားရလေပြီ။ ဝေးကွာခြင်းက အလွမ်းကို ရင့်စေသည်ဟု ကျွန်တော်ထင်သည်။ သူမကို တစ်နေ့ မတွေ့ရ မနေနိုင်အောင် ရင်ထဲမှာ ဖျပ်ဖျပ်လူးလှတာမို့ သူမအိမ်ရှေ့သို့ တစ်နေ့ကို ဘယ်နှစ်ခေါက်မှန်းမသိအောင် သွားမိ၏။ ဘယ်နှစ်ခေါက်ဆိုတာသာ အတိအကျ မပြောနိုင်ပေမယ့် သူမအိမ်ရှေ့လမ်းမှာ ချိုင့်ခွက် ဘယ်နှစ်ခုရှိပြီး ဘယ်လောက်နက်တယ်ဆိုတာကအစ ကျွန်တော်သိသည်။

အဲဒါဆို ကျွန်တော် သွားခဲ့သည့် ခေါက်ရေကို မှန်းဆနိုင်လိမ့်မည်ထင်သည်။

ကျွန်တော့် သူငယ်ချင်းတွေကတော့ ကျွန်တော့်ကို အပြစ်တင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်းညံ့တာကွ၊ စာမေးပွဲ နောက်ဆုံးနေ့က ဖွင့်ပြော လိုက်ရင် ပြီးရောကွာ"

"အေးလေ ... မင်းကိုက နုံတာ၊ အဲဒီနေ့က မင်းတို့ နှစ်ယောက် စိန်ပန်းပင်အောက်မှာ ရပ်နေကြတာ ငါတွေ့ သွားပဲ၊ အဲဒီတုန်းက ဖွင့်ပြောဖြစ်ပြီ ထင်နေတာ၊ အဲဒီတုန်း ကသာ ဖွင့်ပြောလိုက်ရင် မင်း အခုလိုမျိုး ငါးပြေမလို ဖျပ်ဖျပ်လူးမနေရဘူး"

"အဲဒီတုန်းကတော့ နောက်တွေ့ဦးမယ်လို့ပဲ ထင်မိထား တာကိုး"

"'နောက်' ဆိုတာ 'အခု' လောက် မသေချာဘူးဆိုတာ တော့ မင်းသိဖို့ ကောင်းတယ် အံ့ဘွယ် ..."

"အဲဒီနေ့က သူ့ခမျာလည်း စာတွေကျက်ရလို့ အိပ်ရေး ပျက်ပြီး နွမ်းနွမ်းလေး ဖြစ်နေရှာတာ၊ ငါပြောလိုက်ရင် သူ ထပ်စိတ်လှုပ်ရှားပြီး နုံးသွားမှာစိုးလို့ပါ"

"ဟ ... အချစ်ဆိုတာ နုံးနေတာကိုတောင် လန်းသွားအောင် လုပ်နိုင်တဲ့ စွမ်းဆောင်မှုကွ၊ မိန်းကလေးဆိုတာ ယောကျ်ား လေး တစ်ယောက်က သူတို့နဲ့ ပတ်သက်ပြီး ဘာမှမခံစား ရဘူးဆိုရင်သာ ခံပြင်းတတ်တာ၊ သူတို့ကြောင့် စိတ်လှုပ် ရှားတာ၊ ပျော်တာ၊ ကြောက်တာ၊ အဲဒီလိုမျိုးတွေ ခံစားရ



ပြီဆိုရင် သူတို့က သိပ်ကျေနပ်တာ၊ သူတို့ကို ချစ်မိလို့ ခံစားနေရပါတယ်ဆိုရင် ပိုတောင် ကျေနပ်ကြသေးတယ်၊ ချစ်တယ်ဆိုတာ မင်္ဂလာကွ၊ မင်္ဂလာရှိအောင် ကြံဆောင် စမ်းပါ၊ အဲဒီနေ့ကသာ မင်းပြောလိုက်ရင် သူ ပျော်ချင် ပျော်သွားမှာ ..."

"ငါ မေယုကို တွေ့ချင်တယ်ကွာ ..."

"ခုချိန်မှာ မလွယ်တော့ဘူး အံ့ဘွယ်၊ ငါတို့အားလုံး စုံစမ်းပြီးပြီ၊ မေယုက မိဘက သေဆိုသေ၊ ရှင်ဆိုရှင် နေ တတ်တဲ့ သမီးလိမ္မာလေးတဲ့၊ ဘယ်သွားသွား သူ့အမေနဲ့ပဲ သွားတာတဲ့၊ များသောအားဖြင့်တော့ အိမ်ထဲမှာပဲ နေနေတာ တဲ့၊ သူ့အမေက အရမ်းစည်းကမ်းကြီးတယ်တဲ့၊ ယောကျ်ား လေး ညှိသည် အိမ်ကိုလာရင် လက်မခံဘူးတဲ့၊ သူ့အမေ ကြီးက အရမ်းလွှမ်းမိုးချုပ်ချယ်တတ်တယ်လို့လည်း ကြား တယ်"

ကျွန်တော် ငိုင်နေမိသည်။ ဘာဆက်လုပ်ရမှန်းမသိ တော့။ သူမကိုလည်း မြင်ချင်လှပြီ။ သက်မင်းက ကျွန်တော့် ပခုံးကို ပုတ်ရင်း ...

"စိတ်ဓာတ်မကျစမ်းပါနဲ့ကွာ၊ ငါတို့ ကူညီမှာပေါ့"

ဟု အားပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အံ့ဘွယ်တို့ကတော့ကွာ ပိုးချင်လိုက်တာလည်း ပြာလို့၊ လက်နေ့းလိုက်တာလည်း ချာလို့၊ သူများနောက် ပါသွားမှ ခက်နေမယ်"

စည်သူပြောတော့ ကျွန်တော် ခေါင်းထောင်လာကာ "သူများနောက်ပါသွားစရာ အကြောင်းမရှိဘူးဟေ့ကောင်၊ သူ့မျက်လုံးလေးတွေထဲမှာ ငါမြင်နေရတယ်၊ သူ ငါ့ကိုပဲ ချစ်မှာ"

"အပိုင်ကြီးပါလား ..."

စည်သူက ပခုံးတွန့်သည်။ ကျွန်တော်ကတော့ ရှုံ မလျှော့ပါ။ သူမကို မြင်ရမြင်ရ မမြင်ရမမြင်ရ နေ့တိုင်းတော့ သူမအိမ်ရှေ့သို့ သွားမြဲ။ တစ်နေ့ နှစ်ခေါက်လောက်မှ မလျှောက်ရလျှင် စားမဝင် အိပ်မပျော်ချေ။

တစ်နေ့တော့ ကျွန်တော် မေ့ယုတို့အိမ်ရှေ့မှာ အခေါက်ခေါက် ဖြတ်နေဆဲ မေယုတို့ ခြံတံခါး ခပ်ဟဟပွင့်နေတာကို မြင်ရလေသည်။ ကျွန်တော် အရဲစွန့်ဖို့ ဆုံးဖြတ်ကာ ထိုတံခါးအတိုင်း ခြံထဲသို့ အသာလျှိုဝင်လိုက်သည်။

အခြေအနေက မဆိုး။ ခြံထဲမှာ လူရှင်းနေသည်။ လူအရိပ်အခြည်ကို ကြည့်ကာ ခြံထဲသို့ ဆက်လျှောက်ဝင်ခဲ့သည်။ ကံကောင်းလျှင် မေယုနှင့် တွေ့နိုင်ပြီး ကံဆိုးလျှင် သူ့အမေကြီးနှင့် တွေ့နိုင်သည်။ ကျွန်တော်က ကံကောင်းခြင်းနှင့် ကံဆိုးခြင်းကို တစ်ဖက်ဆီ ကိုင်ဆောင်ကာ ခြေလှမ်းတွေကို ရဲရဲလှမ်းလာသည်။ အဲ့ဒီအခိုက်မှာ ကံကောင်းခြင်းလည်း မတွေ့၊ ကံဆိုးခြင်းလည်း မတွေ့ဘဲ ကံဆိုးဘိုးအေကြီးကို ဘွားခနဲ တွေ့လိုက်ရပါသည်။



"ဝေါင်း ... ဝုတ် ... ဝုတ်"

အလွန်ကြီးမားသော ခွေးကြီးက ကျွန်တော့်ဆီ တရှိန်ထိုး ပြေးလာပါသည်။

"အမလေးဗျ ..."

ကျွန်တော် ချာခနဲ လှည့်ပြေးလိုက်သည်။ ပြေးနေရင်းက ပုဆိုးက လျှောခနဲ ကျွတ်သွားသည်။ ဘယ်လိုမှ ပြန်ကောက်ချိန်မရလိုက်၊ အောက်မှာ ဒူးခေါင်းလောက် ဘောင်းဘီ တစ်ထပ်ပါသေးတာမို့ တော်သေးသည်။ ကျွန်တော် ခြံပြင်ပြန်ရောက်တော့ ခွေးလိုက်မလာအောင် ခြံတံခါးကို ပြန်တွန်းပိတ်လိုက်သည်။ လူလည်း အသက်ထွက်မတတ် မောပန်းနေပါသည်။ ကျွန်တော်က ခြံပြင်ဘက် သစ်ပင်အောက်မှာ ငုတ်တုတ်ကလေး ထိုင်ကာ အမောဖြေနေဆဲ သက်မင်းတို့အုပ်စု လျှောက်လာတာ မြင်ရတာမို့ ရှက်လွန်းလို့ လဲသေချင်သွားသည်။

"ဟာ ... ဟေ့ကောင် အဖြစ်ဆိုးလှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



"အဖြစ်က ပြောကိုမပြောချင်တော့ပါဘူးကွာ"

ကျွန်တော့်မှာ အသက်ကိုတောင် မနည်းရှူနေရတာမို့ စကားတောင် များများ ပြန်မပြောနိုင်။

"ဟာ … မင်းခြေမကြီး ကွဲပြီး သွေးတွေ ထွက်နေတယ်"

ဝဏ္ဏက အော်လိုက်တော့မှ ကိုယ့်ခြေထောက်ကိုယ် ပြန်ငုံ့ကြည့်မိသည်။ တကယ်ပဲ ခြေမက ဟက်တက်ကွဲနေသည်။ ခြေသည်းလည်း လန်သွားသည်။

"ပြေးရင်း ခလုတ်တိုက်မိတယ်ထင်တယ်၊ သွေးပူနေတုန်းမို့ နာလို့နာမှန်းမသိတာ၊ ခုမှ အရမ်းနာလာပြီကွာ၊ ကျွတ် … ကျွတ် …"

"ထ … ဟော့ကောင် ငါတို့ကိုတွဲ၊ မင်းကို အိမ်လိုက်ပို့ပေးမယ်"

"ဆေးခန်း အရင်ပို့မှ ဖြစ်မှာပေါ့ကွာ၊ ဒဏ်ရာက နည်းမှ မနည်းတာ"

"ငါ့အိမ်က မေးရင် ဘယ်လို ဖြေရမှန်းတောင် မသိတော့ဘူး"

"ညာပြောပေါ့ကွာ၊ မိန်းမသွားပိုးလို့ ရလာတဲ့ဒဏ်ရာပါလို့တော့ ပြောလို့ဖြစ်မလား၊ ငါတို့လည်း ဝိုင်းညာပေးပါ့မယ်၊ ဘောလုံးကန်တာ ဘောလုံးကို မကန်မိဘဲ အုတ်နီခဲကို



ချော်ကန်မိတယ် ပြောပေါ့၊ မင်းဘောလုံးကန် ညံ့တာလည်း မင်းအိမ်က သိတာပဲ"

"ငါ့ကိုက ဘောလုံးကန် ညံ့ပါတယ်ကွာ"

"အေး … မင်းက ဘတ်စကတ်ဘောကတည်းက ချာတူးလန်အောင် ညံ့တာ …"

ကျွန်တော်တို့ ကိုယ့်အဓိပ္ပာယ်နှင့်ကိုယ် ပြောရင်း ဆေးခန်းဘက်သို့ ခပ်မြန်မြန် လျှောက်လာခဲ့သည်။

ကျွန်တော့်မှာဖြင့် အချစ်ကြောင့် ပင်ပန်းဆင်းရဲလို့ …။ မေယုကဖြင့် သိတောင်မသိ၊ သို့သော် ကျွန်တော် ကျေနပ်ခဲ့ပါသည်။ အဲဒီတုန်းကတော့ အချစ်ကြောင့် ရခဲ့တဲ့ ဒဏ်ရာကပင် ယောကျာ်းတစ်ယောက်ကို ပိုပြီး ကြီးမြတ်စေသည်ဟု ထင်ခဲ့မိလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

(၇)

● ● ●

"အံ့ဘွယ် ... မင်း ဖြစ်တယ်နော်"

"ဖြစ် ...ဖြစ်ပါတယ်ကွာ"

"ရရဲ့လားကွာ"

"ရတယ် ... ရတယ်၊ ကိစ္စမရှိဘူး"

"ငါတို့ကို အားပြုပြီး ဖြည်းဖြည်းပဲလျှောက်၊ ရောက်တော့မယ်"

သူငယ်ချင်း အချင်းချင်း ရိုင်းပင်းသံတွေကတော့ တက်ကြွစွာ ထွက်ပေါ်နေပါသည်။ ကျွန်တော်က ယောင်းကိုင်းနေသော ခြေထောက်ဖြင့် တစ်လှမ်းချင်း လှမ်းလျှောက်နေသည်။ ည်သူ့ကို ဘယ်ဘက်မှာ၊ ဝဏ္ဏကို ညာဘက်မှာ တွဲထားသည်။

အဲဒါ ခွေးလိုက်ခံရပြီးနောက် သုံးရက်မြောက်မြင်ကွင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်နာကြောင့် မေယုတို့ အိမ်ရှေ့သို့ မသွား နိုင်သော နေ့တွေမှာ ကျွန်တော် နေမထိ ထိုင်မသာ ဖြစ်ခဲ့ရသည်။ ခြေထောက် အနာက ယောင်ပြီး ကိုက်လည်းကိုက်ကာ အဖျား ဝင်လာတာမို့ အိပ်ရာထဲ ခွေနေရသော ထိုနှစ်ရက်ဟာ ကျွန်တော့် အတွက်တော့ ငရဲကျသော ရက်များပင်။ သုံးရက်မြောက်နေ့မှာတော့ ကျွန်တော် ဘယ်လိုမှ မနေနိုင်တော့ဘဲ ဝဏ္ဏတို့ကို အပူကပ်နေ သည်။ ဝဏ္ဏတို့က လိမ်ဆွင်တွေနှင့် ကျွန်တော့်ကို လာခေါ် သည်။ မေမေကတော့ ကျွန်တော် အပြင်ထွက်မှာစိုးလို့ အော်ဟ နေသည်။

"ဒီကောင်လေးဟာ ခြေထောက်နာကြီးနဲ့ ဘယ်သွားဦးမ လဲ၊ ခြေထောက်က နာနေတုန်း မဟုတ်လား၊ တစ်နေ့တ များ အပြင်မထွက်ရရင် ထွန့်ထွန့်လူးနေတော့တာပဲ"

မေမေ က ကျွန်တော့် ခြေထောက် နာကျင်ကို နေတာကိုပဲသိတာ၊ အလွမ်းကြောင့် ကျွန်တော့်ရင်ထဲမှာ နာကျ ကိုက်ခဲနေတာကိုမှ မသိဘဲ။

ကျွန်တော်က သူငယ်ချင်းတွေကို အားပြ မေမေ့ကို မရရအောင် ချွဲနွဲ့ခွင့်တောင်းပြီး ထွက်လာခဲ့တာ ဒီနေ့မှ မေယုတို့ခြံရှေ့ မသွားရရင် ကျွန်တော် သေပါတော့ မေမေ။



"မင်း တော်တော် ကဲတဲ့ကောင်၊ သနားလို့သာ ကူညီတာ၊ အမြင်ကတော့ ကပ်လျက်ပဲ ..."

"အေးလေ ... ဟိုရောက်ရင် သူ့မေယုကို တွေ့ရမှာလည်း မဟုတ်ဘဲနဲ့"

"တွေ့လို့တွေ့ငြားပေါ့ကွာ"

သူငယ်ချင်းတွေက ကျွန်တော် အမှီပြုတာကို ပင်ပန်း လာတော့ ငြိုငြိုငြင်ငြင် ပြောလာသည်။

မေယုတို့ ခြံရှေ့ရောက်တော့ ဝဏ္ဏတို့ကို တွဲလျက်ပင် နှစ်ခေါက်လောက် ဖြတ်လျှောက်ရင်း မေယု အရိပ်အယောင်ကို ကြည့်မိသည်။

"မေယုတော့ မတွေ့ဘူး၊ ဟိုမှာ မေယု အမေကြီးတော့ ထွက်လာပြီ"

စည်သူပြောတော့ ကျွန်တော် လှမ်းကြည့်သည်။ မျက်နှာထားတင်းတင်းနှင့် မိန်းမ ဝဝကြီးကို တွေ့သည်။

"ငါ သွားမေးမယ်ကွာ"

ကျွန်တော် အရဲစွန့်ပြီး ပြောလိုက်သည်။

"ဟာ ... ဘာမေးမှာလဲကွာ၊ မင်းကတော့ ဂြိုဟ်ပဲ"

မေယု ရှိလား မေးမယ်ကွာ၊ သူ့သူငယ်ချင်းပါ၊ အောင်

www.burmeseclassic.com

www.burmeseclassic.com



စာရင်း ဘယ်တော့ ထွက်မယ်ကြားလဲလို့ မေးချင်လို့ပါလို့ ပြောမှာပေါ့"

"အဲဒါ ငါ့သမီး လာမမေးနဲ့၊ ကျောင်းသွားမေးလို့ ပြန်ပြော မှာပေါ့၊ အဒေါ်ကြီး ကြည့်ရတာ ဂျမ်းဒေါ ..."

"ဘာပဲဖြစ်ဖြစ်ကွာ၊ မေးတာတော့ မေးရမယ်၊ မမေးလို့ မဖြစ်တော့ဘူး၊ ဒီလိုနဲ့ပဲ ပြီးမသွားနိုင်ဘူး၊ ခွေးတော အလိုက်ခံပြီးပြီကွာ၊ သိသိလေး လွှတ်ခဲ့ပြီကွာ၊ မေယု ပတ်သက်ရင် အန္တရာယ်ဆိုတာ ငါ့အတွက် မဆန်းတော့ဘူး မင်းတို့ ခြံတံခါးဝအထိ တွဲပို့မလား၊ မတွဲပို့ဘူးလား ပြော"

"ပို့ပါ့မယ်ကွာ ... ပို့ပါ့မယ်"

သူငယ်ချင်းတွေက ကျွန်တော့်အလိုလိုက်ကာ ဝိုင်း တွဲလိုက်သည်။ ကျွန်တော်က ပတ်တီးဖြူဖြူ အထပ်ထပ်စည်းထ သော ခြေထောက်တစ်ဖက်ကို ဒရွတ်တိုက်ဆွဲကာ လျှောက်လ သည်။ သုံးရက်လုံးလုံး အနာရေထိမှာစိုးလို့ ရေမချိုးဘဲ နေခဲ့ရ မို့ ကျွန်တော့် ပုံစံက စုတ်ပြတ်သတ်နေသည်။

ကျွန်တော်တို့ ခြံတံခါးဝနားရောက်ချိန်မှာ မေ အမေက ခြံထဲက ထွက်လာသည်။ ပြီးတော့ ကျွန်တော် တစ်ချက်ဝေ့ကြည့်ပြီး ခြံထဲသို့ လှမ်းအော်လိုက်သည်။



"ဦးမြဒင် ခြံတံခါး သေသေချာချာ ပြန်ပိတ်ထားပါ၊ ခုတလော တောင်းတဲ့ ရမ်းတဲ့လူတွေ အလာများနေတယ်၊ ရှင် အမေ့မေ့ အလျော့လျော့နဲ့ တံခါးပြန်မပိတ်လို့ ဟို တစ်နေ့ကလည်း အဲဒီလူမျိုးတွေ ခြံထဲဝင်လာတာ မဟုတ် လား၊ ရန်လုံ့ရှိနေလို့သာ တော်သေးတာ၊ ရှင့်ချည်း လွှတ် ထားမိရင် ခက်မယ်"

မေယု အမေက အော်ပြောပြီး အပြင်ထွက်သွားသည်။ ...ထွက ပေါက်ကွဲသွားကာ အိမ်ရှေ့က ပန်းချုံကို အုန်းခနဲ ပစ် ...ခန်လိုက်ရင်း ...

"လူကိုများ သူတောင်းစား ထင်နေသလား မသိဘူး၊ ဟော့ကောင့် အဲဒါ မင်းကြောင့် ..."

"သူတောင်းစား ... ဘာဖြစ်လဲကွာ၊ ဟုတ်တယ် ... ဒါပေ မယ့် ပိုက်ဆံတောင်းမယ့် သူတောင်းစား မဟုတ်ဘူး၊ သူ့ သမီးကို တောင်းမယ့် အချစ်သူတောင်းစား"

ကျွန်တော်က မေယုနဲ့ ပတ်သက်ရင် ဘာကြီးပဲ ...ပြောခံရခံရ မနာနိုင်သူမို့ အပြုံးဟောင်မပျက်။

"ဟာ ... ဟိုမှာ မေယု ... မေယု ... မင်း မေယု"

သက်မင်းက ရုတ်တရက် ခုန်ဆွခုန်ဆွဖြစ်သွားကာ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ဘက်သို့ လက်ညှိုးထိုးပြကာ အော်လိုက်သည်။ ကျွန်တော့် ရင်ထဲ တဒိန်းဒိန်းပေါက်ကွဲသွားကာ လက်ညှိုးညွှန်ရာသို့ ချာခနဲ လှည့်ကြည့်လိုက်သည်။

မေယု ... ကျွန်တော့်ရဲ့ မေယု၊ ရက်ပေါင်းများစွာ လွမ်းဆွတ်ခဲ့ရသော မေယုက အိမ်ရဲ့ ဘေးဘက် ဝရန်တာလေးမှာ ရပ်နေသည်။ ဂါဝန် ပန်းနုရောင်ကလေး လေမှာလွင့်လျက် ဖြန့်ချထားသော ဆံပင်လေးတွေ တဖျတ်ဖျတ် လှုပ်နေပုံကလေး ဟာ ဆည်းဆာနောက်ခံဖြင့် ပန်းချီကား တစ်ချပ်လို အလှကြီး လှနေသည်။ ကျွန်တော် ဘာမှမပြောနိုင်တော့ဘဲ အငေးကြီး ငေး နေသည်။

"ဟောကောင် ... လှမ်းခေါ်လိုက်လေကွာ၊ မေယုရေ ... ယေး မေယု၊ ငါတို့ ဒီမှာ"

သူငယ်ချင်းတွေက ကျွန်တော့်ကိုယ်စား ခုန်ဆွခုန်ဆွ လုပ်ကာ လက်လှမ်းပြနေသည်။ (သူတို့လည်း ခုမှ တွဲလာပို့ရကြီး နပ်ပြီမို့ ပျော်နေပုံရသည်။)

ကျွန်တော့်ရဲ့ မေယုကတော့ ကျွန်တော်တို့ကို မမြင် ပါ။ ကျွန်တော်တို့နဲ့ မေယုကြားမှာ လူတစ်ရပ်ကျော်မြင့်သည့် အုတ်တံတိုင်းကြီး ခြားနေသည်။ အိမ်က နောက်ဘက်နားကျ မှာမို့ ဝေးလည်းဝေးသည်။ ကျွန်တော်တို့က အုတ်တံတိုင်းနဲ့



ဝေးဝေးမှာရပ်ပြီး ခုန်ဆွ ခုန်ဆွ လုပ်မှသာ ကျွန်တော်တို့ ခေါင်း ပိုင်းလောက် မေယုမြင်နိုင်လိမ့်မည်။

"ဟေ့ကောင် ... သက်မင်း စွပ်အော်မနေနဲ့၊ သူ့အိမ်က လူတွေ ကြားသွားဦးမယ်"

"မေယုက ငါတို့ကို မမြင်ဘူးကွ၊ ဘယ်လိုလုပ်မလဲ ..."

ကျွန်တော်တို့ ခဏတော့ ဦးနှောက်ခြောက်သွား သည်။ တော်ကြာ ခြံစောင့်ကြီး ထွက်လာပြီး နှင်ထုတ်မှာလည်း စိုးရသည်။

"ငါ ခုန်တောင်မခုန်နိုင်ဘူးကွာ၊ ခြေထောက်က အရမ်း နာနေတာ၊ ဒီပုံအတိုင်းဆို မေယု ငါ့ကို မြင်မှာမဟုတ်ဘူး"

ကျွန်တော်က အသံသြောင်နာနာကလေးနှင့် ပြော လိုက်မိပါသည်။ သို့သော် ချက်ချင်း အကြံရပြီး တက်ကြွလာသည်။

"ဟာ ... သိပြီ ... ဒီလိုလုပ်မယ်၊ ရည်သူနဲ့ ဝဏ္ဏက ဗလ တောင့်တယ်ဆိုတော့ ငါက မင်းတို့နှစ်ယောက်ရဲ့ ပခုံး တစ်ဖက်စီကိုနင်းပြီး ရပ်မယ်၊ သက်မင်းက ငါပြုတ်မကျ အောင် ထိန်းကိုင်ပေးထား"

"ဟာ ... သေရောပေါ့ကွာ"

"လုပ်ပါကွာ ... သူငယ်ချင်းတို့ရာ နော်၊ ဒီတစ်ခါတည်းပါ ကွာ၊ ကူညီပါကွာ၊ ငါ့ကို မေယုမြင်တာနဲ့ ငါ ချက်ချင်း

www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆင်းမှာပါ၊ နောက်ဆို ဝဏ္ဏအတွက် လိုအပ်ရင် ကဗျာတွေလည်း စပ်ပေးပါ့မယ်ကွာ"

"မင်း ကဗျာတွေက တော်တော် ထိရောက်တာကိုး"

"အေးလေ ... မြင့်မြင့်သွယ်နဲ့ ပပကို တစ်ပြိုင်တည်းပိုးတဲ့ ကဗျာလေကွာ၊ ဟိ ... ဟိ"

ဝဏ္ဏတို့က ကျိတ်ဟားရင်း မြည်တွန်တောက်တီးရင်း နောက်ဆုံးတော့ ကျွန်တော့် ဆန္ဒကို လိုက်လျောလိုက်ကြသည်။

ကျွန်တော် သူတို့ပခုံးပေါ် နင်းတက်လိုက်သည်။ သူတို့ တဖြည်းဖြည်း ထရပ်လိုက်ကြတော့ ကျွန်တော့် ခန္ဓာကိုယ် တစ်ဝက်လောက်ထိ အုတ်တံတိုင်းပေါ် ကျော်ထွက်သွားသည်။ ကျွန်တော်က လက်နှစ်ဖက်ကို လေထဲမှာ ဇွေ့ယမ်းပြသည်။ မေယုက မမြင်။ သူက မမြင်ပေမယ့် ကျွန်တော်က မြင်တာမို့ ငေးမဝ ဖြစ်နေဆဲ အောက်ကကောင်တွေ လှုပ်ရှုလှုပ်ရှု ဖြစ်လာသည်။

"ဟေ့ကောင် ဆင်းတော့ကွာ၊ ဒီမှာ ဒူးတုန်နေပြီကွ ..."

ကျွန်တော် ဘာမှမကြားတော့ပါ။ မေယုကိုသာ ငြိမ်ငြိမ်သက်သက် ငေးနေသည်။

"ဒီကောင်ကွာ ..."



ဝဏ္ဏတို့က အံမြင်ကပ်လာပုံရကာ ကျွန်တော့်ကို လှုပ်ချနေသည်။ ကျွန်တော်က သူတို့ပခုံးကို ခြေဖြင့် နာနာကုပ်ထားပြီး လက်က အုတ်တံတိုင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။

"အောက်ကလူတွေ သေတော့မယ်ကွ"

သက်မင်းက ထ,အော်လိုက်တော့မှ ကျွန်တော် သတိဝင်လာပြီး လက်ကို ဇွေ့ယမ်းပြလိုက်ပြန်သည်။ သို့သော် အကြောင်းမထူးတာမို့ လက်ဖြင့် ပါးစပ်ကိုအုပ်ကာ ချိုးကူသလို ကူလိုက်တော့မှ မေယု မျက်နှာလေးက ကျွန်တော့်ဘက် လှည့်လာသည်။ မေယု မျက်နှာလေးက အံ့သြသွားကာ ပြုံးသွားတာကို အဝေးကြီးကပေမယ့် အသေအချာ မြင်ရသည်။ ကျွန်တော်က ဆင်းလာခဲ့ဖို့ လက်ဟန်ခြေဟန်ပြလိုက်တာမို့ မေယုက လက်ပြန်ပြပြီး အိမ်ထဲသို့ ချာခနဲ လှည့်ဝင်သွားသည်။

"ဟေ့ကောင် ဆင်းကွ ... ဆင်းကွ"

"အေး ... ဆင်းပြီဟေ့ ... ဆင်းပြီ"

ကျွန်တော် အောက်ပြန်ဆင်းလိုက်ပြီး မေယုကို ရင်ခုန်စွာ စောင့်နေလိုက်သည်။ ခဏကြာတော့ မေယုက ခြံတံခါးဆီ တွန်းဖွင့်ကာ ကျွန်တော်တို့ဆီ ခပ်သုတ်သုတ်လျှောက်လာပါသည်။

"အံ့ဘွယ် ... ဘယ်လိုက ဘယ်လို ..."

www.burmeseclassic.com

www.burmeseclassic.com



"မေယုရယ် ... နင့်ကို ခုမှပဲတွေ့ရတော့တယ်၊ ငါ အရမ်းပျော်တယ်ဟာ"

သူမက ပါးလေးတွေ သွေးရောင်လွှမ်းလာကာ ...

"ငါလည်း တွေ့ချင်ပါတယ် အုံ့ဘွယ်ရယ်၊ ဒါပေမယ့်လေ မေမေက ယောကျ်ားလေး သူငယ်ချင်းထားတာ မကြိုက်ဘူး၊ အရမ်း စည်းကမ်းကြီးတာ၊ ခုတောင်မှ မေမေမရှိလို့ ထွက်လာရဲတာ၊ တော်ကြာဆို မေမေ ပြန်လာတော့မှာ အုံ့ဘွယ်ရဲ့၊ ငါ ခုပဲ ပြန်ဝင်ရတော့မှာ ..."

"ခဏလေး နေပါဦးဟာ ..."

"မဖြစ်ဘူး၊ မေမေတွေ့ရင် မလွယ်ဘူး၊ မေမေက ဒီနားလေးတင် ခဏပဲသွားတာ၊ ခဏနေ ပြန်လာတော့မှာ"

"ဒါ ... ဒါဆို မနက်ဖြန် တွေ့ရအောင်၊ ငါ နင့်ကို ပြောစရာရှိတယ်၊ ငါတို့ စာမေးပွဲ နောက်ဆုံးနေ့က တွေ့ခဲ့တဲ့ စိန်ပန်းပင်ကြီးအောက်ကို မနက်ဖြန် မနက် ၈ နာရီလောက် လာခဲ့ပါ"

"မဖြစ်ဘူးထင်တယ်"

"လာခဲ့ပါ မေယုရယ်၊ ငါ နင်မလာမချင်း စောင့်နေမှာ"

"မေမေ မပါဘဲ အပြင်ထွက်လို့ လွယ်မယ်မထင်ဘူး"

"ဒါဆိုလည်း နင့်သဘောပါ၊ နင် ငါ့အပေါ် အလေးအနက်



ထားတယ်ဆိုရင်တော့ မရောက်ရောက်အောင် လာမယ်လို့ ငါ မျှော်လင့်ပါတယ်"

မေယု မျက်နှာက တစ်မျိုးလေး ဖြစ်သွားပြန်သည်။ ပြီးတော့ မေယု အကြည့်က ကျွန်တော့် ခြေထောက်ဆီ ရောက်သွားသည်။

"ဟင် ... ခြေထောက်က ဘာဖြစ်တာလဲ"

ကျွန်တော်က အားတက်သွားကာ ...

"နင့်ကို တွေ့ရမလားလို့ နင့်ခြံထဲကို ခိုးဝင်မိတုန်းက ခွေးလိုက်ခံရလို့ ခလုတ်တိုက်လဲရင်း ရတဲ့ ဒဏ်ရာလေ ...၊ အနာကရင်းပြီး ဖျားတောင်ဖျားတယ်၊ အခုလည်း ဖျားနေတုန်းပဲ၊ ဒါပေမယ့် ငါကတော့ ဘယ်လောက် ဒုက္ခရောက်ရောက် နင့်ဆီ ရောက်အောင်လာပါတယ်"

မေယု မျက်နှာပေါ်မှာ သနားကြင်နာရိပ်တွေ ဖြတ်ပြေးသွားသည်။ (ဒီတစ်ကြိမ်တော့ ပစ်မှတ်ကို ထိပြီထင်သည်။)

"ဟယ် ... ဟိုမှာ မေမေ ပြန်လာပြီ၊ ပြန်တော့နော် ... ပြန်တော့၊ မေယုလည်း သွားတော့မယ်"

သူ့အမေကို လှမ်းမြင်လိုက်တာမို့ မေယုက ခြံထဲ ပြေးဝင်သွားသည်။

"ဟော့ကောင် ... လာ လာ၊ ငါတို့လည်း သွားမှဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်လွန်းတာမို့ ဘာလုပ်ရမှန်းမသိတော့ဘဲ မေယုကို လိုက်ငေးနေမိသည့် ကျွန်တော့်ကိုတော့ ကျွန်တော့် သူငယ်ချင်းတွေက မေယု အမေ မမြင်ခင် အမြန်ဆွဲခေါ်ကြသည်။ သို့သော် ကျွန်တော်က ခြေထောက်နာလွန်းတာမို့ မြန်မြန်မလျှောက်နိုင်ဘဲ ဒရွတ်ဆွဲနေသည်။

"ဒုက္ခပါပဲကွာ ... ဒီပုံအတိုင်းဆို သူတောင်းစားထင်ပြီး မောင်းထုတ်ခံရမှာ သေချာတယ်"

"ကဲ ... လာကွာ ... လာကွာ ငါ့ကိုပဲ ကုန်းပိုးလိုက်ပါတော့"

ဗလအတောင့်ဆုံး ဝဏ္ဏက ကျွန်တော့်ကို ကုန်းပိုးကာ လျင်မြန်စွာ ဆုတ်ခွာလာခဲ့ကြသည်။ ဒီနေရာမှာတော့ ကျွန်တော့် သူငယ်ချင်းတွေက အလွန်ချစ်စရာကောင်းလေသည်။

♥ ♥ ♥

(၈)

● ● ●

နောက်တစ်နေ့ မနက်မှာတော့ ကျွန်တော်သည် မျက်တွင်းဟောက်ပက်ဖြင့် စိန်ပန်းပင်ကြီးအောက်သို့ မနက် ၇ နာရီ မထိုးခင်ကတည်းက ရောက်နေပါသည်။ ညက အိပ်လို့မှ မရခဲ့ဘဲ။ လာမှ လာပါ့မလားလို့ ရင်ခုန်မောလျခဲ့သော ကျွန်တော်သည် ဒီမနက် အိပ်ရာထတော့ အိပ်ရေးမဝဘဲ နုံးနေသည်။ စိန်ပန်းပင်အောက် ရောက်တော့ ရင်ထဲ တလှပ်လှပ်ဖြစ်လာသည်။ သူမ ရောက်လာသော အခါမှာတော့ နုံးလျက်နှင့်ပင် ကြည်လင်တက်ကြွလာခဲ့ရပါသည်။ အဲ့ဒါ မျှော်လင့်ခြင်းရဲ့ ခံစားမှုအဆင့်ဆင့်ဖြစ်သည်။

အဲ့ဒီနေ့ မနက်က ၈နာရီထိုးပြီး ၁၅ မိနစ်အကြာမှာ မေယု ရောက်လာခဲ့ခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"မေယုရယ် ... လာမှ လာပါ့မလားလို့ မျှော်လိုက်ရတာ၊ မနက် ၇ နာရီ မထိုးခင်ကတည်းက ငါ ရောက်နေတာ"

"၈ နာရီ ချိန်းထားတာ မဟုတ်လား၊ ဘာလို့ အစောကြီး လာရတာလဲ"

"အစောကြီးရောက်ပြီး အမျှော်ကြီး မျှော်နေရတာက တစ်မျိုးလေး ရင်ခုန်စရာ ကောင်းတယ်လေ"

"အံမယ် ..."

မေယုက မျက်စောင်းဖွဖွလေး ထိုးလိုက်၏။

မေယု ဝတ်လာတာက အဖြူရောင် စကဒ်ပွပွကားကားလေးနှင့် အတွန့်လေးတွေပါသည့် အင်္ကျီလေးမို့ စိန်ပန်းပွင့်ကြွေတွေအပေါ်မှာ နင်းရပ်နေသော ပုံကလေးက အရမ်းထင်းလင်းတောက်ပနေပါသည်။ ပြီးတော့ ဆံပင်ကို နှစ်ဖက်ခွဲပြီး ခပ်မြင့်မြင့် စည်းထားသည်။ တကယ့်ကို ချစ်စရာလေး ...။

"ဆော်ရီးနော်၊ ငါကတော့ ဆယ့်ငါးမိနစ်တောင် နောက်ကျသွားတယ်"

"ကိစ္စမရှိဘူး၊ မိနစ် ၁၅၀ နောက်ကျလည်း ငါ စောင့်မယ်၊ မိနစ် ၁၅၀၀ နောက်ကျလည်း စောင့်မှာပဲ ..."

"နင် အပိုပြောတတ်မှန်း ငါ ခုမှသိတယ်"

"တကယ်ပြောတာပါ မေယုရဲ့ ..."



"နင် ငါ့ကို ပြောစရာရှိတယ်ဆို၊ ဘာပြောမှာလဲ၊ သိပ်ကြာလို့ မဖြစ်ဘူး၊ မနည်း ခိုးထွက်လာခဲ့ရတာ ..."

"ငါပြောမှာက နင်တို့ ပတ်ဝန်းကျင်အကြောင်းပါ"

"ပတ်ဝန်းကျင် !"

"ဟုတ်တယ် ... ပတ်ဝန်းကျင်အကြောင်း၊ နင်တို့အိမ်အကြောင်း၊ နင်တို့ လမ်းအကြောင်း ..."

"ဘာလဲ ... စာစီစာကုန်း ရေးမလို့လား"

သူမ မျက်နှာက အလိုမကျသလို ရှုပ်ပုပ်ပုပ်လေး ဖြစ်သွားသည်။

"အကောင်းပြောတာ ... သေချာ နားထောင်၊ နင်တို့အိမ်နားက လမ်းပေါ်မှာ ချိုင့်ခွက်ကြီး နှစ်ခုရှိတယ်၊ တစ်ခုကို နှစ်လက်မလောက် နက်တယ်၊ အကျယ်က အချင်း နှစ်ပေလောက်ရှိတယ်၊ မိုးရွာလို့ ရေဝပ်နေရင် တော်တော်နဲ့ မခမ်းဘူး၊ ချိုင့်ခွက်သေးသေးက လေးခုရှိတယ်၊ အပေါ်ယံ ကတ္တရာမရှိတော့လို့ ဖြစ်နေတဲ့ ချိုင့်ခွက်၊ သိပ်မနက်ဘူး၊ ရေလည်း သိပ်မဝပ်ဘူး၊ အချင်း ခြောက်လက်မလောက်ပဲ ကျယ်တယ်၊ နင်တို့အိမ်ရှေ့က ဇီဇဝါပင်မှာ လွန်ခဲ့တဲ့ နှစ်ပတ်က ဇီဇဝါပန်း ၁၀ ပွင့် ပွင့်တယ်၊ မနေ့ကအထိ ဆိုရင် အားလုံးဝါပြီး အဖူးကလေးတွေပဲ ကျန်တယ် ...၊

www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့တဲ့ နှစ်ပတ်လောက်က နင်တို့အိမ်ရှေ့ လမ်းထောင့်က ညောင်ပင်ရဲ့ အရွက်တွေ အကုန်ကြွေပြီး အရိုးပြိုင်းပြိုင်းဖြစ်နေတာ၊ လွန်ခဲ့တဲ့ ငါးရက်ကမှ အညွှန့် သစ်ကလေး ဆယ်လေးငါးခု ထွက်လာတယ် ...၊

"နင်တို့အိမ်ရဲ့ ညာဘက်အပေါ်ဘက်နံရံက ရေပိုက်ကြားမှာ အလေ့ကျပေါက်တဲ့ ညောင်ပင်တစ်ပင် အမြစ်တွယ်နေတယ်၊ ဘယ်ဘက်နံရံမှာ တစ်ပေ ဝန်းကျင် ပမာဏလောက် ဆေးတွေ ကွာကျနေတယ်၊ အိမ်ရှေ့ ဝရန်တာ အုတ်ဘောင်တွေမှာ လေးပုံတစ်ပုံ ပမာဏလောက် ရေညှိတွေ တက်နေတာ တွေ့ရတယ်"

"နင် ဘာလို့ အဲဒီလောက်တောင် သိနေရတာလဲဟင်"

သူမက ကျွန်တော့်ကို မျက်လုံးလေး ပြူးကြည့်ရင်း မေးလိုက်သည်။

"အဲ့ဒါ နင့်အိမ်ရှေ့ကို ငါ ဘယ်နှခေါက် ရောက်ခဲ့သလဲ ဆိုတာရဲ့ သက်သေပဲ မေယု၊ ငါ ဘာဖြစ်လို့ အဲဒီလောက် အခေါက်ခေါက် ရောက်ခဲ့တယ်ဆိုတာရော နင် သိချင်သေး လား၊ အဲ့ဒါ နင့်ကို တွေ့ချင်လို့၊ နင့်ကို အရမ်းလွမ်းလို့၊ အရမ်းချစ်လို့ ..."

မေယု မျက်ဝန်းထဲမှာ မျက်ရည်ကြည်တွေ ဝဲလာ



ပြီး တုန်လှုပ်လာသည်။ ကျွန်တော်လည်း မျက်ရည်ဝဲပြီး တုန်လှုပ် နေသည်။ တုန်လှုပ်နေသော မျက်ဝန်းနှစ်စုံ ဆုံမိကြသည်။

"ငါ ပြန်တော့မယ်ဟာ ..."

မေယုက တုန်ရင်စွာ ပြောရင်း နောက်တစ်လှမ်း ဆုတ်သည်။

"ငါ့ကို အဖြေမပေးဘဲနဲ့တော့ မပြန်ပါနဲ့ မေယု၊ ငါ့ရင်ထဲ မှာ ရှိတာတွေ အကုန်ထုတ်ပြပြီးပြီ၊ နင့်ရင်ထဲမှာလည်း ဘာတွေရှိလဲ၊ ငါသိချင်တယ်၊ ငါ့ကို အမှန်အတိုင်း ပြော ပြပါ ..."

"ငါ အမှန်အတိုင်း ပြောမယ်၊ နင် မျက်စိမှိတ်ထား၊ ငါ ဖွင့်ဆိုမှဖွင့် ..."

ကျွန်တော် မျက်စိမှိတ်ထားလိုက်သည်။ ခဏကြာမှ သူမက တိုးတိုးလေး ပြောသည်။

"ဖွင့်တော့ ..."

ကျွန်တော် မျက်လုံးဖွင့်လိုက်တော့ ကျွန်တော့်ရှေ့ မှာ စိန်ပန်းပွင့်ဖတ်တွေဖြင့် ပုံဖော်ရေးထားသော 'ချစ်တယ်' ဆိုသည့် စာလုံးလေးကို တွေ့လိုက်ရလေသည်။

"ဟာ ... မေယုရယ် ... ပျော်လိုက်တာကွာ၊ အရမ်း ပျော် တာပဲ၊ ဘယ်လိုပြောရမှန်း မသိအောင် ပျော်တယ်"

www.burmeseclassic.com

www.burmeseclassic.com



မေယုက ရှက်ပြုံးကလေးဖြင့် ခေါင်းငုံ့နေသည်။ ကျွန်တော့်မှာ ပျော်လွန်းလို့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။ ကျွန်တော် မေယု ခန္ဓာကိုယ်လေးကို ပွေ့ဖက်လိုက်ချင်သည်။ သို့သော် ဘာကိုမှန်းမသိ ကြောက်ကာ ကျွန်တော့် လက်တွေက လေထဲမှာသာ ဝဲနေသည်။ အနားက စိန်ပန်းပင်ကိုပဲ ပြေးဖက်ထားရတော့မလို၊ လက်ကလေးပဲ ပြေးကိုင်ထားတော့မလို။ သို့သော် ဘာမှမလုပ်ဖြစ်ဘဲ ပါးစပ်က ပျော်တယ် ... ပျော်တယ် ပြောကာ လှုပ်ကသော ခုန်ဆွ ခုန်ဆွ ဖြစ်နေသည်။

နောက်တော့ ကျွန်တော်က စိန်ပန်းပွင့်ဖတ်ကြွေတွေကို လက်ခုပ်နှင့် ကြုံးယူကာ ဟေးခနဲ အော်ရင်း အမြင့်သို့ မြှောက်၍ ကြဲဖြန့်လိုက်သည်။ အနီရောင် စိန်ပန်းဖတ်လေးတွေ ကျွန်တော်တို့ နှစ်ယောက်ပေါ်သို့ တဖွဲဖွဲကျဆင်းလာသည်။

အဲဒီနေ့က မေယု ပြန်သွားပြီးနောက် တစ်နာရီကျော်ကြာသည်အထိ အဲဒီ စိန်ပန်းပင်ကြီးအောက်မှာပဲ ကျွန်တော် ထိုင်နေခဲ့သည်။ ချစ်တယ်ဆိုသည့် စာလုံးကို ကြည့်လို့ မဝနိုင်အောင်ပင်။ လေတိုက်လို့ ပွင့်ဖတ်တွေ လွင့်သွားမှာတောင်စိုးမိ၏။ လေလာရာဘက်သို့ လက်နဲ့ကွယ်ထားလိုက်၊ လွင့်သွားသည့် ပွင့်ဖတ်တွေကို ပြန်ကောက်ဆက်စီလိုက်ဖြင့်ပင် အချိန်တွေ ကုန်လာသည်။ နောက်ဆုံးတော့ လေကဲ ခပ်ကြမ်းကြမ်း တိုက်လေရာ ပွင့်ဖတ်တွေ



အားလုံး လွင့်စဥ်သွားခဲ့တာမို့ ကျွန်တော့် ရင်ထဲ ဝမ်းနည်းသလိုကြီး ဖြစ်ကျန်ခဲ့သည်။

အချစ်ဆိုတာ စိန်ပန်းပွင့်ဖတ်တွေ လေတိုက်လို့ တစ်စစီ လွင့်သွားသလို တစ်ချိန်ချိန်မှာ ပျောက်ပျက်လွင့်ထွက်သွားတတ်လေသလားဟု အဲဒီအချိန်တုန်းကတော့ မတွေးတတ်ခဲ့တာ အမှန်တည်း။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## (၉)

●●●

မေယုကို ချစ်မိသော အဖြစ်ကြောင့်ပင် ကျွန်တော့်ဘဝမှာ ဒုက္ခတွေ တွေ့လာရသည်။ သို့သော် ကျွန်တော်ကတော့ အချစ်ကြောင့် ဒုက္ခရောက်လေ ကိုယ့်ကိုကိုယ် ဟီးရိုး (Hero) ဟု ထင်မိလေပင်။

ချစ်သူနဲ့ တွေ့ခွင့်ရဖို့ နေပူထဲမှာ တစ်နာရီလောက် ရပ်စောင့်ရင်း မိုးတွေရွာချလို့ အပူရှပ်ပြီး ဖျားရလည်း 'အဲဒါ အချစ်အတွက်' ဟု တွေးကာ ဖျားတာကိုပင် ဂုဏ်ယူသည်။ ချစ်သူ့ အိမ်နား ရစ်သီရစ်သီ သွားလုပ်မိလို့ ခွေးကိုက်ခံရလည်း ဒဏ်ရာကို တသသလုပ်ကာ 'အဲဒါ အချစ်အတွက်' ဟု ကျေနပ်သည်။ အချစ်အတွက် ဒုက္ခတွေ့လေ အချစ်သူရဲကောင်းဟု ထင်လေပင်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ညနေမှာ ကျွန်တော်က မေယုတို့အိမ်ရဲ့နောက်ဘက် ရေမြောင်းကြီးနား အမှိုက်ပုံထောင့်မှာ ထိုင်ကာ မေယုထွက်အလာကို စောင့်မျှော်နေရသည်။ ခြင်ကလည်း ကိုက်သည်။ အနံ့ကလည်း ဆိုးသည်။ အမှိုက်ပုံကလည်း ယင်တလောင်းလောင်းထနေသည်။ သို့သော် မေယုကိုသာ မြင်ရရင် အားလုံးပြီးပြီ။ ဒီဒုက္ခတွေဟာ အပရိကလေး ဖြစ်သွားလိမ့်မည်။

တစ်နာရီလောက်စောင့်ပြီးတော့မှ မေယုက ခြံနောက်ဘက် တံခါးကို ဖွင့်ကာ ထွက်လာသည်။

"မောင်ရယ် ... ယု အားနာလိုက်တာ၊ ဒီနေရာကြီးက အရမ်း ညစ်ပတ်နံစော်နေတာ"

"ကိစ္စမရှိဘူး ယု၊ မောင့်အတွက်တော့ ယုနဲ့ တွေ့ရရင် တစ်လောကလုံး မွှေးကြိုင်နေသလို ခံစားရတယ်"

"ယုလည်း ဒီလိုနေရာမျိုးမှာ မချိန်းချင်ပါဘူး၊ ဒါပေမယ့် အိမ်ရှေ့တံခါးပေါက်ကနေ ထွက်ဖို့ဆိုတာ မလွယ်ဘူး၊ ခုတလော မေမေကလည်း ယု မူပျက်နေတာကို ရိပ်မိနေသလိုပဲ၊ ဂရုတစိုက် စောင့်စောင့်ကြည့်နေတယ်"

"ဘယ်လိုအခြေအနေမျိုးပဲ ရှိရှိ၊ ဘယ်နေရာမှာပဲ တွေ့ရ တွေ့ရ မောင်ကတော့ ယုနဲ့တွေ့ရင် ပျော်တာပဲ ..."

"အံမယ် ... ဟုတ်လို့လား"



ကျွန်တော့်အတွက်တော့ ဖွဲ့နွဲ့ပြီး စကားလုံးလှလှလေးတွေ ပြောနေရခြင်းကပင် အရသာတစ်မျိုး ဖြစ်ပါသည်။ ဒုက္ခကို အပြုံးမပျက် ခံနိုင်ခြင်းကပင် ဂုဏ်ယူစရာဟု ထင်ခဲ့ပါသည်။ သူမနဲ့ တွေ့တဲ့အခါ ဘယ်လို စကားလှလှလေးတွေ ပြောရပါ့မလဲဟု ညည အိပ်မပျော်နိုင်ဘဲ စဉ်းစားခန်းဝင်မိခြင်းကပင် ပျော်မွေ့စရာ ဘဝသစ်တစ်ခုထဲ ရောက်နေရသလို ခံစားရပါသည်။

"ယုနဲ့ ခဏ ခဏ တွေ့ချင်တယ်ကွာ"

"ယုလည်း မောင့်လိုပါပဲ၊ ဒါပေမယ့် အခွင့်အရေးက မပေးဘူးလေ"

"အခွင့်အရေး မပေးလည်း မောင်ကတော့ ညတိုင်း ယုနဲ့ တွေ့နေရတာပဲ"

"ဟယ် ... ဟုတ်လည်း မဟုတ်ဘဲနဲ့"

"အိပ်မက်ထဲမှာ တွေ့တာလေ၊ ယုကို ညတိုင်း အိပ်မက်မက်တယ်"

"တကယ် ..."

"တကယ်ပေါ့ ယုရဲ့"

ကျွန်တော်က ယုလက်ဖျားလေးကို မရဲတရဲ ဖွဖွလေး ကိုင်ထားပြီး တယုတယ စကားဆိုရင်း လောကကြီးကို မေ့နေသည်။ ကျွန်တော့် ခြေထောက်ကို ခြင်တွေ ခဲနေတာ သိပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်နိုင်ပါ။ အရေးကြီးတာက ယုပဲ၊ ယုတစ်ယောက်သာပဲ။ ယုကလွဲရင် ဘာကိုမှ မမြင်တော့ပါ။

အဲဒီအချိန်မှာ ကျွန်တော့်အတွက်တော့ ယုပါးကလေးကို ပထမဦးဆုံး ဖွဖွနမ်းဖြစ်ဖို့ အရေးဟာ စစ်သူကြီးတစ်ယောက်က စစ်ပွဲတစ်ပွဲကို နိုင်အောင် တိုက်ဖို့ထက်ပိုပြီး ခက်ခဲနေပါသည်။ ယု မျက်နှာနား ကပ်သွားတိုင်း ကြောက်ကြောက်သွားကာ နောက်ပဲပြန်ဆုတ်မိသည်။

"ဟော ... နောက်ဘက်မီးတွေ လင်းလာပြီ၊ မေမေများ ယုကို ဆင်းလာရှာမလားမသိဘူး၊ ယု သွားတော့မယ်နော် မောင်"

"ယုရယ် ..."

ကျွန်တော် ယုလက်ကလေးကို ကျကွဲတော့မည့် ပန်းအိုးကလေးလို တယုတယ ကိုင်ထားရင်းက မလွှတ်ချင်လွှတ်ချင် လွှတ်ပေးလိုက်ရသည်။

ယု ထွက်သွားတော့ ရင်ထဲမှာ ဟာပြီး ကျန်ခဲ့သည်။

ယု ခြံထဲဝင်သွားတာကို မျက်စိတဆုံး လိုက်ကြည့်ပြီးမှ ကျွန်တော် ထွက်ခွာလာခဲ့သည်။ ရင်ထဲမှာ နုံးလှပါသည်။

သို့သော် ကျွန်တော် ပျော်ပါသည်။

အဲဒီလိုပဲ အခက်အခဲ အတားအဆီးတွေ ကြားကပင်



ကျွန်တော်တို့ ချိန်းတွေ့ဖြစ်ခဲ့ကြသည်။ တွေ့ဆုံတိုင်းလည်း အခက်အခဲ အတားအဆီးတွေကို မေ့ကာ ကျွန်တော်တို့ ပျော်ခဲ့ကြသည်။

ယုကို ကျွန်တော် ချစ်သည်။

ယုကလည်း ကျွန်တော့်ကို ချစ်သည်။

အဲဒီအချိန်မှာတော့ ဒီအချက်နှစ်ချက်သာ ကျွန်တော်တို့အတွက် အရေးကြီးလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၀ )

● ● ●

တစ်နေ့တော့ မိုးဦးလေပြေလေး တသွန်သုန် တိုက်ခတ်နေသော ဘောလုံးကွင်းထဲမှာ ကျွန်တော်တို့ ချိန်းတွေ့ကြလေသည်။

ယုက ဖက်ဖူးစိမ်းရောင် ဘောင်းဘီပွပွလေးနှင့် တီရှပ်ဖြူဖြူလေးကို ဝတ်ကာ ကြိုးသိုင်းဖိနပ် အဖြူရောင်လေး စီးထားပြီး အစိမ်းရောင် ထီးလေးကို ဆောင်းထားသည်။ မိုးဖွဲဖွဲကြားမှာ ထီးကလေးဆောင်းကာ လမ်းလျှောက်နေရင်း ယုက ထီးကိုပိတ်ပစ်လိုက်သည်။ ပြီးတော့ သူ့ကြိုးသိုင်းဖိနပ်လေးကိုချွတ်ကာ ရေစိုနေသည့် မြက်ငုတ်တိုလေးတွေပေါ်မှာ ခုန်ဆွ ခုန်ဆွ လျှောက်ပြေးရင်း ကျွန်တော့်ကို လှမ်းခေါ်သည်။

"ဟိတ် … မောင်၊ လာ နင်းကြည့်၊ ကော်ဇောလိုပဲ ဆ[illegible]ာ၊ အိအိလေး … သိလား"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း ဖိနပ်ကိုချွတ်ကိုင်ပြီး ယုနားသို့ ပြေးသွားလိုက်သည်။

"ဖိမ်ပဲနော်၊ ရွံ့လည်းမရှိဘူး၊ ပြေးရင် ခြေထောက်နာမှာ လည်း မဟုတ်ဘူး၊ ကော်ဖော်ပေါ် ပြေးရသလိုနေမှာ"

"ပြေးမလား ..."

"ပြေးမယ်လေ"

"ဘယ်အထိ ပြေးမှာလဲ"

"ဟိုး ... ဘောလုံးကွင်းအဆုံးထိ၊ ယု ပြေးနိုင်မလား"

"ဒီလောက်တော့ အေးဆေးပါ မောင်ရဲ့၊ ရယ်ဒီ ... ဝမ်း တူး သရီး"

ကျွန်တော်တို့ နှစ်ယောက် ချွတ်ကိုင်ထားသည့် ဖိနပ်တွေကို လွှင့်ပစ်လိုက်ပြီး တရှိန်ထိုး ပြေးထွက်ခဲ့ကြသည်။ ယုက ကျွန်တော့်ရှေ့ကို ကျော်တက်သွားတော့ ကျွန်တော်က မာယာသုံးကာ အော်ဟစ်ရင်း ထိုင်ချပစ်လိုက်သည်။

"အံမယ်လေး သေပါပြီ၊ ကြွက်တက်နေပြီ"

ယုက ကျွန်တော့်ဆီ ချာခနဲ ပြန်လှည့်ပြေးလာကာ

"မောင် ... မောင် ဘာဖြစ်တာလဲဟင်၊ ခြေထောက် နာလို့ လား၊ ယုံ နှိပ်ပေးရမလား ..."

ယုက တယုတယ မေးတော့ ကျွန်တော် ရင်ထဲ



နွေးလာသည်။ ပြီးတော့ ကျွန်တော့်မျက်နှာက ယုမျက်နှာနဲ့ နီးနီး လေး ... ၊ ယု ပါးပြင်ပေါ်က သနပ်ခါးနံ့ သင်းသင်းလေးကို ကျွန်တော် ခိုးရှူနေမိသည်။

"နာသေးလားဟင် ... ယုံ နှိပ်ပေးမယ်နော်"

"မနှိပ်ပေးနဲ့၊ မျက်စိမှိတ်ပြီး မောင့်ခြေထောက်နာ ပျောက် ပါစေလို့ အသံမထွက်ဘဲ ပါးစပ်လှုပ်ရုံ တိုးတိုးလေး ဆုတောင်းပေး၊ အခါ ငါးဆယ်ပြည့်အောင် ရွတ်ရမယ် နော်"

"အဲ့ဒီလိုရွတ်ရင် မောင့် ခြေတောက်နာက တကယ် ပျောက်မှာမို့လို့လား"

"မယုံရင် ရွတ်ကြည့်လေ၊ ပြီးရင် သိရမှာပေါ့"

ဟုက မျက်လုံးလေးတွေ မှိတ်ပြီး ရွတ်နေသည်။ ကျွန်တော်က ယုမျက်နှာနားသို့ တရွေ့ရွေ့ တိုးလာမိလေသည်။ မျက်နှာနား ထိခါနီးတော့မှ ရင်တွေ တဒိုင်းဒိုင်းခုန်လာကာ နောက်ပြန်ဆုတ်ရင်း သက်ပြင်းချမိရသည်။ ပြီးမှ နောက်တစ်ကြိမ် တိုးသွားရသည်။ ကျွန်တော့်ဘဝမှာ ဒီတစ်ကြိမ်လောက် သတ္တိ ကြောင်မိတာမရှိတော့။

မကြောက်နဲ့ အံ့ဘွယ် ... ကိုယ့်ချစ်သူ ကိုယ်နမ်းတာ ဘာဖြစ်လဲဟု ကိုယ့်ကိုကိုယ် အားပေးရင်း နောက်တစ်ကြိမ်

www.burmeseclassic.com

www.burmeseclassic.com



အနားတိုးသွားစဉ်မှာ မိုးကြိုးပစ်သလို အသံတစ်သံကို ကြားလိုက်ရသည်။

"ဟော့ ... ရပ်လိုက်စမ်း"

ကျွန်တော် တုန်သွားကာ မေယုနားက ခွာလိုက်သည်။ မေယု အမေကြီးက ကျွန်တော်တို့ ရှေ့မှာ ခါးထောက်ရပ်နေသည်။

"မေယုကြည် ... လာခဲ့စမ်း၊ မိုက်လိုက်တဲ့ သမီး၊ ငါ့မျက်နှာကို ဓားနဲ့သာ လှီးပစ်ချင်တော့တယ်"

မေယု အမေက ယု လက်ကို အကြမ်းပတမ်း ဆောင့်ဆွဲသွားသည်။ ယုက ကျွန်တော့်ကို သနားစဖွယ် မျက်လုံးကလေးတွေဖြင့် သမင်လည်ပြန် ကြည့်ရင်း ဒရွတ်တိုက် ပါသွားသည်။

ကျွန်တော် အဲဒီနေရာမှာပဲ ရပ်ကျန်ခဲ့ရင်း တုန်လှုပ်နေသည်။ ခွဲခွာခြင်းကို ပထမဦးဆုံးအကြိမ် မလှမပ ခံစားလိုက်ရတာမို့ ဆောက်တည်ရာမရ ဖြစ်ကျန်ခဲ့သည်။

နောက်တော့ ယု လွှင့်ပစ်ထားသည့် ကြိုးသိုင်းဖိနပ်နှစ်ဖက်ကို လိုက်ကောက်ရင်း ကျွန်တော် ငိုကြွေးမိလေသည်။

♥ ♥ ♥

( ၁၁ )

● ● ●

ယုနဲ့ ကျွန်တော် တစ်ပတ်တိတိ အဆက်အသွယ်ပြတ်သွားသည်။ အဲဒီနေ့တွေမှာ ကျွန်တော်လည်း ရှေ့လျှောက်လိုက်၊ နောက်လျှောက်လိုက်၊ ထိုင်မရ ထမရ ဒုက္ခတွေများကာ မချိမဆံ့ ခံစားနေရသည်။ တစ်ခါတစ်ခါ အကောင်းထိုင်နေရင်းက ရှူ့က နံရံကို ခေါင်းနဲ့ပြေးဆောင့်ချင်စိတ်မျိုးနှင့် မခံချိမခံသာ ဖြစ်လာသည်။

၈ ရက်မြောက်နေ့မှာတော့ သက်မင်းနှင့် စည်သူက ကျွန်တော့်ဆီ အပြေးအလွှား ရောက်လာကာ ...

"ဟော့ကောင် အံ့ဘွယ် လာ ... လာ အမြန်လိုက်ခဲ့၊ မေယုက မင်းနဲ့ တွေ့ချင်လို့တဲ့၊ သူ့အိမ်က အိမ်ဖော်ကောင်မလေးကနေ တစ်ဆင့် ငါတို့ကို လာပြောခိုင်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူ အခု မင်းနဲ့တွေ့နေကျ စိန်ပန်းပင်အောက်က စောင့်နေတယ်"

"ဟာ ... တကယ်လား"

ကျွန်တော် အိမ်ပေါ်မှ အမြန်ပြေးဆင်းလိုက်ရင်း ...

"သူ ... သူ ... ငါနဲ့ တစ်ခါတည်း လိုက်မလို့လား၊ သူ့လက်ထဲမှာ အထုပ်အပိုးတွေ ဘာတွေ ပါလား"

"မပါဘူးကွ၊ အထုပ်အပိုးနဲ့ဆို အိမ်ကရိပ်မိမှာစိုးလို့လည်း ဖြစ်နိုင်တာပဲ"

ကျွန်တော် စိန်ပန်းပင်ကြီးဆီ တဟုန်ထိုး ပြေးထွက်လာခဲ့သည်။ မေယုက စိန်ပန်းပင်ကြီးကို မှီရပ်ကာ ကျွန်တော်လာမည့် လမ်းဆီ မျှော်ငေးနေသည်။

"ယု ... ယုရယ်"

ကျွန်တော်က ဘာပြောရမှန်းမသိအောင် ဝမ်းသာနေဆဲ ယု မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝဲလာတာ မြင်ရသည်။

"ဟင် ... ယု ... ဘာဖြစ်လို့လဲ၊ ယုအိမ်က ယုကို ရိုက်လို့လား၊ ယု အရမ်း စိတ်ဆင်းရဲလို့လား၊ မောင် အရမ်းလွမ်းတာပဲ ယုရယ်၊ ယုရော မောင့်ကို လွမ်းတယ် မဟုတ်လား ဟင်၊ မောင်နဲ့ လိုက်ဖို့ တစ်ခါတည်း ထွက်လာခဲ့တာ မဟုတ်လား"



ကျွန်တော်က ယု လက်ကလေးတွေကို ဆွဲယူကာ ရင်ဘတ်မှာအပ်ရင်း မေးတော့ ယုက ရုတ်တရက် ရှိုက်ကြီးတငင် ငိုချလိုက်သည်။

"ဟင် ... ယု၊ ဘာလို့ အဲ့လောက် ငိုတာလဲ ...၊ အဲဒီလောက် မခံစားပါနဲ့ ယုရယ်၊ ကိုယ်တို့ သတ္တိမွေးပြီး ဘာမဆို ရင်ဆိုင်ကြမယ်လေ"

ကျွန်တော် ဘာပြောပြော ယု အငိုမတိတ်ပါ။ ကျွန်တော် ဘာမှမပြောနိုင်တော့ဘဲ ယုငိုတာကို ထိုင်ကြည့်နေလိုက်ပါသည်။ ငိုလို့ ဝတော့မှ ယုက မျက်ရည်တွေကို သုတ်ပစ်လိုက်ရင်း ...

"ယု ... မောင့်ကို ပြောစရာရှိလို့ လာခဲ့တာ"

"ပြောလေ ... ယု"

"ယုကို မေ့လိုက်ပါတော့ ..."

"ဟင် ..."

မမျှော်လင့်သော စကားမို့ ကျွန်တော် ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ယုကို မေ့လိုက်ပါတော့ မောင်၊ မောင် အခု မမေ့နိုင်သေးရင်တောင် တစ်ချိန်ချိန်ကျ မေ့သွားမှာပါ၊ မေမေက ပြောတယ် မောင် ...၊ ယုတို့အရွယ်က အချစ်ကို ကိုးကွယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ အရွယ်မို့သာ အရူးအမူး ဖြစ်ကြတာပါတဲ့၊ ဒီအရွယ်ကို လွန်သွားရင် အားလုံး ပုံပြင်ဖြစ်သွားမှာပါတဲ့၊ ပြီးတော့ မေမေက ပြောသေးတယ်၊ ယု ဦးနှောက်နဲ့ ဆင်ခြင်တတ်တဲ့ အရွယ်ကျမှသာ ဘဝခရီးဖော်ကောင်းကို ရွေးနိုင်မှာတဲ့၊ ခုတော့ အားလုံးကို မေ့ပစ်လိုက်ပါတဲ့၊ ယု မေမေ့စကားကို နားထောင်ချင်တယ်၊ မေမေ ယုကြောင့် ငိုတာကိုလည်း ယု မကြည့်ရက်ဘူး၊ မေမေ့ကို ယုကြောင့်တော့ စိတ်မဆင်းရဲစေချင်ဘူး၊ သူ့မွေးလိုက်လို့သာ မောင့်ကိုချစ်ပြီး မောင်က ချစ်တဲ့ မေယုကြည်ဆိုတဲ့ လူတစ်ယောက် ဖြစ်လာရတာ မဟုတ်လား၊ မေမေသာ မမွေးခဲ့ရင် မေယုကြည်ဆိုတာ ဖြစ်လာမှာမှ မဟုတ်တာ၊ မေယုတို့ ချစ်ကြတဲ့ ကိစ္စမှာ မေမေက အဓိက ကျပါတယ် ...၊

"အဲ့ဒီတော့ မေမေက မေယုကြည်ကို မမွေးခဲ့ဘူး၊ ဒါမှမဟုတ်ရင်လည်း မေယုကြည်က အခု မေမေ့ဗိုက်ထဲ ပြန်ဝင်သွားပြီလို့ပဲ သဘောထားပြီး ဒီကမ္ဘာမှာ မေယုကြည် မရှိတော့ဘူးလို့သာ မှတ်လိုက်ပါတော့ မောင်"

သမီးလိမ္မာလေးက စကားဆုံးတော့ ကျွန်တော့်ရှေ့မှ ပြေးထွက်သွားသည်။

"ယုရေ ... ယု"



ရုပ်ရှင်ထဲက ဇာတ်ဝင်ခန်းတွေလိုပဲ ကျွန်တော် မေယုကို အော်ခေါ်ရင်း ပြေးလိုက်လာခဲ့သည်။ ဥဩတွေက လွမ်းရောကောင်းအောင် တွန်ကျူးနေကြသည်။ စိန်ပန်းပွင့်တွေ တဖြုတ်ဖြုတ် ကြွေကျလာသည်။ သစ်ရွက်ခြောက်တွေ လေမှာဝဲနေသည်။ ကျွန်တော် ပြေးလိုက်ရင်း မျက်ရည်တွေတွေကျကာ နှပ်တွေလည်း ထွက်လာသည်။ ကံဆိုးချင်တော့ ကျွန်တော် ခလုတ်တိုက်လဲပြီး ကျန်ရစ်သည်။ ဒူးပြဲသွားသည်။ ချက်ချင်း ပြန်ထပြီး ပြေးလိုက်သော်လည်း မေယုက ကျွန်တော့်မြင်ကွင်းထဲက ပျောက်သွားသည်။

"ယုရေ ... ယု ..."

ကျွန်တော် ဆက်ပြေးလာခဲ့မိပြန်သည်။

"ဟေ့ကောင် အံ့ဘွယ် ... စိတ်ကို ထိန်းမှပေါ့ကွာ"

သူငယ်ချင်းတွေက ကျွန်တော့်ကို ဝိုင်းဝန်းတားဆီးချုပ်နှောင်လိုက်ကြသည်။ ကျွန်တော်က သွေးရူးသွေးတန်း ရုန်းနေသည်။

"လွှတ် ... လွှတ် ... ငါ့ကိုလွှတ်၊ ငါ ယုနောက်လိုက်သွားမယ်"

"လိုက်သွားလည်း ဘာမှမထူးဘူး ဟေ့ကောင်၊ သူတောင် သူ့အမေအတွက် လိမ္မာသေးတာ၊ မင်းလည်း မင်းအမေအတွက် လိမ္မာလိုက်စမ်းပါ ..."

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက နားချကြသည်။ ကျွန်တော်က ရင်နာအက်ကွဲသော အသံဖြင့် အော်လိုက်မိပါသည်။

"ယုရေ... ယု အမေဗိုက်ထဲကို ပြန်ဝင်မသွားပါနဲ့..."

♥ ♥ ♥

(၁၂)

● ● ●

"အသည်းကွဲရင် အရက်သောက်ရတယ်ကွ၊ ငါ ရုပ်ရှင်ထဲမှာ မြင်ဖူးတယ်၊ ငါ အရက်သောက်မယ်ကွာ၊ ငါ့ကို အရက်ဝယ်ပေး..."

ချစ်သူရဲ့ ပါးကလေးကိုတောင် မနမ်းဖူးသေးဘဲ အသည်းကွဲခဲ့သော ကျွန်တော်က သူငယ်ချင်းတွေကို တောင်းဆိုလိုက်ပါသည်။

"မဟုတ်တာတွေ လုပ်မနေနဲ့ ဟော့ကောင်၊ အေးဆေးနေစမ်းပါ၊ နောက်တော့ ပြီးသွားမှာပါ"

"ငါ အသည်းကွဲနေတယ်ဆေ့ကွာ၊ အဲဒီတော့ အရက်သောက်မှ ဖြစ်မှာပေါ့၊ အရက်မှ မသောက်ရင် အသည်းမကွဲဘူးဆိုတဲ့ သဘောမျိုး အစိုပ္ပာယ်သက်ရောက်သွားမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ အသည်းကွဲခြင်းဆိုတာ အရက်နဲ့တွဲမှ အဓိပ္ပာ
ပြည့်စုံတာ ..."

"ကဲ ... ဒီလောက်တောင်ဖြစ်တာ ရေခဲသေတ္တာထဲက
အဖေ သောက်တဲ့ အရက်ပုလင်းကို ယူပေးမယ်ကွာ၊ မင်
မသောက်ရင် ငါနဲ့တွေ့မယ်"

ဝဏ္ဏက သူ့အဖေ အရက်ပုလင်းကို သွားယူ
သည်။

"ကဲ ... သောက်"

သက်မင်းက ဖန်ခွက်အပြည့် ထည့်ပေးလိုက်သည်
ကျွန်တော်က ကောက်ယူမော့ချလိုက်သည်။

"အား ... ခါးတယ်ကွ၊ ပူတယ်ကွ၊ တစ်မျိုးကြီးပဲကွ"

ကျွန်တော်က ပါးစပ်ပြိခနဲဖြစ်သွားကာ ထ,အေ
လိုက်တော့ သက်မင်းတို့က ဝိုင်းရယ်ကြကာ ...

"ဒါနဲ့များ စတန့်ထွင်ချင်သေးတယ်"

"မင်းတို့ အရက်ကြီးက ချိုမှမချိုဘဲဟာ"

"အရက်ပဲကွ ... ချိုမလား၊ ချိုချင်ရင် အချိုရည်သော
အရက်ဆိုတာတော့ အဲဒါမျိုးချည်းပဲ"

"ဒါနဲ့များ ဘာကြိုက်လို့ သောက်နေကြသလဲ မသိ
အံ့မလေး ရင်ဘတ်ထဲက ပူလာပြီ၊ အချိုရည်ပဲ သော
တော့မယ်၊ အချိုရည်ပဲ ပေးကြပါ"



ကျွန်တော့်မှာ ခါးသက်ပူလောင် အော့အန်ချင်သလို တစ်မျိုးကြီး ဖြစ်လာတာမို့ အချိုရည်ကိုသာ အမြန်တောင်းဆိုလိုက်ရသည်။

"မင်းပဲပြောတော့ ... အသည်းကွဲခြင်းဆိုတာ အရက်နဲ့တွဲမှ အဓိပ္ပာယ်ပြည့်စုံတာဆို ..."

"အရက်က ဒီလိုအရသာရှိမှန်း မသိလို့ ပြောမိတာကွ၊ ဘယ့်နှယ် ... အသည်းကွဲလို့ စိတ်ညစ်နေပါတယ်ဆိုမှ ခါးခါးပူပူ အရည်ကို သောက်ပြီး ဘာလို့ ဒုက္ခခံရဦးမှာလဲ၊ စားကောင်း သောက်ကောင်းတာပဲ စားတော့မှာပေါ့"

"ဒါဆိုလည်း ရော့ ... ဒါအချိုရည်၊ ဒါက ဘဲ့ကင်၊ ပေါက်စီ၊ ဖက်ထုပ် ..."

"အေး ... အဲဒါပဲ ကောင်းတယ်"

ကျွန်တော် အချိုရည်တွေ အများကြီး သောက်ပစ်လိုက်ပြီး မုန့်တွေ ထိုင်စားပစ်လိုက်သည်။ အရသာက စားကောင်း သောက်ကောင်းမို့ စိတ်နည်းနည်းပြေကာ နေသာထိုင်သာတော့ ရှိသွားသည်။

နောက်နေ့တွေမှာလည်း ယုကို အရမ်းသတိရလာ တိုင်း မုန့်တွေဝယ်စားပစ်လိုက်သည်။ သူငယ်ချင်းတွေ အတူ စားစရာ အသစ်အဆန်းတွေ ရှာဖွေဝယ်စားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ တဖြည်းဖြည်း ဒဏ်ရာသက်သာလာသည်

သို့သော် တစ်ခါတစ်ခါတော့ ဒီကမ္ဘာမှာ မရှိတော့ပြီဖြစ်သော (သူ့အမေ ဗိုက်ထဲ ပြန်ဝင်သွားသော) ချစ်သူ ချန်ရစ်ခဲ့သည့် လက်ကိုင်ပဝါအဖြူကလေးနှင့် စိန်ပန်းပွင့်ခြော ကလေးတွေကို ထုတ်ကြည့်လွမ်းဆွတ်မိခဲ့လေသည်။

♥ ♥ ♥



**(ယောကျ်ားဆိုတာ မီးရထားနဲ့တူတယ်)**

အသက် ၂၀ အရွယ် ယောကျ်ားဟာ
လော်ကယ်ရထားနဲ့ တူတယ်၊
သူဟာ ဘူတာတိုင်းမှာ ရပ်နားတယ်၊

**(မိန်းမဆိုတာ ကမ္ဘာကြီးနဲ့တူတယ်)**

အသက် ၂၀ အရွယ်မှာ မိန်းမဟာ
အာဖရိကတိုက်နဲ့ တူတယ်၊
သူမဟာ တစ်ပိုင်းတစ်စပဲ စူးစမ်းရှာဖွေရသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



## လော်ကယ်ရထား ကျွန်တော်

## နှင့်

## အမေရိက သူမ

www.burmeseclassic.com

www.burmeseclassic.com

# ( ၁၃ )

●●●

တက္ကသိုလ်ကျောင်းရဲ့ ကော်ရစ်ဒါထောင့်ချိုးမှာ ာင်မလေးနဲ့ ကောင်လေး တိုက်မိသည့် ဇာတ်လမ်းကတော့ ဆန်းလှချေ။ သို့သော် ကျောင်းလာတက်သော ကောင်မလေးရဲ့ ာ်ဘီးက ကောင်လေးရဲ့ နောက်ကနေ အီစလံဝေအောင် င်ကြိုးလိုက်သည့် ဇာတ်လမ်းကတော့ နည်းနည်းဆန်းသည်။

အဲ့ဒီနေ့က ကျွန်တော် တစ်ယောက်တည်း မိန်းလမ်း တိုင်း လမ်းလျှောက်လာခဲ့တာဖြစ်သည်။ ရာသီဥတုက နေလည်း ူ၊ မိုးလည်းမရွာ၊ လေလေးတဖြူးဖြူးလည်း တိုက်နေသေးတာ ကျွန်တော် အေးအေးလူလူလျှောက်နေဆဲ ဘာမှန်းမသိလိုက်ဘဲ င်ပါးကို တစ်စုံတစ်ရာ ပြေးဝင်ဆောင့်ခြင်း ခံလိုက်ရပါသည်။

"အဲမလေးဗျာ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မချိမဆန့် အော်ရင်း လဲကျသွားသည်။ ကျွန်တော့်ကို တိုက်သော စက်ဘီးကလည်း လမ်းဘေးကို ထိုးကျ လဲပြိုသွားသည်။

"ကျွတ် ... ကျွတ် ... ခင်ဗျား ဘယ်လိုလုပ်တာလဲဗျ"

ကောင်မလေးက လွင့်ကျနေသော သူ့ကျောပိုးအိတ်ကို သွားကောက်လိုက်ပြီးမှ ကျွန်တော့်ဆီ ပြေးလာသည်။

"ဆောရီး ... ဆောရီး ... ဘယ်နာသွားသေးလဲ"

"နာတာကတော့ တစ်ကိုယ်လုံးပဲဗျ၊ တင်ပါးက အနာဆုံး"

"ရှင်ကလည်း ရှင်ပဲ"

"ခင်ဗျား စက်ဘီးစီးရင်း ဟိုငေးဒီငေး လုပ်နေလို့ တိုက်မိတာ မဟုတ်လား၊ ကျွန်တော့်လာ လွှဲချမနေနဲ့ ..."

"အံမယ်လေး ... ဘယ်လောက်ငေးငေး ရှင်သာ ပလက်ဖောင်းပေါ်က လျှောက်ရင် ဘာမှမဖြစ်ဘူး၊ လူတကာ ပလက်ဖောင်းပေါ်က လျှောက်နေတာ မမြင်ဘူးလား"

"ကားရှင်းတုန်း လမ်းပေါ်ဆင်းလျှောက်တာ ဘာဖြစ်လဲဗျာ"

"ဘာဖြစ်လဲ ... ဟုတ်လား၊ ကျွန်မကို မေးမနေနဲ့၊ အခု ရှင် ဘာဖြစ်သွားပြီလဲဆိုတာ ရှင်အသိဆုံးပဲ ..."

"အေး ... သိတယ် ... သိတယ်၊ လုံးဝကို လမ်းမလျှောက် နိုင်တော့ဘူး၊ တစ်ကိုယ်လုံး အီစလံဝေနေပြီ"



"ကဲ ... ယောကျာ်းကြီးဖြစ်ပြီး ဒီလောက် ညည်းမနေနဲ့၊ လာ ... နောက်ကတက်"

"ဗျာ ..."

"နောက်ကတက်လေ၊ စက်ဘီး ကယ်ရီယာပေါ် တက်ခိုင်းနေတာရှင့်"

"ခင်ဗျားက ကျွန်တော့်ကို စက်ဘီးနဲ့ တင်ခေါ်သွားမလို့လား"

"ဒါပေါ့ ... ရှင့်ကို ကူညီဖို့ ဒီနည်းပဲတတ်နိုင်တယ်"

သူမက ပခုံးလေး တွန့်၊ လက်ဝါးဖြန့်ပြရင်း ပြောဆိုက်သည်။ တော်တော်လှပါသည်။ တင်ပါးနှစ်ဖက် ကျိန်းစပ်နေသည့် ကြားကပင် သူမအလှကို ခံစားလို့ရနေသည်။ စိတ်တိုရင်းကပဲ အကြည့်နဲ့ အတွေးတွေက ရှည်လာသည်။

သူမက စက်ဘီးဆီ ခပ်သာသာ မေးငေါ့ပြနေသည်။

"ခင်ဗျား ကျွန်တော့်ကို နိုင်ပါ့မလား"

"နိုင်ပါတယ်၊ တက်မှာသာ တက်စမ်းပါ"

ကျွန်တော် ကယ်ရီယာပေါ် တစောင်းတက်ထိုင်လိုက်ရသည်။ သူမက စက်ဘီးကို ကျွမ်းကျင်စွာ နင်းသွားသည်။

သူမရဲ့ ကျောပြင်ကလေးက ကျွန်တော့် မျက်နှာနှင့် အလွန်နီးကပ်နေပြီး အနံ့ဖျော့ဖျော့လေးကို ရှူရှိုက်မိတော့ ကပုံးသား

www.burmeseclassic.com

www.burmeseclassic.com



တွေ နွေးလာသလိုပင် ...။ အပြောဆိုးချင်ပေမယ့် ရုပ်ကလေးက လှတာမို့ အမြင်ကပ်ရမှာကိုတောင် အားနာသွားသည်။

"ခင်ဗျားက ကျွန်တော်တို့ မြေကျာကတော့ မဟုတ်ဘူး ထင်တယ်"

ကျွန်တော်က ထိုင်လိုက်လာရင်း စကားလှမ်းပြောလိုက်သည်။

"ရှင်က ဘာ့မြေကျာလဲ"

"မြန်မာစာ"

"ကျွန်မက သချျာ"

"ခင်ဗျားက ကျောင်းလာတာ စက်ဘီးနဲ့ပဲ လာသလား"

"ကျွန်မက ဒီနားနီးနီးမှာနေတာလေ၊ စက်ဘီးနဲ့ လာတာ ပိုအဆင်ပြေတယ်"

သူမက စက်ဘီးကို ခပ်မြန်မြန်နင်းရင်း အသံကျယ်ကျယ်ဖြင့် ပြန်ပြောနေသည်။ ကျွန်တော်ကလည်း ခပ်ကျယ်ကျယ် မေးနေရသည်။ လူတွေက ကျွန်တော်တို့ နှစ်ယောက်ကို ကြည့်သွားကြသည်။

"ဟယ် ... ယောကျ်ားကြီးက ထိုင်လိုက်သွားတယ်တော့ ဟိ ... ဟိ ..."



ကောင်မလေး အုပ်စုဆီက ခိုးခိုးခစ်ခစ် ရယ်သံလေးတွေ လွင့်လာသည်။ သူမရဲ့ကျောပေါ်က ဆံပင်တွေက ကျွန်တော့် မျက်နှာကို လာလာကျီစယ်နေသည်။ ကျွန်တော့်စိတ်တွေ လှုပ်လာပါသည်။

"တော်ပြီဗျာ ... ရပ်တော့၊ ဒီနားမှာပဲ ဆင်းလျှောက်သွားတော့မယ်"

ကျွန်တော် အော်ပြောလိုက်တော့ သူမက စက်ဘီးပေါ်က ဆင်းလိုက်သည်။ ပြီးတော့ ပြုံးသည်။ သူမရဲ့ သွားစွယ်ကလေး မွေးခနဲ ပေါ်လာသည်။

"ဘာလဲ ... ရှက်သွားပြီ မဟုတ်လား"

"ရှက်တာပေါ့ဗျ ... ကောင်မလေးတွေ ဟားနေပြီ"

"အဲ့ဒါ အဓောကြီးကတည်းက ရှက်သင့်တာ"

"ဘာ ..."

"ကျွန်မက ရှင် အားနာပါးနာ ငြင်းမလားလို့ စက်ဘီးနဲ့ လိုက်ဖို့ခေါ်တာ၊ ရှင်က အားမနာဘဲ လိုက်လာတော့ ကျွန်မမှာ ရှင့်ကိုယ်အလေးကြီးကို တင်နင်းလာရတာ အသက်တောင် ထွက်တော့မယ်၊ ရှင်ဆင်းတော့မယ်ပြောတော့ အရမ်းပျော်သွားတာပဲ၊ အခုမှပဲ အသက်ဝဝရှူနိုင်တော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား ဘယ်လို မိန်းကလေးလဲဗျ၊ စကားပြောတာ
အားမနာ လျှာမကျိုးနဲ့"

"ကဲ ... ကဲ ... သွားတော့နော်၊ ယောကျ်ားပဲ ဒီလောက်
တော့ ခံနိုင်ရည်ရှိတယ် မဟုတ်လား"

သူမက စက်ဘီးပေါ်တက်ကာ နင်းထွက်သွားသည်
သို့သော် ချက်ချင်း ပြန်လှည့်လာကာ ကျွန်တော့်ရှေ့မှာ ရပ်
သည်။ ပြီးတော့ သူမလွယ်အိတ်ထဲက ပီကေတွေ ထုတ်ယူ
ကျွန်တော့်ကို လှမ်းပေးရင်း ...

"ရော ... အပျင်းပြေ ပီကေဝါးရအောင် ယူသွားဦး"

ဟုပြောပြီးမှ စက်ဘီးကို ဝိုက်ကွေ့ကာ တရှိန်
နင်းထွက်သွားသည်။

ကျွန်တော့်မှာတော့ ခံစားချက်မျိုးစုံဖြင့် ဖုတ်လှိုက်
ဖုတ်လှိုက် ဖြစ်ကျန်ခဲ့သည်။

♥ ♥ ♥

## (၁၄)

● ● ●

သေဆုံးချုပ်ငြိမ်းသွားပြီဟု ထင်ခဲ့သော ကျွန်တော့်
နှလုံးသားသည် သူမကြောင့် ဖုတ်လှိုက်ဖုတ်လှိုက် စ,ခုန်လာခဲ့ပြီး
တဖြည်းဖြည်း ရင်ခုန်သံ အားကောင်းလာခဲ့သည်။

တင်ပါးနားသည့် ကြားကပင် သွားစွယ်ကလေးကို
...င်ယောင်သည်။ သူမပေးခဲ့သည့် ပီကေတွေကို ဝါးရင်း သူမကို
သတိရသည်။

အဲဒီနောက်တော့ သူမတို့ အဆောင်နားသို့ ကျွန်တော်
ယောင်မလည် လာခဲ့မိတော့သည်။ နှလုံးသားရဲ့ လိုအပ်ချက်ကို
ကျွန်တော် လွန်ဆန်ဖို့ စိတ်ကူးမရှိချေ။

သူမတို့ မေဂျာအတန်းတွေ ရှိသည့်နားမှာ ကျွန်တော်
...ခါခါပတ်ပြီး ရှာဖွေသည်။ နေ့တိုင်း ဖွဲကောင်းကောင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သွားရှာရသည်။ နောက်ဆုံးတော့ ကားရပ်သည့် နေရာနား သူမရဲ့ စက်ဘီးကလေးကို လှမ်းမြင်လိုက်ရသည်။ ကျွန်တေ ပျော်သွားပါသည်။ စက်ဘီးနားမှာ သူမကို ထိုင်စောင့်နေရုံ သူမ လာတာတွေ့လျှင်တော့ မသိချင်ယောင်ဆောင်နေလိုက် သူမက အရင်လှမ်းခေါ်တာကို စောင့်မည်။ အထာပေါ့။

ကိုယ့်အတွေးနှင့်ကိုယ် Plan ချကာ ကျွန်တေ စောင့်နေလိုက်သည်။ စောင့်နေတာကြာတော့ ဗိုက်ဆာလာ ကန်တင်းဘက်သို့ ထွက်လာခဲ့သည်။ နန်းကြီးသုပ်စားရင်း သူ စက်ဘီးရပ်ထားသည့် နေရာသို့လည်း လှမ်းလှမ်းကြည့်ရသ ကန်တင်းနှင့် စက်ဘီးရပ်သည့် နေရာက တော်တော်ဝေးပါသ သို့သော် လူလုံးကွဲအောင်တော့ လှမ်းမြင်နိုင်သည်။

မုန့်စားပြီး ကျွန်တော် စက်ဘီးရပ်သည့်နေရာန ခပ်အေးအေး ပြန်လျှောက်လာခဲ့သည်။ ထိုအခိုက်မှာ ကျွန်တေ နောက်နားဆီက လှမ်းခေါ်သံကို ကြားရပါသည်။

"ဟိတ် ... ရှတ် ... ရှတ်"

အများအားဖြင့်ဆိုလျှင် ယောကျ်ားလေးတွေက ကလေးတွေကို နောက်ပြောင်လိုတဲ့အခါ ထိုသို့ အသံပြုပြီး ခေါ်တတ်ကြပါသည်။ သို့သော် အခု ကျွန်တော်ကြားနေ အသံက မိန်းကလေးအသံဖြစ်သည်။ ဒီအသံကို ကြားဖူးသလို



"ဟိတ် ... ရှတ် ... ရှတ် ... ခဏနေဦး"

ကျွန်တော် ဖြုန်းခနဲခြေလှမ်းရပ်ကာ ချာခနဲ လှည့် ကြည့်လိုက်သည်။ သူမပါလား ...။ သူမက ကျွန်တော့်ရှေ့မှာ လာရပ်ကာ ...

"ဟော့ ... ရှင် ကျွန်မကို လာရှာတာမဟုတ်လား၊ ဟော ... ကြည့် ... ရှင့်မျက်လုံးတွေ အရောင်ပြောင်းသွားပြီ၊ ညာဖို့ ကြိုးစားတော့မယ်၊ အဲ့ဒါ ရှင်တို့ ယောကျ်ားလေးတွေရဲ့ အထာပဲ၊ ရှင် သူများကိုသာ လိမ်လို့ရမယ်၊ ကျွန်မကို လိမ်လို့မရဘူး၊ ရှင် ကျွန်မကို လာရှာနေတာ တစ်ပတ်တိတိ ရှိပြီ၊ ကျွန်မကို ရှာမှန်းသိသားပဲ၊ ဒါပေမယ့် ရှင့်အကြံကို ကျွန်မ မှန်းဆမိတယ်လေ၊ ရှင်က ကျွန်မကိုတွေ့ရင် ဟန် ကိုယ့်ဖို့လုပ်ပြီး မသိချင်ယောင်ဆောင်နေမယ်၊ ကျွန်မက စ,နှုတ်ဆက်မလားလို့ စောင့်မယ် မဟုတ်လား၊ အဲ့ဒါကြောင့် ကွေ့ပတ်ရှောင်နေတာပေါ့"

"ခင်ဗျားက ကိုယ့်ကိုကိုယ် တော်တော်အထင်ကြီးတာပဲ"

"အထင်ကြီးတာ မဟုတ်ဘူးရှင့်၊ ယုံကြည်ချက်ရှိတာ၊ ကျွန်မတို့လို လှပြီး ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးတွေတိုင်း အဲဒီလို ယုံကြည်ချက် ရှိကြတယ်လေ"

"ခင်ဗျားပဲ ပြော ..."

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ ယောက်ျားတွေ ချီးမွမ်းမြှောက်ပင့်မလာခင် ကိုယ့် အရင်ဦးအောင် ကိုယ့်ကိုကိုယ် မြှောက်ပင့်ထားတာပါ အဟင်း ... ဟင်း"

သူမက သွားစွယ်ကလေးတွေပေါ်အောင် ရယ် သည်။ သူမကိုတော့ ကျွန်တော် မနိုင်ပါ။ သူမက ပိတေဝါး က ကျွန်တော့်ကို ပြုံးစေ့စေ့ကြည့်ပြန်ကာ ...

"ကဲ ... ရှင် ဝန်ခံလေ"

"ဘာကိုဝန်ခံရမှာလဲဗျ"

"ရှင် ကျွန်မကို လာရှာနေတယ်ဆိုတာလေ"

"မရှာပါဘူးဗျာ၊ ဒီနားလာတိုင်း ခင်ဗျားကို လာရှာ ထင်နေလား"

"မဟုတ်လို့လား"

"လုံးဝမဟုတ်ဘူး"

"ဝန်မခံဘူးပေါ့"

"ဝန်ခံရအောင် ဟုတ်မှမဟုတ်တာ"

"အင်းလေ ... ရှင် ဝန်မခံဘူးဆိုရင်တော့ ကျွန်မက ရိုး မှု မရှိတဲ့ ရှင့်ကို တစ်မျိုး ဆက်ဆံရလိမ့်မယ်"

ကျွန်တော် နည်းနည်းတော့ ရင်ထိတ်သွားသ

"ဘယ်လို တစ်မျိုးလဲ"



"ကျွန်မက အပုန်းတော်တယ်လေ၊ ရှင် ဒီနေ့က စ,ပြီး ကျွန်မကို ဘယ်တော့မှ မမြင်ရအောင် ပုန်းမှာပေါ့"

အဲ့ဒါတော့ မဖြစ်ပါ။ ကျွန်တော့်မှာက ရှေ့ဆက် ချင်သည့် ခါတ်လမ်းရှိသေးသည်။

"ကဲ ... ဝှတ်ဘိုင်နော်၊ နှုတ်ဆက်ခဲ့ပါတယ်"

သူမက တာ့တာပြကာ လှည့်ထွက်သွားခဲ့ပြီ။ ကျွန်တော် ခပ်ငေါင်ငေါင် ရပ်ကျန်ခဲ့သည်။ သူမလည်း ကျွန်တော့် မြင်တွင်းရှေ့က ပျောက်တော့မည်။

"ဟေ့ ... ဟေ့ ... နေဦး"

ကျွန်တော် သူမနောက်သို့ ပြေးလိုက်လာခဲ့သည်။

သူမက ကျွန်တော့်ကို အနိုင်ယူတော့မည့် အကြည့် တွေဖြင့် ကြည့်နေသည်။ ကျွန်တော်က သူမရှေ့ရောက်တော့ မောဟိုက်သံဖြင့် ပြောလိုက်သည်။

"ဝန် ... ဝန်ခံမယ် ... ဝန်ခံမယ်၊ ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်တော် ခင်ဗျားကို လာရှာတာ ..."

"ဘာကိစ္စရှာတာလဲ ..."

"ဟာ ... ဒါတော့ သိသိကြီးနဲ့ဗျာ"

"မေးတာပဲ ဖြေပါ"

"ခင်ဗျားကို စိတ်ဝင်စားလို့ဗျာ၊ သဘောကျလို့ဗျာ ... ကဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ ယောကျ်ားတွေဟာ ဒီလိုပဲထင်တယ်နော်၊ မိန်းကလေး တစ်ယောက်နဲ့ ခဏလေးနီးစပ်သွားတာနဲ့ နှလုံးသားတွေ ပုန္နေးလာတော့တာပဲ"

"ယောကျ်ားပဲဗျာ ဒါ သဘာဝပေါ့၊ ခင်ဗျား စကားကို တမင်အနိုင်ယူပြီး အပေါ်စီးကနေ မပြောစမ်းပါနဲ့"

"ကျွန်မက ဘာမဆို အနိုင်ရမှ၊ ကျွန်မ စိတ်တိုင်းကျဖြစ်မှ ကျေနပ်တတ်တယ်ရှင့်၊ ဪ ... ဒါနဲ့ ရှင် စက်ဘီးတိုက်ခံထိထားတာ ဘာဖြစ်သွားသေးလဲ"

"ဘာမှမဖြစ်တော့ပါဘူး၊ တိုက်ခါစကတော့ နာပြီး ခြေထောက်တွေ ဘာတွေ ယောင်လာတာပေါ့ ..."

"ဟယ် ... ခုမှ နာရီကြည့်မိတယ်၊ အတန်းချိန်နီးနေပြီ သွားတော့မယ်"

သူမက သူမ ပြောချင်ရာပြောပြီး ခပ်သုတ်သုတ်ထွက်သွားသည်။

"ဟေ့ ... ဟေ့ ... နာမည်တော့ ပြောခဲ့ဦးလေ၊ ကျွန်တော် နာမည်လည်း မှတ်သွားဦး၊ အံ့ဘွယ်ကျော် ... တဲ့"

ကျွန်တော် လှမ်းအော်တော့ ကောင်မလေးက ကျွန်တော့်ဘက် ပြန်လှည့်ရင်း ...

BURMESE CLASSIC .com



"ဒီဓမ္မာရာမှာ ရည်းစားအများဆုံးက ဘယ်သူလဲဆိုတာ စုံစမ်းကြည့်လိုက်ရင် ရှင် ကျွန်မနာမည် သိရလိမ့်မယ်"

ဟု လှမ်းပြောသွားသည်။

ဘယ်လိုမှန်းမသိသည့် ခံစားချက်မျိုးနှင့် ကျွန်တော် ကျန်ရစ်ခဲ့ရသည်။

ကျွန်တော် ကြားဖူးတာက မိန်းမတွေဟာ အသက် ၂၀ အရွယ်မှာ အာဖရိကနဲ့ တူတယ်တဲ့။ တစ်ပိုင်းတစ်စပဲ စူးစမ်းရှာဖွေရသေးတယ်တဲ့။

သူမရဲ့ တစ်ပိုင်းတစ်စကတော့ တော်တော်ကြီးသည့် တစ်ပိုင်းတစ်စ ဖြစ်လိမ့်မည်။

သို့သော် ... ဘယ်လိုပဲဖြစ်ဖြစ် လော်ကယ်ရထားက တော့ အာဖရိကတိုက်ဘက်သို့ ဦးတည်လိုက်ပြီ ဖြစ်လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

(၁၅)

●●●

အဲ့ဒီ အာဖရိကတိုက်ရဲ့ နာမည်က လေးဝတီဖြစ်ပါသည်။

သူမက လှပါသည်။ သွက်ပါသည်။ ပြီးတော့ ရည်းစားလည်း များပါသည်။

ရည်းစား ငါးယောက် ထားခဲ့ဖူးပြီး တစ်ယောက်စီနှင့် လေးလနှုန်းသာ အဆင်ပြေပြီး နောက်တော့ ကွဲသွားသည်ဟု သိရပါသည်။

လောလောဆယ်တော့ သူမမှာ ရည်းစားမရှိသေးပါ။

မကြာခင် သူမရည်းစားဟာ ကျွန်တော် ဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားပါသည်။

ဘာကြောင့်မှန်းမသိဘဲ သူမကို ကျွန်တော် ချစ်မိခဲ့လေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သူမက ပီကေ အလွန်ကြိုက်သူဖြစ်ပြီး အားရင် ပီကေ ဝါးနေကာ ပီကေပူဖောင်း မှုတ်နေတတ်သူ ဖြစ်သည်။ သူမ ပီကေပူဖောင်း မှုတ်ချိန်မှာ ဝိုင်းစုလာသော နှုတ်ခမ်းလေးက အလွန်ကြည့်လို့ကောင်းပါသည်။

တစ်နေ့တော့ သူမှုတ်လိုက်သော ပူဖောင်းက ပေါက်သွားကာ ပီကေတစ်စက ကျွန်တော့်ဆံပင်မှာ လာကပ်လေသည်။

"ဟာ ... ဒုက္ခပဲ၊ ရှုပ်ကုန်ပြီ"

"အယ် ... ဟုတ်ပါရဲ့၊ ငြိမ်ငြိမ်နေ ... ကျွန်မ ခွာပေးမယ်"

သူမက ကျွန်တော့် နောက်ဘက် ဆံပင်စတွေပေါ်က ပီကေဖတ်ကို ဆွဲခွာနေသည်။

"မရဘူး ... ဆံပင် လေးငါးပင်နဲ့ ပူးနေတာ၊ ဆွဲခွာလို့ မရတော့ဘူး၊ ညှပ်ပစ်မှရမယ်"

"ဟာ ... အဲဒါဆို ဆံပင်ကို ကြွက်ကိုက်ခံရသလို အထစ်ကြီး ဖြစ်သွားမှာပေါ့"

အဖျားကလေးတွေပဲ ညှပ်ရမှာဆိုတော့ သိပ်မသိသာပါဘူး"

"ဒါပေမယ့် ဆံပင်ကတော့ ပုံပျက်မှာပဲလေ"

ကျွန်တော်က ညည်းညူနေရင်းကပဲ ရုတ်တရက် ဉာဏ်ပွင့်သွားကာ ...

"လေးဝတီ ..."



ဟု ခပ်တိုးတိုးခေါ်လိုက်တော့ သူမက ကျွန်တော့်ကို ကြည့်သည်။

"ပီကေဆိုတာ ဆံပင်မှာကပ်ရင် ခွာလို့မလွယ်ဘူး မဟုတ်လား၊ ဆံပင်ကို ညှပ်ပစ်မှရမှာမဟုတ်ဘဲလား၊ ကျွန်တော်နဲ့ လေးဝတီဟာလည်း ပီကေနဲ့ ဆံပင်လိုပဲ၊ ကျွန်တော် လေးဝတီကို အရမ်းချစ်တယ်၊ ကျွန်တော့်အချစ်ဟာ ပီကေလိုပဲ၊ လေးဝတီဆီမှာ ငြိတွယ်နေတယ်၊ ကျွန်တော့်အချစ်တွေ လေးဝတီဆီကနေ ခွာသွားဖို့ဆိုရင် ကျွန်တော်ရင်ဘတ်ထဲက အသည်းနှလုံးကို ဖြတ်ထုတ်ပစ်လိုက်မှပဲ ရမယ်၊ အဲဒီလိုဆို ဆံပင်ပုံပျက်သလိုမျိုး ကျွန်တော့် ဘဝလည်း စုတ်ပြတ်သတ်သွားနိုင်တယ် ..."

သူမက ခဏငြိမ်သွားပြီးမှ တဟင်းဟင်းရယ်ရင်း ...

"စကား သိပ်တတ်တာပဲနော်၊ ကျွန်မ ကြားဖူးတာကတော့ ပီကေ ကပ်နေရင် ရေနံဆီနဲ့ ချွတ်ရတယ်တဲ့ရှင် ..."

"စကားကို ကပ်မပြောပါနဲ့လားဗျာ၊ ကျွန်တော်က တကယ် ခံစားရတဲ့သူပါ"

"ကျွန်မကရော မခံစားရဘူး ထင်လို့လား"

"ဗျာ ... တကယ် ... တကယ်လား"

"ကြည့်စမ်း ... ရှင့်မျက်လုံးတွေ အရောင်တောက်လာလိုက်တာ၊ ငါ ရည်းစားရပြီလို့ တွေးလိုက်တာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူမက ခပ်နောက်နောက် ပြောရင်း ကျွန်တော့်ကို နှာခေါင်းရှုံ့ပြသည်။ ကျွန်တော် အသည်းယားကာ သူမနား ကပ်သွားတော့ သူမက ဖျတ်ခနဲ ထ,ထွက်ပြေးသွားသည်။

ဘာပဲပြောပြော အာဖရိကတိုက်ကိုတော့ လော်ကယ် ရထား ဆိုက်ရောက်ခဲ့ပြီဖြစ်ပါသည်။

♥ ♥ ♥

( ၁၆ )

● ● ●

သူမနဲ့ ကျွန်တော် ချစ်သူဖြစ်ခဲ့ကြပြီးနောက် တစ်လ အကြာတွင်ဖြစ်သည်။ အတန်းအားချိန်မှာ ကျွန်တော်က ကန်တင်းမှာ ထိုင်ကာ တစ်ယောက်တည်း မုန့်စားနေဆဲ မိန်းကလေး သူငယ်ချင်းအုပ်စုက ကျွန်တော့်ဝိုင်းမှာ လာဝင်ထိုင်ကြကာ . . .

"တစ်ယောက်တည်းပါလား အံ့ဘွယ်၊ နင့် ကောင်မလေး ဆီ မသွားဘူးလား"

"အတန်းအားချိန်က ခဏလေးဆိုတော့ သွားဖို့အချိန်မရ တော့ဘူးလေဟာ၊ သူလည်း ခုချိန် အတန်းတက်နေရမှာ၊ နင်တို့ ဘာစားမလဲ . . . စားလေ"

"နင် ရှင်းမှာလား . . ."

"ရှင်းစရာလား၊ ကိုယ်စားတာ ကိုယ်ရှင်းပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"နင် တော်တော် ကပ်စေးနှဲပါလား အံ့ဘွယ် ..."

"အံ့ဘွယ်ကို ပြီးခဲ့တဲ့ တနင်္ဂနွေက ဒဂုန်စင်တာထဲက ဖိနပ်ဆိုင်မှာ ငါတွေ့လိုက်တယ် သိလား၊ သူ့ကောင်မလေးဖို့ ဖိနပ်ဝယ်တာလေ၊ အဲဒါမျိုးကျ မနှမျောဘူးတော် ..."

"ဒါကတော့ ဘယ်တူမလဲ၊ နင်တို့က ပြောမနာဆိုမနာ သူငယ်ချင်း၊ ဟိုက ချစ်သူ၊ မျက်နှာမညိုအောင် မနည်းအရိပ်ကြည့်နေရတာ၊ နင်တို့ မျက်နှာက ညိုလည်း ခဏပဲဟာ၊ ပြီးရင် ဟီးဟီးဟားဟား ပြန်ဖြစ်လာတာ၊ ဟိုက စိတ်ကောက်သွားရင် ဟီးဟီးဟားဟားဖြစ်ဖို့ မလွယ်ဘူး၊ ကံဆိုးရင် လမ်းခွဲမယ်တွေ ဘာတွေ အပြောခံရနိုင်တယ်"

"အဲ့ဒီကောင် သူ့ကောင်မလေးကို အရမ်းကြောက်ရတာပဲနော်"

"ကြောက်တာမဟုတ်ဘူး၊ ချစ်တာ"

"ဟဲ့ ... အဲဒါတွေ ခဏထားဦး၊ စာမေးပွဲနီးပြီနော်၊ နင် စာတွေရပြီလား အံ့ဘွယ်"

"ခုမှ ကျက်တုန်းပါဟာ ..."

"ကိုအံ့ ..."

ကျွန်တော်တို့တွေ ရယ်မောစကားပြောနေကြဆဲ နောက်နားဆီမှ ခပ်ဆောင့်ဆောင့် ခေါ်သံကြားလိုက်ရသည်။



အဲဒါ သဲလေး အသံပဲ။ (ကျွန်တော်က သူမနာမည်ထဲက 'လေး' ဆိုသည့် တစ်လုံးကို ယူကာ အသည်းနှလုံးနှင့် ထပ်တူပြု တင်စားသည့် သဘောဖြင့် 'သဲလေး' ဟုခေါ်ပါသည်။)

"သဲလေးပါလား ... အတန်းမရှိဘူးလား၊ လာ ... ထိုင်လေ၊ သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးမယ်"

"ရှင် ကျွန်မနဲ့ ခဏလိုက်ခဲ့ပါ ..."

သူမက ဒေါသမျက်နှာနှင့် ခပ်တင်းတင်း ပြောနေတာမို့ သူငယ်ချင်းတွေကို အားနာနာနှင့်ပင် အကြောင်းကြောင်းထ,လိုက်လာခဲ့ရပါသည်။ သူမက ကျွန်တော့်ကို လူရှင်းသောနေရာသို့ ခေါ်သွားကာ ...

"ရှင် ... အဲဒါ ဘာလုပ်နေတာလဲ ကိုအံ့ ..."

"သူငယ်ချင်းတွေနဲ့ စကားပြောနေတာလေ၊ ဘာဖြစ်လို့ သဲလေးက ဒေါသတွေ ဖြစ်နေတာလဲ၊ ဟိုမှာ ... သူငယ်ချင်းတွေ အားနာစရာ"

"ရှင့်သူငယ်ချင်းတွေကိုလည်း ကြည့်ဦးလေ၊ အားလုံးမိန်းကလေးတွေချည်းပဲ၊ တဟီးဟီး တဟားဟားနဲ့ ဖြစ်နေလိုက်ကြတာ"

"ဟာ ... ဒီလိုတော့ မပြောပါနဲ့ သဲလေးရာ၊ ကိုယ်တို့ချင်းက အရမ်းခင်ကြတဲ့ ပြောမနာ ဆိုမနာ သူငယ်ချင်းတွေပါ"

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းဆိုတဲ့ ခေါင်းစဉ်ကို ကာဘာယူပြီး ရှင့် မသိ စိတ်က မိန်းကလေးတွေ တစ်အုပ်ကြီးနဲ့ ပေါ်းလားဝါးလား ဟီးဟီးဟားဟား လုပ်နေရတာကို သာယာနေတာ မဟုတ် လား"

"မဟုတ်တာတွေ မပြောပါနဲ့ကွာ ..."

"အရင်နေ့တွေကလည်း အတန်းရှိတယ်ပြောပြီး ကျွန်မဆီ မလာဘဲ ဒီလိုပဲ ပေါ်းလားဝါးလား လုပ်နေတာမဟုတ်လား"

"မဟုတ်ရပါဘူးကွာ"

"ဘာမဟုတ်ရမှာလဲ ... ဘာမဟုတ်ရမှာလဲ၊ ရှင် ကျွန်မကို မညာနဲ့ ..."

သူမရဲ့ဒေါသက ပြင်းထန်လွန်းလွန်းတာမို့ ကျွန်တော် လန့်ဖျတ်သွားပါသည်။ သူမက ကျွန်တော့် လက်မောင်းနှင့် ကျောကုန်းကို စိတ်ရှိလက်ရှိ ထုရိုက်နေတာကို နာပေမယ့် ငြိမ်ခံ နေရသည်။

သူမပဲ ရိုက်ပြီး သူမပဲ မျက်ရည်ကျပြန်ကာ ...

"ကိုအံ့ ... ကျွန်မက အရမ်းသဝန်တိုတတ်တယ် သိလား ကျွန်မကလွဲပြီး ဘယ်မိန်းမနဲ့မှ ရင်းနှီးခင်တာမျိုး မရှိစေချင် ဘူး၊ ကျွန်မကိုပဲ ချစ်ပြီး ကျွန်မ တစ်ယောက်ကိုပဲ ဂ စိုက်ရမယ်၊ ကျွန်မက အချစ်ခံရတာကို အရမ်းသာယ



ယစ်မူးတယ် ကိုအံ့ရဲ့၊ ကိုအံ့ ကျွန်မကို အရမ်းချစ်မှန်းသိ တော့ ကျွန်မ သိပ်ကျေနပ်တာပဲ၊ ကိုအံ့ ... ကျွန်မကို ချစ် ရင် ကျွန်မ စကားကို နားထောင်ရမယ်နော်၊ နောက်ဆို အဲ့ဒီ မိန်းကလေးသူငယ်ချင်းတွေနဲ့ အရောမဝင်နဲ့၊ ခပ် တန်းတန်းပဲ ဆက်ဆံ"

ကျွန်တော် သူမကို အထူးအဆန်းသဖွယ် ငေးနေမိ သည်။ သူမကြည့်ရတာ အစွန်းရောက်လွန်းသည်ဟု ထင်သည်။ ကျွန်တော် သူမကို လန့်လာမိပါသည်။

"နော် ... ကိုအံ့၊ ကျွန်မ စကား နားထောင်မယ် မဟုတ် လား"

"နားထောင်ပါ့မယ်"

လန့်မိသော်လည်း ချစ်စိတ်ကြောင့် ခေါင်းညိတ်မိပါ သည်။

သူမကြောင့် သူငယ်ချင်းတွေရှေ့မှာ အရှက်ရခဲ့တာ ကော့ အမှန်တည်း။

အဲဒီနေ့က ကျွန်တော် စိတ်ညစ်ညစ်နှင့် အင်းလျား ကန်စောင်းမှာ တစ်ယောက်တည်း သွားထိုင်နေမိခဲ့ပါသည်။

အချစ်ဆိုတာ ဒီလိုကြီးမှန်း အစက သိမှမသိတာ။

♥ ♥ ♥

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

●●●

သူမရဲ့ အတွေ့ကို ကျွန်တော် တဖြည်းဖြည်း မြင်လာရင်လသည်။

သူမနှင့်တွေ့လျှင် ရင်ခုန်မောရသော၊ သူမရဲ့ စကားသံတွေမှာ သာယာမိသော၊ မျက်နှာကလေးကို တစိမ့်စိမ့်ငေးကြည့်အချိန်ဖြုန်းချင်သော၊ ပါးအိအိကလေးကို နမ်းမွှေးခဲ့မိသော၊ ဘာမဆိုသူမအလိုကျ ခေါင်းညိတ်ခဲ့ရသော အချိန်များ ကုန်ဆုံးလာခဲ့သောအခါ သူမရဲ့ အတွေ့ကို ကျွန်တော် တဖြည်းဖြည်း ပြန်မြင်လာရလေသည်။

သူမက ကျွန်တော့်ရဲ့ ယောကျ်ားလေး သူငယ်ချင်းများ၊ မိန်းကလေးသူငယ်ချင်းများပါ အားလုံးကို အဆက်အသွယ်ဖြတ်၊ အပေါင်းအသင်းမလုပ်ဖို့ တားမြစ်လိုက်ပြီး ကျွန်တော်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အချိန်အားမှန်သမျှကို သူမ တစ်ယောက်တည်း အပိုင်စီးထားလို သည်။ အဆိုးဆုံးမှာ တွေ့ရာ မြင်ရာ မိန်းကလေးနှင့် ကျွန်တော် ကို စွပ်စွဲသမုတ်တတ်ခြင်းတည်း။

အဲ့ဒါ တော်တော်ဆိုးပါသည်။

တစ်နေ့တော့ ကျွန်တော်တို့ ဌာနက ကျူ တစ်ယောက်နှင့် ကျွန်တော် လမ်းမှာဆုံကြသည်။ ဆရာမလေး ငယ်ငယ်ချောချော ဣန္ဒြေရရလေးပင်။ လူကြီးလည်းဆန်ကာ အေ ဆေး သိမ်မွေ့တာမို့ ကျွန်တော်တို့ ကျောင်းသားတွေက လေးလေ စားစား ဆက်ဆံကြပါသည်။

ဆရာမက စာအုပ်တွေ မနိုင်မနင်းနှင့် ကားပေါ် ဆင်းလာတာမို့ ကျွန်တော်က ဆရာမဆီ လျှောက်သွားလိုက်ရ

"ဆရာမ ... ကျွန်တော့်ကို ပေးပါ၊ ကျွန်တော် ကူသယ် ပါ့မယ်"

"ဪ ... အေး ကျေးဇူးပဲ အံ့ဘွယ်ရယ်"

ကျွန်တော်က စာအုပ်တွေ သယ်ရင်း ဆရာမ အတူ ဌာနဘက်သို့ လျှောက်လာခဲ့ပါသည်။ အဲ့ဒီအချိန်မှာ ပြိ ဝင်ခဲ့တာ ဖြစ်လေသည်။

လေးဝတီက ကော်ရစ်ဒါထောင့်ချိုးမှ ပေါ်လာ ကျွန်တော်တို့ ရှေ့မှာ ပိတ်ရပ်လိုက်ရင်း...



"ကိုအံ့ ... အရေးတကြီး ကိစ္စ ပြောစရာရှိလို့ ကျွန်မနဲ့ ခဏလိုက်ခဲ့စမ်းပါ"

ကျွန်တော်က ဆရာမကို အားနာသွားကာ ...

"ဆရာမကို လိုက်ပို့လိုက်ဦးမယ်"

"ဒီမှာ အရေးကြီးနေတယ်၊ မစောင့်နိုင်ဘူး"

"ကဲ ... ကဲ ... အံ့ဘွယ် ... သူ တကယ် အရေးကြီးလို့နေမှာပါ၊ လိုက်သွားလိုက်ပါကွယ်၊ ဆရာမကို စာအုပ်တွေ ပြန်ပေး"

ကျွန်တော် ကိုယ့်မျက်နှာကိုယ် ဘယ်နားသွားဖွက်ရမှန်း မသိအောင် အရှက်ကြီး ရှက်သွားသည်။ ရင်ထဲမှာ ဒေါသက တလှိုက်လှိုက် ဆူလာပါသည်။

ဆရာမ ကွယ်သည်နှင့် ကျွန်တော် သူမလက်ကို ဆွဲကာ ခြေလှမ်းကျဲဖြင့် ထွက်လာသည်။ ကျွန်တော်က အဆောင်ထောင့် လမ်းကြားကို ဆွဲခေါ်လာရင်း ...

"ကဲ ... ပြော ... မင်းရဲ့ အရေးကြီးတဲ့ ကိစ္စက ဘာလဲ ပြော ..."

"ဘာမှ မဟုတ်ပါဘူး ကိုအံ့ရဲ့"

"ဘာမှမဟုတ်ဘဲ မင်း ငါ့ကို ဘာလို့ လာခေါ်လဲ"

"ရှင်က ဆရာမချောချောလေးကို မျက်နှာလုပ်နေတာကို ကြည့်မရလို့ပေါ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ငရဲကြီးမယ်၊ အဲဒါ ငါတို့ကို စာသင်ပေးတဲ့ ဆရာမ
ကွ ..."

"နေစမ်းပါဦး ကိုအုံရဲ့ ... ဒါလေးပြောမိရုံနဲ့ ရှင်က
ဘာဖြစ်လို့ ဒီလောက် ဆတ်ဆတ်ခါနေရတာလဲ၊ ဒီလောက်
တောင်ပဲ အထိမခံဖြစ်နေရသလား၊ ကျွန်မကြောင့် ရှင့်သိက္ခာ
ဘယ်လောက်ပဲ့သွားလို့လဲ"

"ငါ့သိက္ခာထက် ဆရာမ သိက္ခာက ပိုအရေးကြီးတယ်ကွ။
မင်းလုပ်ပုံက ငါ့ကိုရော ဆရာမကိုပါ စော်ကားတာနဲ့
အတူတူပဲ"

"ကြည့်စမ်း ... ရှင်ကများ အော်လား ဟစ်လားနဲ့၊ ရှင်
အရူးအမူးချစ်နေတဲ့ မိန်းမတစ်ယောက်ကို ဒီလောက်လေး
တောင် သည်းမခံနိုင်ဘူးလား"

"မင်းလုပ်နေတာတွေက ဒီလောက်လေး မကတော့ဘူး
ဒီလောက်ကြီး ဖြစ်နေပြီ"

"ဒီမှာ ကိုအုံရဲ့ ... မြဲမြဲမှတ်ထားစမ်းပါ၊ လေးဝတီဆိုတာ
ရှင်တို့လို ယောကျာ်းတွေက အမြဲ အရိပ်ကြည့်တောင်းပန်
ခယနေရတဲ့ မိန်းမတစ်ယောက်ပါ၊ ဒီလိုမျိုး အအော်ခံရ
တယ်ဆိုတာ လေးဝတီရဲ့ ရာဇဝင်မှာ မရှိဘူး၊ ရှင့်ရဲ့
ဒေါသစကား လုံးတွေကို ရှင် ပြန်ကောက်သိမ်းထားလိုက်



စမ်းပါ၊ လေးဝတီကို ဒီလိုအချိုးမျိုး လာမချိုးပါနဲ့၊ မရ
ဘူးရှင် ...၊

"ရှင် နောက်တစ်ခါ ကျွန်မဆီလာဖို့ စဉ်းစား
ရင် ရှင့်မာန်စွယ်ကို ချိုးပြီးမှ လာ ... ဟုတ်ပြီလား"

သူမက သာသာလေး ပြောပြီး လှည့်ထွက်သွားသည်။

ကျွန်တော့်မှာတော့ ဒေါသ မောဟ သောကတွေနှင့်
လူးလိမ့်ကျန်ခဲ့သည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## ( ၁၈ )

●●●

ခါတိုင်း အချိန်တွေကဆို သူမ စိတ်ကောက်လျှင် တစ်ရက်လောက်သာ မခေါ်မပြောဘဲ နေနိုင်ပြီး ၂ ရက်မြောက်နေ့မှာ သူမထံ မျက်နှာငယ်လေးဖြင့် သွားကာ ချော့မော့ရမြဲဖြစ်သည်။ ဒီတစ်ကြိမ်မှာတော့ စိတ်ကုန် စိတ်ပျက်ရလွန်းတာမို့ တစ်ပတ်လောက်တော့ မှတ်လောက်သားလောက်အောင် ပစ်ထားလိုက်ဦးမည်ဟု ကျွန်တော် စိတ်ကူးကာ သူမထံ ခြေဦးမလှည့်ဘဲ နေလေသည်။

လေးရက်မြောက်နေ့မှာတော့ ကျွန်တော်တစ်ယောက်တည်း လမ်းလျှောက်လာစဉ် စက်ဘီး တစ်စီးက ကျွန်တော့်နံဘေးမှ တလှစ်လှစ် ဖြတ်ကျော်သွားတာကို တွေ့လိုက်ရသည်။ ယောကျ်ားလေးက နောက်မှ ထိုင်လိုက်လာပြီး မိန်းကလေးက ရှေ့မှ နင်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟာ ... ဟာ ... ဒါ ... လေးဝတီ မဟုတ်လား။ သူမပဲဟု သိလိုက်ရချိန်မှာ ကျွန်တော့်ရင်ထဲ ဝုန်းဒိုင်းကျဲသွားသည်။

ကျွန်တော် လွယ်ထားသော အိတ်ကို စလွယ်သိုင်းကာ ထိုစက်ဘီးနောက်သို့ တဟုန်ထိုး ပြေးလိုက်ပြီးမှ ရှေ့အ ပိတ်ရပ်လိုက်သည်။

သူမက အေးအေးဆေးဆေးပင် စက်ဘီးပေါ်က ဆင်းလိုက်ပြီး သူ့နောက်ကလူကို လှည့်ကြည့်ကာ ...

"ကဲ ... ရှင် ဒီကပဲသွားနှင့်တော့နော်၊ ခဏနေ ကျွန်မ လိုက်လာခဲ့မယ်"

ဟု ပြောလိုက်သည်။ ထိုလူ ထွက်သွားတော့ သူမ က လှမ်းခေါ်ပြန်ကာ သူမလွယ်အိတ်ထဲကို လက်နှိုက်လိုက်ပြီး ...

"ရော့ ... ရော့ ...၊ ဒီမှာ အပျင်းပြေဖတ်ပါ့ဝါးဖို့ ပီကေယူသွားဦး"

ဟု ပြောကာ လှမ်းပေးလိုက်တာမို့ ကျွန်တော့်ရင်ထဲ ဆတ်ဆတ်တုန်သွားသည်။ ကျွန်တော့်တုန်းကလည်း ဒီလိုပုံမျိုး ချိုးခဲ့တာပဲ ... ။

သူမက ကျွန်တော့်ကို မေးဆတ်ပြလိုက်ရင်း ...

"ကဲ ... ပြော ... ဘာကိစ္စလဲ"

"ခုနလူက ဘယ်သူလဲ ..."

"ကျွန်မရဲ့ ရည်းစားအသစ်လေ ..."



"ဒါဆို ငါက ဘာလဲ ..."

"ကျွန်မရဲ့ ရည်းစားဟောင်းပေါ့၊ ရှင်နဲ့ ကျွန်မက ပြတ်သွားပြီလေ"

"ပြတ်ရအောင် မင်းနဲ့ ငါနဲ့ မတွေ့တာ ဘယ့်နှရက် ရှိသေးလို့လဲ"

"သုံးရက်ရှိပြီလေ၊ ရှင် လာချော့မလားလို့ ကျွန်မ ၇၂ နာရီ လောက် စောင့်ခဲ့ပြီးပြီ၊ မလာတဲ့အဆုံး သူ့ကို လက်ခံလိုက် ရတာ"

"ဩော် ... ဩော် ... တော်တော် သည်းခံပြီး စောင့်ခဲ့တာ ကိုး၊ ဒါနဲ့ မင်းရည်းစားအသစ်ရတာ မြန်လှချည်လား"

"ငါးမျှားချိတ် ချတာတာ်ရင် မြန်ပါတယ်"

"ငါ နားမလည်လို့ ရှင်းပြနိုင်မလား"

"မိန်းကလေးဆိုတာ ယောကျာ်းလေးတစ်ယောက်နဲ့ တိုက် ဆိုင်တွေ့ဆုံခိုက်မှာ အဲဒီလူက ကိုယ့်ကို စိတ်ဝင်စားတဲ့ အခြေအနေကို အကဲခတ်မိရင် ကိုယ့်အကြောင်း အများကြီး အသိပေးခဲ့ဖို့ မလိုဘူး၊ အထင်သေးသွားတတ်တယ်လေ၊ လုံးဝ မပြောဘဲ နေခဲ့ရင်လည်း လမ်းစပျောက်ပြီး ကိုယ့်ဆီ ရောက်မလာဘဲ နေမှာပေါ့၊ အဲဒီတော့ ကိုယ်ရှိနေတတ်တဲ့ နေရာလေးကိုပဲဖြစ်ဖြစ် ရိပ်မိအောင် ပြောခဲ့ရတယ်၊ လုံးဝ အတိအကျ မဟုတ်ဘူးနော်၊ နည်းနည်း အားစိုက်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



သိနိုင်လောက်တဲ့ နေရာမျိုးပေါ့၊ အဲဒါကို ငါးမျှားချိတ်ကလေး ချပေးခဲ့တယ်လို့ ပြောတာ၊ ရှင့်တုန်းကလည်း အဲဒီနည်းပဲ သုံးခဲ့တာဆိုတော့၊ ခုလည်း ဒီနည်းပဲ သုံးခဲ့တာပေါ့၊ မဆိုးပါဘူး၊ ထိရောက်ပါတယ်"

"မင်း တော်တော်ကြောက်ဖို့ကောင်းတဲ့ မိန်းကလေးပဲ၊ မင်းက ရည်းစားတွေတော့ ထားခဲ့ပြီး အချစ်ကျတော့ တန်ဖိုးမထားတတ်ခဲ့ဘူးနော်"

"ဒီမှာ အံ့ဘွယ်ရဲ့ ... အချစ်ဆိုတာ အခု ကျွန်မ ဝါးနေတဲ့ ပီကေလိုမျိုးပဲ၊ စ,ဝါးခါစမှာသာ ချိုပြီး အရသာရှိတာ၊ ကြာကြာဝါးလာတော့ ဘာအရသာမှ မရှိတော့ဘူး၊ အာညောင်းတာပဲ အဖတ်တင်တော့တယ်၊ အဲဒီတော့ ကျွန်မက ပီကေဝါးရင် အချိုရည်ကုန်တဲ့အထိပဲ ဝါးတယ်၊ ကုန်တာနဲ့ ပူဖောင်းမှုတ်ပြီး ထွေးထုတ်ပစ်လိုက်တာပဲ၊ အရသာမရှိတာကို ဘာလို့ အာညောင်းခံပြီး ဝါးနေမှာလဲ ..."

သူမက စကားဆုံးလျှင် သူမပါးစပ်ထဲက ပီကေကို ပူဖောင်းမှုတ်ပြီး ပြန်ထွေးထုတ်လိုက်သည်။

သူမက ပီကေဥပမာဖြင့် ချစ်ရေးဆိုခဲ့သော ကျွန်တော်ကို ပီကေဥပမာဖြင့်ပင် လမ်းခွဲသွားခဲ့ပါသည်။

♥ ♥ ♥

( ၁၉ )

● ● ●

ဘယ်သူမဆို အသည်းကွဲစမှာတော့ လူးလိမ့်နေအောင် ခံစားရမြဲဖြစ်သည်။

အသည်းကွဲနာကို သောက်မကောင်းသော အရက်ဖြင့် မကုစားလိုသော ကျွန်တော်သည် ကျွန်တော့်ကို အလွန်ချိုမြိန်စေသော အချိုရည် ပုလင်းကလေးနှင့် မကြာခင် တွေ့ဆုံရလေသည်။

အဲဒီနေ့က ကျွန်တော် တစ်ယောက်တည်း စိတ်လေလေဖြင့် လျှောက်သွားနေခဲ့သည်။ စိတ်နဲ့လူနဲ့ မကပ်တာမို့ တစ်နေ့လုံးလည်း ကမောက်ကမတွေဖြစ်နေသည်။ လူတစ်ယောက်မှ မရှိသော မျဉ်းကြားအတိုင်း ကျွန်တော် စိန်ပြေနပြေ လမ်းဖြတ်ကူးလာတော့ ကားတွေအားလုံး ဘရိတ်အုပ်ကာ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရသည်။ ကျွန်တော်ကတော့ ဘာမှမမြင်၊ သတိမထားမိဘဲ ကိုယ့်အတွေးနှင့်ကိုယ် အေးအေးဆေးဆေး ...။

"ဟေ့ ... မင်းကျီးဒေါ်ကြီးပိုင်တဲ့ လမ်းများ မှတ် နေသလား ကွ"

လိုင်းကားတစ်စီးပေါ်က လှမ်းအော်လိုက်တော့မှ ကျွန်တော် သတိဝင်လာကာ ခပ်သုတ်သုတ်လျှောက်လိုက်သည်။ ကျွန်တော်လည်း လမ်းဟိုဘက်ခြမ်းရောက်ရော အောင့်အည်းစောင့် ဆိုင်းနေကြသော ကားတွေ ဝေါခနဲ ဆောင့်အောင့်ထွက်သွားရင်း ကျွန်တော့်ကို မေတ္တာပို့သွားကြသည်။ ကျွန်တော် တကယ် စိတ်လေပါသည်။

ကျွန်တော် အဲဒီနေ့ တစ်နေ့လုံး အေးအေးဆေးဆေး ပဲ လျှောက်သွားနေလိုက်သည်။ ဗိုက်ဆာတော့ တွေ့ရာဆိုင်မှာ စားချင်တာတွေ ဝင်စားပစ်လိုက်သည်။ ကောင်မလေးလှလှလေး တွေ တွေ့ရင် ငေးသည်။ ကျွန်တော် ကြားဖူးတာတစ်ခုရှိသည်။ *'မိန်းမအတွက် ရတဲ့ဒဏ်ရာကို မိန်းမနဲ့ပဲ ကုစားရသည်'* တဲ့။

ကျွန်တော် တစ်ယောက်တည်း တောင်ငေး မြောက် ငေး လျှောက်နေရင်း လမ်းထောင့်ချိုးနားမှာ လမ်းဖြတ်ကူးလိုက် ရာ နောက်ဘက်ဆီမှ ကျွီခနဲ ဘရိတ်အုပ်သံ ကျယ်ကြီးကို ကြား လိုက်ရသည်။



"ဟာ ... တိုက်ပြီ"

ကျွန်တော် တကယ်ပဲ ကားတိုက်ခံလိုက်ရပြီဟု ထင်ကာ ဟန်ချက်ပျက် ခြေချော်ပြီး ထိုင်ချလိုက်သည်။ သို့သော် ကျွန်တော့် ခန္ဓာကိုယ်မှာ ဘယ်နေရာကမှ နာကျင်မလာဘဲ အသံ ချိုကလေး တစ်သံသာ နားဝသို့ ရောက်လာသည်။

"ရှင့်ကို မတိုက်မိဘူး ထင်ပါတယ်နော်"

"ဗျာ ..."

ကျွန်တော် မဖြေနိုင်ပါ။ သူမလေးကိုပဲ ငေးကြည့် မိသည်။ ဘာ့ကြောင့်များ ယာဉ်အသေးစား၊ အကြီးစားတွေနဲ့ ကြောခဏ ကျိစယ်ကစားနေရပါလိမ့်။ အဲဒီ ယာဉ်ပိုင်ရှင်တွေဟာ ဘယ်အတွက်ကြောင့် မိန်းမ လှလှလေးတွေ ဖြစ်နေရပါလိမ့်။ အဲဒါ ကျွန်တော့်ရဲ့ ကံတရားများလား ...။

"ဒီမှာရှင့် ... မေးနေတယ်လေ၊ ရှင့်ကို တိုက်မိသွားလား လို့ ..."

"ကျွန်တော် ခုတလော ယာဉ်တွေနဲ့ အကျိုးမပေးဘူးဗျာ၊ ဗေဒင်သွားတွက်ရင် စက်ပစ္စည်းနဲ့ ပတ်သက်ပြီး ခိုက်မယ် လို့ ဟောမလား မသိဘူး"

"ဘာဖြစ်လို့လဲ ..."

"ကျန်ခဲ့တဲ့ လေးလကလည်း စက်ဘီးတိုက်မိတယ်ဗျာ၊ ခုလည်း ကားတိုက်ဖို့ သီသီလေးပဲ လိုတော့တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ ... စက်ဘီးတိုက်ခံရတယ်လို့၊ ရှင်က ဘယ် နေလို့ စက်ဘီးက ဝင်တိုက်ရတာလဲ"

"ဒီလိုပဲလေ၊ ရိုးရိုးလေးပဲ လမ်းလျှောက်နေတုန်း အတိုင် ခံလိုက်ရတာ"

"ဘယ်ထိသွားသေးလဲ ..."

"ဒီကိုထိသွားတယ်ဗျ ..."

ကျွန်တော်က ဘယ်ဘက်ရင်ဘတ်ကို ပုတ်ပြလိုက် သည်။

"ဟောတော့ ... တစ်မျိုးပါလား၊ စက်ဘီးက ဘယ်လိုတိုက် လို့ ရင်ဘတ်ကို ထိရတာလဲ၊ ရှေ့တည့်တည့်က ဝင်တိုက် လို့လား"

"မဟုတ်ဘူးဗျ၊ နောက်ကတိုက်တာ"

"ဩော် ... ထူးဆန်းလိုက်တာ၊ နောက်ကတိုက်တာ ရင်ဘတ် ကို ထိရတယ်လို့၊ အခုတော့ ရှင် ဘာမှမဖြစ်တာ သေ ပါတယ်နော်၊ ရှင်က လမ်းကွေ့ကနေ ဘွားခနဲ ပေါ်လာတော ချောလည်း အရမ်းလန့်ပြီး ဘရိတ်အုပ်လိုက်တာ"

"ဆောရီးဗျာ၊ လမ်းကွေ့နားက ကူးမိတာ ကျွန်တော့်အမှား ပါ"

"အကွေ့မှာ အရှိန်မလျှော့မိတာလည်း ချော အမှားပါပဲ ရှင်လည်း လန့်သွားမှာပဲနော်"



"ဟုတ်တယ်ဗျ၊ တိုက်ပြီးပဲ ထင်လိုက်တာ"

"ရှင့်ပစ္စည်းတွေလည်း လွင့်ကျနေတာပဲ၊ ချော ကောက် ပေးပါ့မယ်"

"နေပါစေဗျာ ... ကောက်မနေပါနဲ့တော့၊ အဲ့ဒါ မုန့်ထုပ် တွေပါ၊ ကောက်ပြီး ပြန်စားလို့ မရတော့ပါဘူး"

"မုန့်ထုပ်တွေ !"

"ဟုတ်တယ် ... ကြွပ်ကြွပ်အိတ်နဲ့ ထည့်ပြီး ကျွန်တော် လမ်းလျှောက်ရင်း နှိုက်စားလာတာ"

ကျွန်တော့် စကားကြောင့် သူမက မျက်ခုံးလေးကို င့်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းကလေးကို လက်ဖြင့် ကွယ် ာ တသိမ့်သိမ့် ရယ်လေသည်။

"ဘာရယ်တာလဲဗျ ... ခင်ဗျားက ..."

"ဒီအရွယ်ကြီးနဲ့ လမ်းလျှောက် မုန့်စားနေတာကို ရယ်ချင် လို့ပါ"

"ကျုပ်ဘာသာ စားချင်လို့ စားတာဗျာ၊ ဘာဖြစ်လဲ ..."

"ရှင်ကလည်း ကလေးကျနေတာပဲနော်"

"အံမယ် ... ခင်ဗျားကများ ကျွန်တော့်ကို ကလေးပြောရ အောင် ခင်ဗျားက ဘယ်လောက်ကြီးသေးလို့လဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲပြောပြော ချောက 'မမ' ပဲလေ ..."

"ဘယ်လိုဗျ ..."

"ချောက မမ ပေါ့၊ ချောနာမည်က ချောမမ ..."

"ခင်ဗျား တော်တော်နောက်တယ်"

ကျွန်တော် နည်းနည်းတော့ သဘောကျလာသည်။ ဒီနေရာမှာ ကျွန်တော်တို့ ယောကျ်ားတွေအကြောင်း နည်းနည်း ပြောပြချင်သည်။ ခုလိုကြုံရချိန်မှာ ချော နေရာမှာ တခြား ... ဆိုးဆိုး မိန်းမတစ်ယောက်ဆိုရင် ထူးထူးဆွေဆွေ ရှည်ရှည်ဝေး... ပြောနေဖို့ စိတ်ကူးကြမည်မဟုတ်ပါ။ လှလှလေးဆိုရင်သာ ... မှားရေတောင် လွယ်လွယ်နဲ့ ခွင့်လွှတ်ပေးချင်ပြီး ဇာတ်လမ်းဆက်... ရလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ စကားမစပ်စပ်အောင် ဆ... ပြောနေကြမှာပင် ...။ အဲဒါ ယောကျ်ား သဘာဝပေါ့။

"ရှင့်အိမ်က ဝေးသေးလား"

"နည်းနည်းတော့ ဝေးတယ်"

"ဒါဆိုလည်း လာလေ၊ ချော လိုက်ပို့ပေးပါ့မယ်"

"ဟာ ... မဖြစ်ဘူး ... မဖြစ်ဘူး"

ကျွန်တော့်ရင်ထဲ ဒိန်းခနဲ ခုန်သွားကာ လေးဝတ်... သတိရပြီး လန့်လာသည်။ အဲဒီလို ခပ်ဆင်ဆင် ဇာတ်လမ်း... တွေ မဖြစ်ချင်တော့၊ နောက်ထပ် ဒုက္ခမရောက်ချင်တော့၊ ကျွန်...



...သံဝေဂရဖို့ ကောင်းပြီ ...။ ကျွန်တော့် ယောကျ်ား သဘာဝကို သတိတရားက အချိန်မီ တားဆီးလိုက်ပါသည်။

"ဘာဖြစ်လို့ ဒီလောက် ခါးခါးသီးသီး ဖြစ်သွားရတာလဲ ရှင် ..."

"ဟို ... ဟိုတစ်ခါတုန်းကလည်းဗျာ ကျွန်တော့်ကို တိုက်မိတဲ့ စက်ဘီးကို ကျွန်တော်လိုက်စီးမိလို့ ဒုက္ခလှလှ တွေ့ပြီးပြီ၊ အခုလည်း တိုက်မိမလိုဖြစ်တဲ့ ကားကို လိုက်စီးမိရင် ဒုက္ခတွေ့မှာပဲလို့ စိတ်ထဲမှာ ဥပါဒါန်ဖြစ်နေလို့ပါဗျာ"

"ဒါတော့ ရှင့်သဘောပါ၊ ဥပါဒါန်ကြောင့် ဥပဒ်လည်း ရောက်နေပါဦးမယ်၊ ကဲ ... ရှင် အဆင်ပြေတယ်ဆိုရင် ချောလည်း သွားတော့မယ်နော်"

"ကောင်းပါပြီဗျာ ... ကျွန်တော်လို စည်းကမ်းမရှိ လမ်းဖြတ်ကူးတဲ့ လူမျိုး နောက်တစ်ယောက်နဲ့ မတွေ့ပါစေနဲ့လို့ ဆုတောင်းပေးလိုက်ပါတယ်"

သူမက ကားပေါ်တက်ပြီး မောင်းထွက်သွားသည်။ ...အဲဒီအခိုက်မှာ ကျွန်တော် ဒုက္ခတွေ့တော့တာ ဖြစ်သည်။

"ဟိုက် ... ဖိနပ် ... ဖိနပ်၊ ဖိနပ် ဘယ်ရောက်သွားပြီလဲ"

ကျွန်တော် ပျာသွားကာ ခုန်ဆွ ခုန်ဆွဖြစ်သွားသည်။ ...ဘောက လန့်ဖျပ်ခြေချော်သွားသေးတာမို့ ဖိနပ်တစ်ဖက်က

www.burmeseclassic.com

www.burmeseclassic.com



ကျွတ်ထွက်သွားခဲ့သည်။ ဒီနားမှာပဲ ရှိမှာမို့ အလွယ်လေး ပြ ကောက်ဝတ်ရုံပဲဟု ထင်ခဲ့၏။ ခုတော့ ဖိနပ်ကို ဘယ်မှာ ရှာမရ၍ ဒုက္ခတွေ့လေသည်။

ထိုစဉ် ချောမမရဲ့ ကားက နောက်ပြန်ဆုတ်လာ

"ရှင် တစ်ခုခုရှာနေတာကို နောက်ကြည့်မှန်ထဲက လိုက်လို့ နောက်ပြန်ဆုတ်လာတာ၊ ဘာများ ပျောက်လို့ လဲရှင် ..."

"ဖိနပ် ... ဖိနပ်၊ ဖိနပ် ဘယ်ရောက်မှန်းမသိဘူး"

သူမက ကားပေါ်မှဆင်းလာကာ ဖိနပ် ဝိုင်းကူ ပေးသည်။ ခဏကြာတော့ ရေမြောင်းဘက်ကို လက်ညှိုးထိုးပြလို့ ရင်း ...

"ဟိုမှာ မဟုတ်လား ... ဟိုမှာ ..."

"ဟာ ... ဟုတ်တယ် ... ဟုတ်တယ်"

ဖိနပ်က ရေမြောင်းထဲမှာ ပေါလောမျောနေသည်

"ဖိနပ်တော့ တွေ့ပါရဲ့၊ သွားကောက်ဖို့တော့ မလွယ် နော်၊ ရေမြောင်းက နက်ပြီး ညစ်ပတ်နံစော်နေတာပဲ"

"ဒုက္ခပါပဲဗျာ၊ ဖိနပ်တစ်ဖက်ပဲစီးပြီး ပြန်ရတော့မယ် ထ တယ်"

"ရှင့် ဥပါဒါန်ကို ဖျောက်ပြီး ချော ကားနဲ့သာ ပြန်လိုက် ခဲ့ပါ၊ ချော ပြန်ပို့ပေးပါ့မယ်"



ဒီလိုနဲ့ပဲ ၂ ဘီးတပ် ယာဉ်ကြောင့် ဒုက္ခရောက်ခဲ့သော ကျွန်တော်သည် လေးဘီးတပ်ယာဉ်ကို ရင်တထိတ်ထိတ်နှင့် တက်စီးလာခဲ့ရတော့သည်။

ဘာဂါဆိုင် တစ်ဆိုင်ရှေ့ရောက်တော့ သူမက 'ခဏနေဦးနော်' ဟုပြောကာ ကားပေါ်ကဆင်းသွားပါသည်။ ခဏကြာတော့ အချိုရည် တစ်ဘူးနှင့် ဟမ်ဘာဂါတစ်လုံး ဝယ်ကာ ပြန်ထွက်လာသည်။

"ကဲ ... ရော့ ... စားလိုက်ပါဦး"

"ခင်ဗျာ ..."

ကျွန်တော် သူမကို တအံ့တသြကြည့်မိသည်။ သူမက ကြည်လင်စွာ ပြုံးရင်း ...

"ရှင်စားဖို့ပဲ သွားဝယ်လာခဲ့တာ၊ ခုန ရှင်မုန့်တွေလည်း ပစ်လိုက်ရပြီလေ၊ ပြီးတော့ ကားတိုက်မိမလိုဖြစ်တော့ စိတ်လှုပ်ရှားမောပန်းပြီး ဗိုက်လည်း ဆာနေမယ်ထင်လို့ ဝင်ဝယ်လိုက်တာ၊ ဖိနပ်တစ်ဖက်တည်းနဲ့ဆိုတော့ ရှင်လည်း ဆင်းဝယ်ချင်မှာ မဟုတ်ဘူးလေ၊ အားမနာပါနဲ့၊ အေးအေး ဆေးဆေး စားပါ၊ ဒီနားမှာ ကားခဏရပ်ပေးထားပါ့မယ်"

သူမက ရည်မွန်သိမ်မွေ့စွာ ပြောပါသည်။ သူမ ပုံစံက ကြင်နာဟန်ကလေးလည်း ရှိသည်။ ကျွန်တော် ဟမ်ဘာဂါ

www.burmeseclassic.com

www.burmeseclassic.com



စားရင်း စိတ်ထဲမှာ ကြည်လင်ချမ်းမြေ့မှုကို ခံစားလာရသည်။ လေးဝတီကြောင့် ပူလောင်နေသော စိတ်တွေ အေးချမ်းလာသည်။ အချိုရည်လေး သောက်လိုက်ရသလိုပါပဲလား ... ။

အချိုရည်ပုလင်းလေးက ကျွန်တော် စားတာကို ထိုင်စောင့်ပေးနေရင်း ကားနောက်ခန်းထဲက ကြိမ်ခြင်းကလေးကို လှမ်းယူလိုက်သည်။ ကြိမ်ခြင်းကလေးရဲ့ အဖုံးကို ဖွင့်လိုက်တော့ အထဲမှာ ပန်းသီးတွေနှင့်၊ ဓားတစ်ချောင်း၊ ပလတ်စတစ်ဘူး အကြည်ကလေးတစ်ဘူး ထည့်ထားတာ တွေ့သည်။

သူမက ပန်းသီးတစ်လုံး ယူကာ ဓားချွန်ကလေးဖြင့် ကျွမ်းကျင်စွာစွာ၍ ပလတ်စတစ်ဘူးထဲထည့်နေရင်း ...

"ချောက သစ်သီးအရမ်းကြိုက်လို့ ကားထဲမှာ သစ်သီးခြင်း အမြဲထားထားတယ်၊ ကားနဲ့သွားနေရင်းလည်း စားချင်ရင် အဆင်သင့်စားရအောင်ပေါ့၊ သူငယ်ချင်းတွေ ပါလာရင် လည်း ခုလိုပဲ ခွာကျွေးတယ်လေ၊ ရှင် ဘာဂါစားပြီးရင် သစ်သီးစားလိုက်ဦးနော်၊ အအီပြေတာပေါ့"

မျက်လွှာလေးချကာ သစ်သီးခွာနေသော သူမကို ကြည့် ရင်း ကျွန်တော့်ရင်ထဲမှာ တငြိမ့်ငြိမ့်လှုပ်လာသည်။ ဘယ် ယောကျ်ားက ဂရုစိုက်တာ၊ ယုယတာကို မကြိုက်ဘဲနေမှာလဲ ...

ရင်ထဲမှာ အေးမြလှပါသည်။



ဘူတာစဉ်တိုင်း မရပ်ဘူးဟု အားတင်းထားသော လော်ကယ်ရထားသည် ခုတော့ ဘူတာလေး တစ်ခုမှာ ရပ်ဖို့ စက်ရှိန်ကို လျှော့ချလိုက်ပြီ ဖြစ်လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၀ )

●●●

"ချောက တစ်ယောက်တည်း နေတာလား ..."

"အိမ်ကူအမျိုးသမီးကြီးတစ်ယောက်နဲ့ နေပါတယ်"

"ချောမိဘတွေကရော ..."

"ချော အမေကတော့ ချောငယ်ငယ်လေးကတည်းက ဆုံးသွားပါပြီ၊ ချောဖေဖေက နိုင်ငံခြားမှာလေ၊ နောက်အိမ်ထောင်နဲ့၊ ချောကတော့ မိထွေးနဲ့အဆင်မပြေတာနဲ့ ဒီမှာပဲ နေခဲ့တာ၊ ချော ဘဝက အရမ်းအထီးကျန်ပါတယ် အံ့ရယ်"

ကျွန်တော် ချောကို သနားလာခဲ့မိပါသည်။ ချောရဲ့ မိန်းမပီသမှု၊ ဂရုစိုက်ကြင်နာမှုတွေထဲမှာ ပျော်မွေ့ရင်း မိတ်ဆွေဘဝဖြင့်ပင် ချောကို အဖော်ပြုရင်း ချောထံမှာ တွယ်ငြိလာရသည်။

ချောနေသော တိုက်ခန်းက အဆောင်အယောင်

www.burmeseclassic.com

www.burmeseclassic.com



ပရိဘောဂ အပြည့်အစုံဖြင့် ခမ်းနားသည်။ ချော စီးနေသော ကားကလည်း တန်ဖိုးမနည်းလှပါ။ ချောမှာ ငွေကြေးဥစ္စာ ပြည့်စုံရက်နဲ့ မေတ္တာငတ်ကာ တစ်ယောက်တည်း အထီးကျန်နေရတာ ဘယ်လောက် သနားစရာ ကောင်းသလဲ ...။

"ဒီအခန်းက ဖေဖေ ဝယ်ပေးထားတဲ့ အခန်းလေ၊ ကားကလည်း ချောကြိုက်တဲ့ကားကို လက်ညှိုးထိုးပြရုံနဲ့ ဖေဖေ ချက်ချင်း ဝယ်ပေးခဲ့တဲ့ ကားပဲ၊ ချော သုံးဖို့ ပိုက်ဆံကိုလည်း လတိုင်း ပို့ပေးတယ်၊ ချောကတော့ ဒီမှာ ဟိုသင်တန်းတက်၊ ဒီသင်တန်းတက်၊ အရမ်း အထီးကျန်ငြီးငွေ့လာရင်တော့ ကားလျှောက်မောင်းနေတာပဲ ..."

"ကားလျှောက်မောင်းတာ အန္တရာယ်များပါတယ် ချောရယ်၊ ချော အထီးကျန်တယ်ဆိုရင် ကျွန်တော် ချောဆီ လာပြီး စကားပြောရင်း အဖော်ပြုပေးပါ့မယ်"

"ကျေးဇူးပါပဲ အံ့ရယ် ... အံ့တစ်ယောက်နဲ့ တွေ့ခွင့်ရတာ ချော အရမ်းကံကောင်းတာပဲ"

"ချောနဲ့ တွေ့ရတာကလည်း ကျွန်တော့် ကံကောင်းမှုပါပဲ ချောရယ်၊ ချောကြောင့် ကျွန်တော် အရမ်းစိတ်ချမ်းသာရပါတယ်"

ချောက ကျွန်တော်လာတိုင်း စားစရာ တစ်ခုမဟုတ် တစ်ခု လုပ်ကျွေးတတ်ပါသည်။ ပြီးတော့ သူ Shopping ထွက်တိုင်း ကျွန်တော့်အတွက် ပစ္စည်း တစ်ခုမဟုတ် တစ်ခုခု ဝယ်လာပေးတတ်သည်။



"အံ့ရေ ... ဒီမှာကြည့်စမ်း ... ဒီတီရှပ်လေး အံ့နဲ့ ကြည့်ကောင်းမှာပဲဆိုပြီး ဝယ်လာတာ"

"ချောကလည်း ကျွန်တော်ဖို့ ပစ္စည်းတွေ ခဏခဏ ဝယ်မလာပါနဲ့၊ ကျွန်တော် ယူရတာ အရမ်းအားနာလာပြီ"

"အားနာရအောင် အံ့နဲ့ ချောက တစိမ်းတွေလား၊ အဲဒီလို စကားမျိုး အံ့ပြောရင် ချော အရမ်းဝမ်းနည်းတယ်၊ ချောအတွက် ငွေက အရေးမကြီးဘူး၊ အံ့အတွက် ဝယ်လို့ ကုန်သွားတဲ့ ပိုက်ဆံကို ချော ဘယ်တော့မှ မနှမြောဘူး"

"ပိုက်ဆံကုန်မှာစိုးတာလည်း တစ်ကြောင်းပါပေမယ့် မိန်းကလေး တစ်ယောက် ဝယ်ဝယ်ပေးနေတဲ့ ပစ္စည်းကို ကျွန်တော် မယူချင်ဘူး ချော ..."

"အံ့က ချောကို တစိမ်းလို့ သတ်မှတ်တာကိုး ..."

ချောက ဝမ်းနည်းသံကလေးနှင့် ပြောရင်း မျက်ရည်ဝဲလာတာမို့ ကျွန်တော် သနားသွားပါသည်။

ချောက ကျွန်တော့်အပေါ် အလွန်ကောင်းသော မိန်းကလေးတစ်ယောက် ဆိုတာကိုတော့ ကျွန်တော် ငြင်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



ပေ။ ချော ကျွန်တော့်အပေါ် တွတ်ငြိနေတာကို ကျွန်တော် သိသည်။ ပြီးတော့ ကျွန်တော်လည်း ချောကို ချစ်မြတ်နိုးနေခဲ့ပြီ။

"ချောကလည်းကွာ ... ကျွန်တော်ပြောတာက အဲ့ဒီသဘော မျိုး မဟုတ်ပါဘူး"

"ဒါဆို ချော ဝယ်လာတာယူ"

"ကဲပါဗျာ ... ယူပါ့မယ်"

ကျွန်တော် လက်ခံလိုက်တော့မှ ချောမျက်နှာလေး ပြုံးရွှင်သွားသည်။ ကျွန်တော်တို့ စကားပြောနေဆဲ ဘဲလ်သံ ကြားတာမို့ ချော ထ,ထွက်သွားသည်။ ကျွန်တော်တစ်ယောက် တည်း ကျန်နေစဉ်မှာ ချောအိမ်က အိမ်အကူ အဒေါ်ကြီးက ကျွန်တော်တို့ စားပြီးသွားသော လက်ဖက်သုတ်ပန်းကန်၊ သစ်သီး ပန်းကန်တွေကို လာသိမ်းရင်း ကျွန်တော့်ကို ပြုံးပြ၏။

"သား ... အဒေါ်သုတ်တဲ့ လက်ဖက်က စားလို့ကောင်းရဲ့ လားကွယ့်"

"ကောင်းပါတယ် အဒေါ်"

ကျွန်တော်က ဖော်ဖော်ရွေရွေ ပြန်ပြောဖြစ်ပါသည်။ အဒေါ်ကြီးကြည့်ရတာ အိမ်အကူဆိုပေမယ့် ရုပ်ရည်သန့်ပြန့်ရည်မွန် သည်။

"ဟိုရက်တွေကတည်းက သားက ပုစွန်ခြောက်ကလေးရွေး



ရွေးရွေးစားတတ်တာတွေ့လို့ အဒေါ် ပုစွန်ခြောက် ပိုထည့် ထားသေးတယ်"

"ကျေးဇူးပါပဲ ဒေါ်ဒေါ် ..."

"အဒေါ့်မှာလည်း အဝေးမှာ နေတဲ့ သားတစ်ယောက် ရှိတယ်ကွယ့်၊ သားနဲ့ဆို ရွယ်တူပဲ၊ သူလည်း သားလိုပဲ၊ လက်ဖက်သုတ်စားရင် ပုစွန်ခြောက်ချည်း ရွေးရွေးစားတတ် တယ်"

အဒေါ်ကြီးက ကျွန်တော့်ကို ခင်မင်နှစ်လိုသော အကြည့်ဖြင့် ကြည့်ရင်း စကားပြောနေဆဲ ချော ပြန်ဝင်လာကာ

"ဟင် ... ဒေါ်ကြီးက ဒီမှာ ဘာလာလုပ်နေတာလဲ ..."

"ဪ ... ကျွန်တော်နဲ့ စကားပြောနေတာပါ ချောရဲ့၊ ခုန ဘယ်သူလဲ၊ ညီသည်လား ..."

"မဟုတ်ပါဘူး၊ မီတာလာဖတ်တဲ့ လူပါ"

ချောက အဒေါ်ကြီးကို မကြည့်မသလိုကြည့်လိုက် တာမို့ အဒေါ်ကြီးက ခပ်ကုပ်ကုပ်ထွက်သွားသည်။ ချောက ကျွန်တော့်ကို စူးစမ်းသလိုကြည့်ရင်း ...

"အဒေါ်ကြီးက အံ့ကို ဘာတွေလာပြောနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ အလွှာပသလွှာပပေါ့၊ သူ့မှာလည်း ကျွန်တော့်အရွယ် သားတစ်ယောက်ရှိတဲ့အကြောင်း ပြော

www.burmeseclassic.com

www.burmeseclassic.com



တာပါ၊ သူ့သားနဲ့ရွယ်တူတွေ့လို့ သူ့သားကိုသတိရတယ်ထင်ပါတယ်"

ချောက အဒေါ်ကြီးအကြောင်း ဘာမှထပ်မမေးတော့ဘဲ တီဗီကို လှမ်းကြည့်နေသည်။ ကျွန်တော်က သက်ပြင်းချရင်း ...

"ချောကို ကျွန်တော် တစ်ခုပြောစရာရှိတယ်၊ ချော စိတ်မဆိုးရင်ပေါ့ ..."

"ပြောလေ ... အံ့"

"ချော အဒေါ်ကြီးကို ဆက်ဆံတာ နည်းနည်းတင်းသလိုပဲ၊ သူလည်း လူကြီးပဲ ချောရယ်၊ ပြီးတော့ ကိုယ့်အနားမှာ အနီးကပ် စောင့်ရှောက်မယ့်သူဆိုလို့ သူတစ်ယောက်ပဲရှိတာ၊ ခွေလိုမျိုးလို သဘောထားပြီး ဆက်ဆံစေချင်တယ်"

"အံ့ ဘာသိလို့လဲ၊ ဒီလိုလူမျိုးတွေကို မျက်နှာသာပေးရင် သူတို့က သူတို့ကိုယ်သူတို့ အိမ်ရှင်ထင်ပြီး ကြီးစိုး ခြယ်လှယ်ချင်လာရော၊ နည်းနည်းဖိထားမှ တော်ရုံကျတာ၊ ပြီးတော့ သူက အရှမ်းလည်း စပ်စုတယ် အံ့ရဲ့၊ နောက်ဆို သူ လာစကားပြောနေရင် ပြန်မပြောဘဲသာ နေလိုက် ..."

ကျွန်တော် ဘာမှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်ရသည်။



အဒေါ်ကြီး ကျွန်တော့်ကို လှမ်းလှမ်း ငေးကြည့်နေတတ်တာကိုတော့ ကျွန်တော် သတိပြုမိလာသည်။

အဒေါ်ကြီးကို ကြည့်ရတာ ကျွန်တော့်ကို တစ်ခုခု ပြောချင်နေလိုပဲဟု ကျွန်တော့်စိတ်ထဲ ခံစားနေမိတာကလည်း နည်းနည်းဆန်းပါသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

(၂၁)

●●●

ကျွန်တော် ချောကို ဖွင့်ပြောဖြစ်သော နေ့က
န်တော့်မွေးနေ့ ဖြစ်လေသည်။

အဲဒီနေ့က ကျွန်တော့် မွေးနေ့ကို ကျွန်တော် သတိ
ခဲ့ချေ ...။ ညနေ ၆ နာရီခွဲလောက်ကျမှ ချောက ကျွန်တော့်
ဖုန်းဆက်ကာ အခုလာခဲ့ဟုခေါ်သည်။

ကျွန်တော် ချောတို့အခန်းရှေ့နားရောက်တော့ မိုးချုပ်
နေပြီ။

ကျွန်တော် အခန်းတံခါး ခေါက်လိုက်တော့ တံခါးက
အလိုလိုပွင့်သွားသည်။ အခန်းထဲမှာ မီးအလင်းရောင် လုံးဝ
ဘဲ မှောင်မိုက်နေလေသည်။

"ချော ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ချောကို ခေါ်ကြည့်သော်လည်း ...
တုန့်ပြန်သံမှ မကြားရချေ။

"ချောရေ ... ချော၊ ကျွန်တော် ရောက်ပြီ"

ကျွန်တော်က မှောင်ထဲ စမ်းနင်းရင်း ဧည့်ခန်း...
သို့ ကွေ့ချိုးလျှောက်လိုက်တော့ ဧည့်ခန်းအလယ်မှာ ဖယော...
တိုင်လေး တစ်တိုင်ပဲ လင်းနေတာတွေ့သည်။ ဖယောင်း...
ရှိရာသို့ ကျွန်တော် လျှောက်သွားဆဲ ကျွန်တော့် မျက်နှာ...
ပေါ်ပါးသော အဝတ်စလေးဖြင့် အုပ်ဆိုင်းခြင်း ခံလိုက်ရသည်...

"ချော၊ ချောလား"

ဘာတုန့်ပြန်သံမှ မကြားရဘဲ လက်တစ်စုံက အ...
စဖြင့် ကျွန်တော့် မျက်စိကို ခပ်ဖွဖွ ချည်နှောင်နေသည်။

"ခဏလေး အုံ ... အဲဒီအတိုင်း ငြိမ်ငြိမ်လေးနေ"

တိတ်ဆိတ်သွားပြန်သည်။ ခဏကြာတော့ ချော...
ညင်သာစွာ လှမ်းပြောလိုက်သည်။

"အုံ မျက်လုံးကို အုပ်ထားတဲ့ ပဝါစလေးကို ဖယ်လို...
တော့"

ပဝါစကို ဖယ်လိုက်တော့ ကျွန်တော့်ရှေ့က ငါး...
ကိတ်မုန့်ကြီးကို ဘွားခနဲ တွေ့လိုက်ရပါသည်။

"ချော ... ဒါ ... ဒါက ..."



"ဒီနေ့ အုံ မွေးနေ့လေ အုံရဲ့၊ အုံကို Supercise လုပ်ဖို့ ချော စီစဉ်ထားတာ၊ Happy Birthday အုံ ..."

ချောက စကားဆုံးတော့ Birthday တီးလုံးလေးက ...ည့်ခန်းထဲမှာ ငြိမ့်ညောင်းစွာ ပျံ့လွင့်လာပါသည်။

အဲဒီနေ့မှာ ချောကလည်း အရမ်းလှနေခဲ့သည်။ ...င်းတော့ ချောက မြူးကြွ၍လည်းနေသည်။ ကျွန်တော့် ရင်ခုန်သံ...တွေ မြန်လာပါသည်။ ချောက ကျွန်တော့်စိတ်ကို ပျော်ရွှင်အောင် ...မျိုးမျိုး စွမ်းဆောင်နိုင်သော မိန်းမတစ်ယောက်ဖြစ်သည်။

"ချော၊ ချောရယ်"

ကျွန်တော့် စိတ်ထဲ မချင့်မရဲဖြစ်လာကာ ချောရဲ့ ...ခံ့လေး နှစ်ဖက်ကို ဖွဖွဆုပ်ကိုင်လိုက်မိပါသည်။

"ကိုယ့်အပေါ် ဘာလို့ ဒီလောက် ဂရုစိုက်ရတာလဲဟင်၊ ချောကို ကိုယ် အရမ်းကျေးဇူးတင်တယ်၊ အရမ်းလည်း ချစ်တယ်"

ချောက ရှက်ပြုံးကလေးဖြင့် ကျွန်တော့်ကို ငေးကြည့်...ရင်း ...

"ချောလည်း ချစ်ပါတယ် အုံရယ် ...၊ အုံ ပျော်ဖို့ဆို ချော ဘာမဆို လုပ်ပေးနိုင်တယ်၊ ဒီနေ့ အုံနဲ့အတူ ညစာ စားဖို့ ချောကိုယ်တိုင် ဟင်းတွေ ချက်ပြီး အဆင်သင့်ပြင်

www.burmeseclassic.com

www.burmeseclassic.com



ထားတယ်၊ ဩော် ... ပြီးတော့ ဒီမှာ ရှိသေးတယ်၊ အ
အုံ့အတွက် မွေးနေ့လက်ဆောင် ... ”

ချောက ကတ္တီပါဘူးအနီလေးကို ထုတ်ပေးလို
သည်။ ကျွန်တော် ဖွင့်ကြည့်တော့ စိန်ပွင့်တစ်ပွင့်တည်းပါ
လက်စွပ်တစ်ကွင်းကို တွေ့ရသည်။

“ချောရယ် ... တန်ဖိုးကြီးတာတွေ”

“မွေးနေ့လက်ဆောင်ဆိုတာ မငြင်းကောင်းဘူး သိ
လာ ... ချော ဝတ်ပေးမယ်”

ချောက ကျွန်တော့် လက်ကိုကိုင်ကာ လက်စွပ်
ပေးလိုက်သည်။ ကျွန်တော်လည်း ချော စိတ်ဆင်းရဲမှာစိုးတာ
ဘာမှမပြောဘဲ နေလိုက်ရပါသည်။ ချော ပျော်နေတာကိုလည်
မဖျက်ဆီးချင်ပေ။

“ကဲ ... မွေးနေ့ရှင်၊ ကိတ်မုန့်လှီးမယ်”

ချောက ကိတ်မုန့်လှီးဖို့ ဓားတစ်ချောင်း ကျွန်တေ
လက်ထဲ ထည့်ပေးသည်။ ကျွန်တော်က ကိတ်မုန့်လှီးလိုက်

“ဒီငါးဆင့်စလုံး ကိုယ်တို့နှစ်ယောက်တည်း ဘယ်လို
အောင် စားမှာလဲ ချော ...”

“အို ... ကုန်အောင်လုပ်တဲ့နည်း ရှိပါတယ် အုံ့ရဲ့ ...”

ချောက အကြံရှိပုံဖြင့် ပြုံးရင်းပြောနေသည်



ကျွန်တော်က ချောကို ကိတ်မုန့်ခွဲ၍ကျွေးလိုက်သည်။ ကျွန်တော် နောက်တစ်ကြိမ် လှီးနေဆဲမှာ၊ ချောက ကိတ်မုန့်တွေပေါ်က ခရင်မ်တွေကို လက်ညှိုးဖြင့် ကော်ယူလိုက်ပြီး ကျွန်တော့်ကို နှုတ်ခမ်းမွေး တပ်ပေးလိုက်သည်။

“စန်တာကလော့ ... စန်တာကလော့၊ ခရစ်စမတ်ဘိုးဘိုး ကြီးနဲ့ တူသွားပြီ ... ဟိဟိ”

“အေးပါ ... အေးပါ ... ရယ်ထားပါ ... တွေ့မယ်”

ကျွန်တော်က ခရင်(မ်)တွေကို ကြုံးယူကာ သူမပါး နှစ်ဖက်ကို သုတ်လိုက်သည်။ ကျွန်တော်တို့ တွန်းထိုးပြေးလွှား ရင်း ရယ်မောပျော်ရွှင်ခဲ့ကြသည်။

နောက်တော့ ထမင်းစားခန်းထဲမှာ ဖယောင်းတိုင် လေး တစ်တိုင်ထွန်းရင်း အတူ ထမင်းစားခဲ့ကြသည်။

အဲ့ဒီတုန်းကတော့ ဒီချစ်သူကလေးထံမှာပဲ ကျွန်တော့် ရဲ့ အချစ်တွေ အဆုံးသတ်သွားပြီဟု ထင်ခဲ့သည်။ ဒီကမ္ဘာမှာ ကျွန်တော့်လောက် သူ့အပေါ် ချစ်သူ၊ သူ့လောက် ကျွန်တော့် အပေါ် ချစ်သူ မရှိဟုပင် ကျွန်တော်က ခံယူခဲ့သေးသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၂ )

●●●

ကျွန်တော်တို့ ချစ်သူဖြစ်ခဲ့ကြပြီး တစ်ပတ်လောက် အကြာမှာ ချော်က ကျွန်တော့်ဆီ ဖုန်းဆက်လာခဲ့ကာ ...

"အုံရေ ... ချော ခရီးထွက်မလို့၊ အဲဒါ တစ်ပတ်လောက် ကြာမယ်"

"ဟာကွာ ... ချော်ကလည်းကွာ၊ ဘယ်ကို ဘာကိစ္စသွားမှာလဲ၊ တစ်ပတ်တောင်လား၊ ကိုယ့်ကို လွမ်းအောင် မနှောက်နဲ့ကွာ ..."

"ဖေဖေ့ဆီ လိုက်လည်မလို့ပါ အုံရယ်၊ တစ်ပတ်ကလေးနဲ့ ဒီလောက် မသည်းစမ်းပါနဲ့ ..."

"ချစ်လို့ သည်းတာပဲကွာ၊ ဘာဖြစ်လဲ"

"ဒီတစ်ပတ်တော့ သည်းခံလိုက်ပါ အုံရယ် ... မကြာပါဘူးနော်"

www.burmeseclassic.com

www.burmeseclassic.com



"ချောက ဘယ်တော့သွားမှာလဲ ..."

"ဒီနေ့ပဲ ..."

"ကြည့်စမ်း ... ကိုမပြောဘူး"

"ကိုပြောရင် ကိုလွမ်းနေမှာစိုးလို့"

"ကိုယ် လေဆိပ်ကို လိုက်ပို့မယ်"

"မပို့နဲ့ ..."

"ဘာဖြစ်လို့လဲ ..."

"အဲ့ လိုက်ပို့ရင် ချော ငိုမိမှာစိုးလို့၊ ပြော် ... ပြီးတော့လေ ချောတို့ အိမ်က အဒေါ်ကြီးလည်း သူ့ရွာ ခဏပြန်မှာဆို တော့ အိမ်မှာ ဘယ်သူမှမရှိဘူး၊ ချော ပြန်ရောက်ပြီလားဆို ပြီး ဖုန်းတွေ ဘာတွေ ဆက်မေးနေမှာစိုးလို့ ကိုပြောတာ ချော ပြန်ရောက်ရင် ဖုန်းဆက်လိုက်မယ် သိလား ..."

ချောက ကျွန်တော့်ကို ချော့မော့ချန်ထားကာ ခရီး ထွက်သွားသည်။ ကျွန်တော့်မှာ လေဆိပ်ကိုတောင် လိုက်ပို့ခွင့် မရခဲ့ပါ။

ချော ထွက်သွားပြီး သုံးရက်မြောက်နေ့မှာ ကျွန်တော် တစ်ယောက်တည်း ကိုးမိုင်ဘက်က ကားမောင်းပြန်လာဆဲ ရိုပ်ခနဲ ဖြတ်သွားသည့် ကားတစ်စီးပေါ်မှာ ချောကို ရိုပ်ခနဲ တွေ့လိုက်ရ သည်။ ကျွန်တော့်စိတ်ထဲ ဇဝေဇဝါနှင့် ကားနောက်က လိုက်လာခဲ့



သည်။ ကားက စားသောက်ဆိုင် ခြံဝန်း တစ်ခုထဲ ဝင်သွားတာမို့ အဝေးကပင် လှမ်းကြည့်နေလိုက်သည်။ ကားပေါ်က ဆင်းလာသော မိန်းကလေးက ချောနှင့် တော်တော် တူသည်။ သူမက လူကြီး တစ်ယောက်ရဲ့ လက်မောင်းကို ခိုတွဲကာ စားသောက်ဆိုင်ထဲ ဝင် သွားသည်။

"ချောနဲ့တူလိုက်တာ၊ ချောများလား၊ ဟာကွာ ... ချောက ခရီးထွက်နေတာပဲ၊ ဟား ... ဟား ... ဒုက္ခပဲ ချောရေ၊ ကိုယ်တော့ ချောကို စိတ်စွဲပြီး တွေ့ရာမြင်ရာ ချောလို့ပဲ ထင်နေပြီ ..."

ကျွန်တော်က တစ်ယောက်တည်း ကျိတ်ရယ်ရင်း ကားဆက်မောင်းလာခဲ့သည်။

တစ်ပတ်တိတိအကြာမှာ ချောက ကျွန်တော့်ဆီ ဖုန်းဆက်လာခဲ့ပါသည်။

"အဲ့ရေ ... ချော ပြန်ရောက်ပြီ ..."

"မျှော်လိုက်ရတာ ချောရာ၊ ကိုယ့်မှာ အာရုံတွေတောင် မှောက်မှားပြီး ချောကိုပဲ မြင်ယောင်နေမိတာ၊ ကိုယ့်စိတ် ထဲမှာ ချော ဒီရန်ကုန်မှာ ကိုယ်နဲ့နီးနီးလေးမှာ ရှိနေတယ်ပဲ လို့ပဲ ခံစားနေမိတာတော့ နည်းနည်းထူးဆန်းတယ်"

တစ်ဖက်က ချောအသံ ခဏတိတ်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အံ့ ... ချော မရှိတုန်း ချောအခန်းနားကို သွားသေးလား"

"ဘာဖြစ်လို့ သွားရမှာလဲ၊ ချောမှမရှိတာ၊ ဘာလို့ မေးတာလဲ ..."

"ဪ ... ဘာရယ်မဟုတ်ပါဘူး အံ့ရယ်၊ အံ့ရေ ... ချောလည်း အရမ်းလွမ်းနေပြီ သိလား၊ ချောဆီ အခုလာခဲ့တော့"

ကျွန်တော်က ချောစကားကို အထအနကောက် ခွဲခြမ်းစိပ်ဖြာမနေအားပါ။ ရင်ထဲမှာ အလွမ်းတွေနဲ့သာ ပြည့်နေတာမို့ ချောဆီ အမြန်ဆုံး ထွက်လာခဲ့ပါသည်။

♥ ♥ ♥

(၂၃)

● ● ●

နောက်တစ်ကြိမ် ...။

နောက်တစ်ကြိမ် ...။

အဲဒီလိုပဲ ချောက မကြာခဏ ခရီးထွက်ထွက်နေသည်။ ချော ခရီးထွက်တိုင်းလည်း အခေါ်ကြီးက ရှာမြန်ပြန်သွားတာမို့ ချောက သူ့အိမ်ကိုဖုန်းမဆက်ဖို့ မှာထားခဲ့သည်။ ပြီးတော့ ချော ခရီးထွက်တိုင်း ကျွန်တော် ဘယ်တော့မှ လိုက်ပို့ခွင့် ကြိုခွင့် မရခဲ့ချေ ...။

ချောကတော့ နိုင်ငံခြားမှာရှိသော သူ့မအဖေနှင့် ဆက်သွယ်ပြီး စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ဖို့ ကြိုးစားနေသည်ဟု ကျွန်တော့်ကို အသိပေးထားပါသည်။

တစ်နေ့တော့ ချော ပြန်ရောက်မည်ဟု ပြောထား

www.burmeseclassic.com

www.burmeseclassic.com



သော ညနေခင်းတစ်ခုမှာ ချော ဖုန်းဆက်မလာခင် ချောတို့ အိမ်ဘက်သို့ ကျွန်တော် ထွက်လာခဲ့ပါသည်။ ကျွန်တော် ရောက်သည့်အချိန်နှင့် ချော ဖုန်းဆက်သည့်အချိန် တိုက်ဆိုင်နေလျှင် ချော အံ့ဩဝမ်းသာသွားလိမ့်မည်ဟု ထင်သည်။ ချော ပျော်အောင် ကျီစားလိုသည့် ရည်ရွယ်ချက် တစ်ခုတည်းနှင့်ပင် ကျွန်တော် ချောတို့အိမ်သို့ ထွက်လာခဲ့တာဖြစ်သည်။

ကျွန်တော့် ကား ကားပါကင်မှာ ရပ်လိုက်ချိန်တွင် ကားပါကင်သို့ ဆင်းလာသော ချောနှင့် ယောကျ်ားကြီးတစ်ယောက်ကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။ အဲ့ဒီ ယောကျ်ားကြီးကိုလည်း ကျွန်တော် မြင်ဖူးသလိုလိုရှိသည်။ ချောက ထိုသူ့ လက်မောင်းကို ဖက်တွယ်ရင်း တရင်းတနှီး စကားတွေ ပြောလာသည်။ နည်းနည်းဝေးနေတာမို့ စကားသံကိုတော့ မကြားရချေ။

ကျွန်တော် ကားပေါ်မှာပဲ ထိုင်ရင်း ချောတို့ကို လှမ်းကြည့်နေမိသည်။ ချောက ထိုယောကျ်ားကြီးကို ကားပေါ် လိုက်ပို့သည်။ ကားထွက်သွားတော့ တာ့တာပြပြီး ကျန်ရစ်ခဲ့သည်။ ကျွန်တော် လှမ်းကြည့်ရင်း အဲ့ဒီကားကိုမှတ်မိသွားသည်။ ဒီကားဟာ ချောကို ရိပ်ခနဲ မြင်မိသလိုလိုဖြစ်လို့ လိုက်ကြည့်ခဲ့တဲ့ကားပဲ။ ကျွန်တော့်စိတ်ထဲ ဇဝေဇဝါဖြစ်ကာ ရှုပ်ထွေးသွားပါသည်။



ချော ပြန်လှည့်လာတော့မှ ကျွန်တော်က ကားပေါ်မှ ဆင်းလိုက်ရင်း ...

"ချော ..."

"အံမလေး ..."

ချောက လိုတာထက်ပိုပြီး လန့်သွားသည်။

"ဟင် ... အံ့ ဘယ်တုန်းက ရောက်လဲ"

"ခုလေးပဲ ရောက်တာ ချော၊ ချောကို ဧည့်သည်နဲ့ တွေ့လိုက်လို့ လှမ်းနှုတ်မဆက်ဘဲ စောင့်နေတာ ..."

"အဲ့ဒါ ချော ဦးလေးလေ၊ ဖေဖေ့ညီပေါ့၊ ချောကို လိုက်ပို့လို့ ချောလည်း အထုပ်အပိုးတွေ သွားထားပြီး အန်ကယ်ကို ပြန်လိုက်ပို့တာ၊ ပြီးမှ အံ့ဆီ ဖုန်းဆက်မလို့ပဲ၊ အံ့က ရော ချော ဖုန်းမဆက်ဘဲ ဘာလို့ ရောက်လာတာလဲ ..."

"ချောက ဒီနေ့ညနေ ပြန်ရောက်မယ်ဆိုလို့ ချော ရောက်ရင် အသင့်ကြိုရအောင် လာခဲ့တာ"

"ချော လွမ်းသလို အံ့လည်း လွမ်းနေပြီထင်တယ်"

ချောအသံ နွဲ့နွဲ့လေးကိုကြားတော့လည်း ကျွန်တော့်ရဲ့ ဇဝေဇဝါ အတွေးတွေ ပျောက်သွားပြန်သည်။

တစ်ခု အံ့ဩစရာကောင်းသည်မှာ ခရီးက ပြန်လာသည်ဆိုသော ချောပုံက အိမ်နေရင်း ပုံစံလိုပင် အေးအေးဆေးဆေး အသားကျနေခြင်းတည်း။

www.burmeseclassic.com

www.burmeseclassic.com



"အံ့ဖို့ တီရှပ်တစ်ထည် ဝယ်လာတယ်၊ ဝတ်ကြည့်ပါဦး"

"အခုလား ..."

"အင်းပေါ့ ... အခုဝတ်ပြ"

"အဲဒါဆို ရေချိုးခန်းထဲမှာ သွားလဲလိုက်မယ်"

"အင်း ... အင်း ... သွား"

ကျွန်တော်က သူမတို့ ရေချိုးခန်းထဲသို့ ဝင်လာခဲ့ပါသည်။

အင်္ကျီလဲဖို့ မှန်ရှေ့မှာရပ်မိစဉ် ကျွန်တော့်အကြည့်မှာ မှန်ရှေ့က စင်လေးဆီ ရောက်သွားသည်။

စင်ပေါ်မှာ မုတ်ဆိတ်ရိတ် ဓားတစ်လက်၊ After Shave တစ်ဘူး။ ခုမှ သုံးစွဲပြီးစလို ရေများ စိုစွတ်နေသည်။ ရေချိုးခန်းကလည်း သုံးသွားတာ မကြာသေးသည့်ပုံဖြင့် စိုစွတ် မွှေးပျံ့နေပါသည်။

ချောရဲ့ ရေချိုးခန်းထဲမှာ ဘာ့ကြောင့် မုတ်ဆိတ်ရိတ်ဓား ရှိနေရတာလဲ။ ပြီးတော့ ဒီရေချိုးခန်းက ချောတစ်ယောက်တည်း သုံးသည့် ရေချိုးခန်းဖြစ်သည်။ အဒေါ်ကြီး သုံးဖို့ ရေချိုးခန်း၊ အိမ်သာက သီးသန့်ရှိပါသည်။ ချော ပြောတော့လည်း ခုမှ ပြန်ရောက်တာဟု ဆိုသည်။



ကျွန်တော့်စိတ်ထဲ ဇဝေဇဝါ ပြန်ဖြစ်လာကာ အင်္ကျီလဲပြီး ပြန်ထွက်လာခဲ့သည်။

"ဟယ် ... ကြည့်စမ်း ... အံ့နဲ့ အရမ်းကြည့်ကောင်းတာပဲ၊ ချော ရွေးတာ မှန်သွားပြီ၊ အဲ့ဒါပဲ ဝတ်ထားတော့၊ ခုန အင်္ကျီပြန်မလဲနဲ့တော့၊ ချော တံဆိပ်ဖြုတ်ပေးမယ်"

ချောက တံဆိပ်ကို ဖြုတ်ပေးလိုက်ပြီး ကျွန်တော့် ပခုံးကို ဖွဖွလေးနမ်းကာ ...

"ခဏနေဦးနော် ... ချော ရေချိုးလိုက်ဦးမယ်"

"ချော ရေမချိုးရသေးဘူးလား"

"ခုမှပြန်ရောက်တာ၊ ဘယ်ချိုးရဦးမလဲ ..."

"ကိုယ်လည်း ပြန်တော့မယ် ချော"

"ဟင် ... ပြန်တော့မှာလား"

"အချိန်သိပ်မရလို့ ချောရဲ့၊ ချောကိုတွေ့ရပဲလာခဲ့တာ၊ နောက်နေ့မှ အေးအေးဆေးဆေး လာတော့မယ်"

"ဒါဆိုလည်း သစ်သီးဖျော်ရည်လေး တစ်ခွက်တော့ သောက်သွားပါဦး အံ့ရဲ့၊ ချော သွားဖျော်လိုက်မယ်၊ ခဏစောင့်နော် ..."

ချောက ထမင်းစားခန်းထဲ ဝင်သွားသည်။ ကျွန်တော် တစ်ယောက်တည်း ထိုင်နေဆဲ အဒေါ်ကြီးက ကျွန်တော့်ရှိသည့်

www.burmeseclassic.com

www.burmeseclassic.com



ညှော်ခန်းကိုဖြတ်ကာ ချောအခန်းဘက်သို့ လျှောက်သွားတော့

ကျွန်တော် လှမ်းနှုတ်ဆက်လိုက်သည်။

"ဒေါ်ဒေါ်ရော ... ဘယ်တုန်းက ပြန်ရောက်လဲ"

"ဟင် ... "

"ဒေါ်ဒေါ် တောပြန်သွားတာ ဘယ်တုန်းက ပြန်ရောက်

တာလဲ ... "

"ဟို ... ဟို"

"ဒေါ်ကြီးရေ ... "

"လာပြီ ... လာပြီ"

ချောခေါ်သံကြောင့် ဒေါ်ကြီးက နောက်ဘက်သို့

ခပ်သုတ်သုတ် ပြန်ဝင်သွားသည်။

ကျွန်တော့်ခေါင်းထဲမှာလည်း ဘာကိုပဲ တွေးတွေး

ချာချာလည်၍နေလေသည်။

♥ ♥ ♥

(၂၄)

● ● ●

သို့သော် ကျွန်တော် ဘာကိုမှ ဆက်မတွေးတော့

ပါ။

သံသယ အတွေးတွေကို ဖျောက်ပြီး ကျွန်တော်

အားလုံးကို မေ့ထားလိုက်ပါသည်။ ပြီးတော့ ချောကို ချစ်သည့်

အချစ်တစ်ခုကိုသာ ရင်ဘတ်ထဲထည့်ထားလိုက်သည်။ (ချစ်သူ

အချင်းချင်းမှာ ယုံကြည်မှုကအရေးကြီးသည်ဟု ကျွန်တော် ကြား

ဖူးပါသည်။)

သို့သော် ... သို့သော် ... သို့သော် ...

ထိုသို့သော်တွေက ကျွန်တော့်ကို ဒုက္ခပေးခဲ့တာ

ဖြစ်သည်။

သိပ်မကြာခင် လပိုင်းအတွင်းမှာ ချောက ဆိုးထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့လေသည်။ ချောခရီးထွက်နေသော ရက်အတွင်းမှာ ကျွန်တော်တို့ရဲ့ ချစ်သက်တမ်း ခြောက်လပြည့်မြောက်တာမို့ ကျွန်တော်က အမှတ်တရ တစ်ခုခုလုပ်ဖို့ စဉ်းစားမိသွားသည်။

အဲ့ဒီနေ့မှာ ကျွန်တော်က အမှတ်တရ ကဒ်ပြားလေးမှာ ကဗျာတစ်ပုဒ်ရေးကာ ချောရဲ့ တိုက်ခန်းရှေ့ စာတိုက်ပုံးလေးမှာ သွားထည့်ထားဖို့ ကြံရွယ်မိ၏။

ထိုနေ့မနက်မှာကျွန်တော်က အမှတ်တရကဒ်ပြားလေးထဲမှာ ရနံ့မွှေးသည့် ပန်းခြောက်ကလေးတွေပါ ထည့်ကာ သူမ၏ တိုက်ခန်းသို့ လာခဲ့မိပါသည်။

တိုက်ခန်းရှေ့ရောက်တော့ သံတံခါးကို အတွင်းထ သော့ခတ်ထားတာ တွေ့တာမို့ ကျွန်တော် အံ့ဩသွားသည်။ ကျွန်တော့်ကို ချောပြောခဲ့တာတော့ အဒေါ်ကြီးကော သူမပါ မရှိဘူးဟုပင်။ အိမ်မှာ လူမရှိလျှင် သော့ကို အပြင်ကနေ နှစ်ထပ်ခတ်သွားတတ်တာကိုလည်း ကျွန်တော်သိသည်။ ခုတော့ အတွင်းကပင် တစ်ထပ်တည်း ခတ်ထားသည်။

ကျွန်တော် အခန်းရှေ့မှာ ငါးမိနစ်လောက် တွေတွေရပ်တဲ့နေမိပြီးမှ ဆုံးဖြတ်ချက်ချကာ တံခါးကို ခပ်ဆဆ ခေါက်လိုက်သည်။



ခဏကြာတော့ တံခါးပွင့်လာသည်။ တံခါးလာဖွင့်ပေးသူက အဒေါ်ကြီး ဖြစ်ပါသည်။

"အဒေါ်ကြီး ရှိနေတာကိုး"

"ဟုတ်တယ် သား၊ အဒေါ်က အိမ်မှာပဲ အမြဲလိုလို ရှိပါတယ်၊ သားငါးဟင်းစား ဝယ်မှသာ အပြင်ထွက်ဖြစ်တာ၊ လာ ... ဝင်လေ သား"

"ချောရော ..."

"ချော မနက်ကတည်းက အပြင်ထွက်သွားတယ်"

ဒါဆို ချော ခရီးထွက်သွားတယ်ဆိုတာ မဟုတ်ဘူးပေါ့။

ကျွန်တော့် ရင်ဘတ်ထဲမှာ တစစ်စစ် ကိုက်လာပါသည်။

"ဒေါ်ဒေါ်ရော ရွာမပြန်ဘူးလား"

"မပြန်ဖြစ်ပါဘူးကွယ်၊ တစ်နှစ်တစ်ခေါက်တောင် ရောက်ဖို့ ခဲယဉ်းတယ်လေ"

သံသယကို ကျွန်တော် ဖုံးထားလို့ မရတော့ပါ။

"ချော ဘယ်တော့ ပြန်ရောက်မလဲ ဒေါ်ဒေါ်"

"အဲ့ဒါတော့ ဒေါ်ဒေါ်လည်း မပြောတတ်ဘူး၊ သူ ဘယ်မှ မှာမသွားဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ညေ့ခန်းထဲမှာ ငြိမ်သက်စွာ ထိုင်နေ
သည်။ အဒေါ်ကြီးက ကျွန်တော့်ကို စိတ်မကောင်းသလို မျက်နှာ
မျိုးဖြင့် လှမ်းလှမ်းကြည့်နေပါသည်။

လောလောဆယ်မှာ ကျွန်တော် ဘာကိုမှ အတိအကျ
မမှန်းဆတတ်။ ရင်ထဲမှာ ... ခေါင်းထဲမှာ ထူပူနေတာ တစ်ခု
ရှိပါသည်။

"ကျွန်တော် ပြန်ပါဦးမယ် ဒေါ်ဒေါ်"

ကျွန်တော် ထ,ရပ်လိုက်ပြီး တံခါးဝဆီ လျှောက်
သွားလိုက်သည်။ ထိုခဏမှာ အဒေါ်ကြီး အသံ တိုးတိုးတုန်တုန်
လေးကို ကြားလိုက်ရသည်။

"ခဏ ... ခဏနေပါဦးကွယ်"

ကျွန်တော် အဒေါ်ကြီးကို ပြန်လှည့်ကြည့်မိသည်။
အဒေါ်ကြီးက သက်ပြင်းရှိုက်ရင်း ...

"သားကို အဒေါ် စကားနည်းနည်း ပြောချင်တယ်"

"ဟုတ်ကဲ့ ... ပြောပါ ဒေါ်ဒေါ်"

"သားကို အဒေါ် စတွေ့တွေ့ချင်းကတည်းက အဒေါ့်
သားလေးအရွယ်ပဲဆိုပြီး ချစ်ခင်စိတ်နဲ့ အဒေါ် လိုက်လိုက်
ကြည့်မိပါတယ်၊ သားက အဒေါ့်ကို အရေးတယူ ခေါ်ပြော
ဆက်ဆံတော့ သားအပေါ် အဒေါ် စေတနာထားမိလာ



တယ်၊ အဒေါ့်သားလေးလို သဘောထားပြီး မဖြစ်သင့်တာ
မဖြစ်အောင် တားမြစ်ချင်လာတယ်၊ ဒါပေမယ့် အဒေါ့်မှာ
လည်း သူများ အစေအပါးဆိုတော့ အရာရာကို ကြောက်ရွံ့
စိုးရိမ်ပြီး ဘာမှမပြောဖြစ်ခဲ့ဘူး ...၊

"အဒေါ့်မှာ အင်မတန် ချစ်တဲ့ သားလေး
တစ်ယောက် ရှိခဲ့တယ်၊ အဒေါ့်သားလေး သားတို့အရွယ်
ရောက်လာတဲ့အချိန်၊ တစ်နေ့မှာ လင်ရှိမယား တစ်ယောက်
ရဲ့ ထောင်ချောက်မှာမိပြီး အညွန့်တလူလူနဲ့ အဒေါ့်သားလေး
ခမျာ အညွန့်တုံး ဘဝပျက်ခဲ့တယ် ...၊

"မယားခိုးလည်း အစွဲခံရတယ်၊ ဝိုင်းပြီး ရိုက်
ပုတ်တာလည်း ခံရတယ်၊ နယ်မှာဆိုတော့ ပတ်ဝန်းကျင်
က ကျဉ်းတယ်မဟုတ်လား၊ အားလုံးရဲ့ ဝိုင်းပယ်တာကို
ခံလိုက်ရတယ်၊ ဒီလိုနဲ့ ထောင်ကျ၊ ထောင်ကထွက်လာ
တော့လည်း စိတ်တွေလေ၊ အရက်သောက်၊ လေလွင့်ပျက်စီး
သွားလိုက်တာ အခုဆိုရင် အဒေါ်နဲ့လည်း အဆက်အသွယ်
ပြတ်ပြီး ဘယ်ရောက်လို့ ရောက်မှန်း မသိတော့ပါဘူး
သွားရယ်"

အဒေါ်ကြီးကပြောရင်းမျက်ရည်ကျသည်။ ကျွန်တော့်
စိတ်ထဲမှာလည်း အနှောင့်အယှက်နှင့် နိုးကပ်သလို ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"သားကိုလည်း အဒေါ်သားလေးလို မဖြစ်စေချင်ပါဘူး တကယ်တော့ ချောမမဟာ ခုခေတ်အခေါ်တော့ စဆော ဆိုလား ဘာလား၊ ပိုက်ဆံအရမ်းချမ်းသာပြီး အိမ်ထောင် လည်း ရှိတဲ့ သူဌေးကြီးက ထောက်ပံ့ထားတဲ့ မိန်းကလေး ပါကွယ်၊ အဲဒီလူကြီး လာမယ့်ရက်တွေမှာ သူ့ခရီးထွက် မယ်လို့ မင်းကို ညာခဲ့မိတာ …၊ အဒေါ်လည်း ဒီအကြောင်း တွေကို စောစောကတည်းက ပြောပြချင်ခဲ့ပါတယ်၊ ဒါပေ မယ့် …"

ကျွန်တော် အဲ့ဒီအိမ်ထဲကနေ နာနာကြည်းကြည်း လှည့်ထွက်လာခဲ့မိပါသည်။ အောက်နှုတ်ခမ်းကို ဖိကိုက်မိတာမို့ သွေးတွေ စိမ့်ထွက်လာသည်။ ရိုးရိုးအသည်းကွဲတာနှင့် မတူသော ခံစားမှုကြီးက တော်တော်ဆိုးသည်။ ကြောက်သည်။ လန့်သည်။ ပြီးတော့ ရွံရှာသည်။

ကျွန်တော့် လက်ထဲမှာ ဆုပ်ထားသည့် အမှတ်တရ ကဒ်ပြားလေးကို အပိုင်းပိုင်းချိုးပြီး ကန်းထရီးရှူး စီးထားသည့် ဖိနပ်ဖြင့် အခါခါဆောင့်နင်းပစ်လိုက်ရင်း အံကြိတ်ရေရွတ်လိုက်ပါ သည်။

"သိပ်အထီးကျန်တာပဲဆို၊ ငွေက အရေးမကြီးဘူးဆို၊ အဖေကြီးက ထောက်ပံ့ထားတယ်ဆို …"



ဖိနပ်ပျောက်၍ စခဲ့သော ဇာတ်လမ်းကို ဖိနပ်ဖြင့် ပင် ကျွန်တော် နိပ်ကွပ်အဆုံးသပ်ခဲ့လေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## (၂၅)

●●●

ဒီလိုနဲ့ ကျွန်တော့်လော်ကယ်ရထားလေးလည်း အဲ့ဒီဘူတာ အစုတ်ပလုတ်ထဲက အမြန်ဆုံး ပြန်လည်ထွက်ခွာလာခဲ့ရပါသည်။

နောက်တော့ ဘူတာတစ်ခုခုမှာ ရပ်မယ်စဉ်းစားတိုင်း ဘူတာစုတ်နဲ့ တွေ့မှာကြောက်ပြီး တွန့်ဆုပ် တွန့်ဆုပ် ဖြစ်နေသည်။ သို့သော် ရထားဆိုတာ အမြဲတမ်း သွားချည်းပဲနေရင် ငြီးငွေ့စရာကောင်းသည်။ မောလာတဲ့အခါ ဘူတာတစ်ခုခုမှာတော့ ရပ်မှဖြစ်မည်ပင်။ သန့်ပြန့်သည့် ဘူတာမှာ အစားအသောက်ကောင်းလေးတွေ စားခွင့်ကြုံတဲ့အခါလည်းရှိ၊ ညစ်ပတ်စုတ်ပြတ်တဲ့ ဘူတာထဲမှာ ယင်တလောင်းလောင်း အစာတွေနဲ့ တိုးတဲ့အခါလည်း တိုးပေါ့။

မကြာခင် ကျွန်တော် ရည်းစားတစ်ယောက် ထပ်

www.burmeseclassic.com

www.burmeseclassic.com

ထားပါသည်။ ထပ်ချစ်မိပါသည်။ အရင်အချစ်တွေကိုလည်း မေ့သွားပါသည်။ မဆိုးပါ၊ အဲ့ဒီရည်းစားနှင့် ခဏတော့ အဆင်ပြေပါသည်။ နောက်တော့ ... ဘာရယ်မဟုတ်သည့် ကဗ်တောက်ကဆလေးတွေနှင့် ကွဲသွားကြပါသည်။ နောက်တစ်ယောက် ထပ်တွေ့ပါသည်။ ထပ်ချစ်ပါသည်။ နောက်တော့ မချစ်တော့ပါ။ အသစ်ထပ်တွေ့ပါသည်။

အသက် ၂၈ ဝန်းကျင်ကာလတွေမှာ ကျွန်တော့်လော်ကယ်ရထားလေးလည်း အာဖရိကတိုက်ထဲမှာ လှည့်လည်သွားလာနေခဲ့မိလေသည်။

❤ ❤ ❤



အသက် ၃၀ အရွယ် ယောကျ်ားဟာ
အထူးရထားနဲ့ တူတယ်၊
သူဟာ မြို့ကြီးတွေမှာသာ ရပ်နားတယ်။

အသက် ၃၀အရွယ် မိန်းမဟာ
အိနှိုယနဲ့ တူတယ်၊
သူမဟာ နွေးထွေးတယ်၊
ရင့်ကျက်တယ်၊ အသိရခက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော် အယူအဆများ

နှင့်

အရှိုယသူမ

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၆ )

●●●

အသက် ၃၀ အရွယ်မှာတော့ ကျွန်တော်သည် ...တာတိုင်းမှာ ရပ်နားဖို့ စိတ်ကူးမရှိတော့ပြီ ...။

လှုပ်ခတ်လွယ်သော စိတ်တွေလည်း တည်ငြိမ်လာ ...ာ ဖေဖေလွှဲပေးသည့် စီးပွားရေးလုပ်ငန်းတစ်ခုကို ဖောက်ချလုပ် ...င်း ကိုယ် တကယ် လက်ထပ်နိုင်သည့်၊ လက်ထပ်ဖို့ သင့်တော် ...ည့် မိန်းမ တစ်ယောက်ကိုသာ အတည်တကျ ချစ်ရေးဆိုပြီး ...တည်တကျ အိမ်ရာထူထောင်ဖို့ စိတ်ကူးထားခဲ့သည်။

အဲဒီလို အချိန်မျိုးမှာ အိန္ဒိယနှင့် တူသော မိန်းမ ...စ်ယောက်ကို ကျွန်တော် တွေ့ခဲ့ရပါသည်။

သူမက တည်ငြိမ်ရင့်ကျက်ပြီး သိုသိပ်လျှို့ဝှက်တတ် ...ည်။ သူမထံမှာ အိမ်ရှင်မကောင်းတစ်လက်မြစ်နိုင်မည့် အရည်

www.burmeseclassic.com

www.burmeseclassic.com



အချင်းတွေလည်း ရှိသည်။ လူနှစ်ဦးပေါင်းစည်းနေထိုင်ကြ
ကိစ္စမှာ မိန်းမက မရင့်ကျက်ဘဲ ဘာမဟုတ်တာလေးနှင့် စိ
ကောက်၊ ရန်ဖြစ်၊ ထစ်ခနဲရှိ အိမ်ပေါ်က ဆင်းသွားတတ်သူ
အိမ်ထောင်ရေး သာယာမှာမဟုတ်ပါ။ သူမကတော့ ရင့်ကျက်
ရှိသော မိန်းမတစ်ယောက်ဟု ကျွန်တော် ထင်ခဲ့သည်။

သူမ နာမည်က သက်ထားနွယ် ဖြစ်ပါသည်။

နာမည်လေးက ရိုးသလို လူကလည်း ခပ်ရိုး
တည်တည်ငြိမ်ငြိမ်လေးမို့ ကျွန်တော် စိတ်ဝင်စားခဲ့မိခြင်းဖြစ်သည်

ဒီအရွယ်မှာတော့ သိုးသိုးသွက်သွက် လှုပ်လှုပ်
ခပ် စိတ်ကူးယဉ်ဖို့လောက်သာ အသုံးဝင်သော မိန်းကလေးတွေ
ကျွန်တော် စိတ်မဝင်စားတော့ပြီ။

သူမနဲ့ ကျွန်တော်ရဲ့ တွေ့ဆုံခြင်းက ယေယေတို့
က ဇာတ်လမ်းတွေလိုတော့ ကဗျာဆန်ပြီး ဆန်းပြားသွက်လ
မနေပါ။

ကျွန်တော့်အလုပ်နဲ့ လုပ်ငန်းချင်း ပတ်သက်နေသော
ရုံးတစ်ရုံးမှ ဝန်ထမ်းဖြစ်သော သူမနှင့် အလုပ်ကိစ္စ သွားလာ
ရိုးရိုးလေးပဲ ဆုံတွေ့ခဲ့ကြပါသည်။

ကျွန်တော့်ကို တွေ့တိုင်း ပြုံးရုံကလေး ပြုံးပြ
ခေါင်းငုံ့သွားတတ်သော သူမကို သတိထားမိရာက စပြီး ကျွန်



စိတ်ထဲ တစ်မျိုးလေးဖြစ်ခဲ့ရတာပင်။ ဒီအရွယ်မှာ အိမ်ထောင်ဘက်ဖြစ်သင့်သည့် မိန်းကလေးကိုပဲ ရွေးချယ်မည်ဆိုသော်လည်း ပူနွေးဆဲ ကျွန်တော့် နှလုံးသားက ခံစားမှုမရှိဘဲတော့ ရွေးချယ်ဖို့ စိတ်ကူးမရှိပါ။ ကျွန်တော်သည် ခုထိ မိန်းကလေးတစ်ယောက်ယောက်ကို ချစ်ဖို့ အသင့်ဖြစ်ဆဲ။

အချစ်ဆိုတာ တစ်ခါပဲ ချစ်ပြီး သေဆုံးချုပ်ငြိမ်းသွားသော အရာမဟုတ်ဟု ယုံကြည်ထားဆဲပင်။ ခုအရွယ်မှာ တစ်ခုပိုလာတာက ဦးနှောက်နဲ့ပါ ရောပေါင်းလာခြင်းဖြစ်သည်။

မိန်းမတွေကို ချစ်ခဲ့ပြီး ကံမကောင်းမှုတွေလည်း ကြုံခဲ့ဖူးသော ကျွန်တော်သည် မိန်းမတွေကို မုန်းပစ်ရောင်ခွာလိုက်ဖို့တော့ စိတ်မကူးခဲ့ပါ။ လောကမှာ မိန်းမဆိုတာ ကမ္ဘာဦးတုန်းကလို ဧဝ တစ်ယောက်တည်းရှိတာမှ မဟုတ်တာ။

သက်ထားနွယ်ကို စိတ်ဝင်စားခဲ့သော ကျွန်တော်က တစ်နေ့တော့ သက်ထားနွယ် အလုပ်လုပ်သော ရုံးကိုသွားရင်း မီးပွိုင့်မှာ ရောင်းသည့် စံပယ်ဖူးကလေးတွေကို ဝယ်လာခဲ့သည်။

သူမတို့ရုံးရောက်တော့ သူမ စားပွဲရှေ့အပေါ်မှာ စံပယ်ကုံးကလေးတွေ တင်ပေးလိုက်ရင်း ...

"သက်ထားနွယ် ပန်ရင် လှမယ်ထင်လို့ ကျွန်တော် ဝယ်ခဲ့တာ ..."

www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးတိုးလေးပြောခဲ့ပြီး ဆက်လျှောက်လာခဲ့သည်။ အဲ့ဒီကအပြန်မှာ သူမ စားပွဲရှေ့က ဖြတ်လျှောက်ရင်း သူမကို တစ်ချက်ကြည့်လိုက်တော့ ခေါင်းငုံ့ပြီး သူမ လုပ်စရာရှိတာ လုပ်နေတာ တွေ့ရသည်။ ပန်းကိုတော့ သူမ ပန်မထားခဲ့ပါ။

အဲဒီလို သိုသိုသိပ်သိပ် ဣန္ဒြေရရနေတာ၊ လိုက်လျော မလွယ်တာကို ကျွန်တော်က ပိုပြီး တန်ဖိုးထားသည်။ မပန်စေ မယ့် ကျွန်တော် ကျေနပ်သည်။

နောက်နေ့တွေမှာတော့ ကျွန်တော် သူ့ရုံးကိုသွား တိုင်း သူ့ဖို့ ပန်းတစ်မျိုးမျိုး ဝယ်သွားသည်။ သူမကလည်း ဘယ်တော့မှ မပန်။

သူမ ရုံးလာသည့် အချိန်တွေမှာ ကျွန်တော်က သူ့ ရုံးရှေ့က ကော်ဖီဆိုင်လေးမှာ သူမ မြင်သာအောင် ထိုင်စောင့် ကြည့်နေလိုက်သည်။ တစ်ပတ်တိတိ ကိုယ်ယောင်ပြပြီးချိန်မှာတော့ ခပ်ရိုးရိုး မိန်းကလေးကို ခပ်ရိုးရိုး ချစ်ခွင့်ပန်ဖို့ ဆုံးဖြတ်လိုက် ပါသည်။

ရုံးဆင်းချိန် တစ်ညနေမှာ ကျွန်တော်က သူမကို သွားစောင့်နေလိုက်သည်။ ပြီးတော့ ကျွန်တော် သူမကို နှုတ်ဆက် လိုက်ပါသည်။

"မထား ... ပြန်တော့မလို့လား ..."



"ဟုတ်ကဲ့ရှင် ..."

"ကျွန်တော် မထားကို တစ်ခုလောက် မေးချင်လို့ စောင့် နေတာ"

"မေးပါရှင် ..."

"မထား ... ဘယ်တော့ ပန်းပန်မှာလဲ ..."

"အို ..."

သူမက ခေါင်းငုံ့သွားသည်။ ကျွန်တော်က အေးအေး ဆေးဆေး တောင်းဆိုလိုက်သည်။

"ကျွန်တော် ဘာကိုရည်ရွယ်ပြီး မေးတယ်ဆိုတာ မထား လည်း သိမှာပါ၊ ကျွန်တော် မထားကို လေးလေးနက်နက် ပြောစရာရှိပါတယ်၊ ကျေးဇူးပြုပြီး ဒီရှေ့က ကော်ဖီဆိုင် လေးမှာ စကားပြောခွင့် ပြုပါ"

"နှစ်ယောက်တည်းဆိုတော့ မကောင်းဘူး ထင်ပါတယ် ကိုအံ့ဘွယ်"

"တချို့စကားတွေက နှစ်ယောက်တည်း ပြောမှ ဖြစ်ပါတယ် မထား ..."

"ကောင်းပြီလေ ... အချိန်တော့ သိပ်မရဘူး၊ ၁၅ မိနစ် လောက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါတယ် ... ဖြစ်ပါတယ်၊ အဲဒီလောက် အချိန်ပေးရော ကျေးဇူးတင်လှပါပြီ"

ကျွန်တော်နှင့် သူမ ကော်ဖီဆိုင်လေးထဲ ဝင်လာ ကြသည်။ အချိန် ၁၅ မိနစ်သာ ရတာမို့ ကျွန်တော် လိုရင်းတို့ရှ သာ ပြောရပါသည်။

"ကျွန်တော် မထားကို မေတ္တာရှိနေတယ်ဆိုတာ မထား လည်း ရိပ်မိမယ်တော့ ထင်ပါတယ်၊ ကျွန်တော် မထား ချစ်မိပါတယ်၊ ကျွန်တော်တို့ အရွယ်ဟာ ကိုယ့်အလုပ် ကိုယ်ဆိုတော့ လူငယ်လေးလို တစ်ချိန်လုံး လာစော ကြည့်နေဖို့တို့၊ ဖုန်းတဂျီဂျီဆက်ပြီး ပိုးပန်းနေဖို့တို့ဆိုတာ အမြဲ မဖြစ်နိုင်ဘူး မဟုတ်လား၊ အဲဒါကြောင့် မထား ကျွန်တော် ခုလို ရိုးရိုးလေး ပြောပြခွင့်တောင်းတာပါ မထား စဉ်းစားပေးစေချင်ပါတယ်၊ ပြီးတော့ ကျွန်တော့် မြန်မြန်နဲ့ ရိုးရိုးလေး အဖြေပေးစေချင်ပါတယ်"

သူမက ခဏတိတ်ဆိတ်နေပြီးမှ ရှက်မျက်နှာကလေး နှင့် တုံ့ပြန်သည်မှာ ...

"မြန်မြန်ဆိုတာကတော့ မပြောနိုင်ပါဘူးရှင်၊ ကိုအံ့ဘွ လည်း သိမှာပါ၊ ဒီကိစ္စဆိုတာ ဘဝတစ်ခုလုံးနဲ့ဆိုင် ကိစ္စ၊ မိန်းကလေးတစ်ယောက်ရဲ့ ဘဝမှာ အမှားမခံနိုင်



ကိစ္စ၊ ရေရှည်အတွက် ကြည့်ရမယ့်ကိစ္စ၊ ကျွန်မ သေသေ ချာချာ စဉ်းစားမှ ဖြစ်မှာပါ ..."

"ကောင်းပါပြီ ... မထားရယ်၊ မထား အချိန်ယူစဉ်းစား ပြီးမှ ဖြေတဲ့အဖြေကို ကျွန်တော် မျှော်လင့်တကြီး စောင့် နေပါ့မယ်၊ ဒီကြားထဲမှာ ရုံဖန်ရံခါတော့ ဒီကော်ဖီဆိုင်လေး မှာ ဆုံခွင့်ပြုပါ"

"ကျွန်မ စဉ်းစားပါ့မယ် ..."

သူမက စကားကို ချင့်ချင့်ချိန်ချိန်ပြောပြီး ၁၅ မိနစ် ပြည့်တာနှင့် ကော်ဖီတောင် မသောက်တော့ဘဲ ပြန်သွားခဲ့ပါသည်။

ကျွန်တော် ငယ်ငယ်ကဆို အဲဒီလို မိန်းမမျိုးကို ကြိုက်မိမည် မဟုတ်ပါ။ ခုတော့ ကျွန်တော်က အဲဒါလေးကိုပဲ တန်ဖိုးထား အထင်ကြီး နှစ်သက်နေမိခဲ့လေသည်။

❤ ❤ ❤

www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

●●●

သူမက အဖြေမပေးမီ ကာလတွေမှာ ကျွန်တော်နဲ့ တွေ့ဆုံဖို့ ခွင့်ပြုခဲ့သည်။

သူမနှင့် ရင်းနှီးမှုရှိလာခဲ့တာမို့ သူမဟာ အရာရာ သိုသိပ်လျှို့ဝှက်တတ်သော မိန်းကလေးတစ်ယောက်ဟု သိလာခဲ့ရပါသည်။

သူမနှင့် ဘယ်နှခါ စကားပြောပြော၊ ဘယ်နှခါပဲ တွေ့တွေ့ သူမရဲ့ စိတ်ကို သိပ်ပြီး မမှန်းဆ မသိမြင်နိုင်ပါ။

သူမက စကားအပြောအဆို ဆင်ခြင်တတ်သူ၊ သူမအကြောင်း၊ သူမစိတ်ကို အများကြီး ပြောမပြတတ်သည့် အသိရခက်သူဖြစ်ပါသည်။

ကျွန်တော် ချစ်ရေးဆိုပြီး ခြောက်လအကြာမှာတော့

www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်တော့်ကို ချစ်တယ်ဟု ရိုးရိုးလေး အဖြေပေးခဲ့ပါသည်။ တစ်ပြိုင်တည်း ရှက်ပြုံးလေး တစ်ပွင့်ကို ချစ်စဖွယ် ခြွေချပေးခဲ့ပါသည်။

ကျွန်တော် အရမ်းပျော်ပါသည်။ သို့သော် ငယ်ငယ်တုန်းကလိုတော့ ပေါက်ကွဲဖွင့်ထုတ်ပြီး မပျော်တော့ပါ။

သူမရဲ့ လက်ကလေးကို ဆုပ်ကိုင်ရင်း ...

"ကျေးဇူးတင်ပါတယ် ထားရယ်၊ ထားအပေါ် ရိုးမြေကျကြင်နာပါ့မယ်"

ဟုသာ ပြောခဲ့မိလေသည်။

♥ ♥ ♥

( ၂၈ )

● ● ●

ကျွန်တော်တို့ ချစ်သူဖြစ်ပြီး ခြောက်လအကြာမှာပင် ကျွန်တော်က ထားကို လက်ထပ်ခွင့် တောင်းခဲ့ပါသည်။ ထားက ကျွန်တော့်ကို မေးခွန်းထုတ်သည်မှာ ...

"ကို့က ထားကို တစ်သက်လုံး စိတ်ချမ်းသာအောင် ထားမှာလား"

"ထားပါ့မယ်"

"တစ်သက်လုံး ထား စိတ်တိုင်းကျ ဖြစ်ရမှာလား"

"ဖြစ်ရပါစေ့မယ်"

"ကို့ ကတိက တည်မှာလား"

"တည်ပါ့မယ်"

ထိုမေးခွန်းကြီး သုံးခွန်းကို ကျွန်တော် ခေါင်းညိတ်

www.burmeseclassic.com

www.burmeseclassic.com



မှ သူမက လက်ထပ်ဖို့ သဘောတူလိုက်သည်။ ကျွန်တော် ဘာမှ ဆွေးနွေးခွင့် မရလိုက်ပါ။

ကျွန်တော့်သဘောကတော့ ကျွန်တော်တို့နှစ်ယောက် ပေါင်းပြီး မိသားစုဘဝကို ဘယ်လိုနိုင်မာအောင် တည်ဆောက်မလဲ၊ စီးပွားရေးကို ဘယ်လိုအခြေချမလဲ၊ သားသမီး ဘယ်နှယောက် ယူမလဲ၊ ဇနီးမောင်နှံ နှစ်ယောက် အပြန်အလှန် နားလည်မှု၊ သစ္စာရှိမှု၊ အပေးအယူမျှတမှုကို ဘယ်လို တည်ဆောက်မလဲဟု ဆွေးနွေးညှိနှိုင်းချင်ခဲ့တာပင်။ သို့သော် သူမက သူမလိုချင်တာ ကိုပဲ တင်ပြသွားပါသည်။

အဲဒီနောက် ကျွန်တော်တို့ နှစ်ယောက် လက်ထပ်ဖို့ စိတ်ကူးတုန်း ရှိသေးသည်။ သူမထံက တောင်းဆိုမှု အများအပြား ကို မယုံနိုင်စွာ ကြုံတွေ့လိုက်ရပါသည်။

"ထား မိဘတွေက နယ်မှာဆိုတော့ မင်္ဂလာဆောင်က ဟိုမှာ တစ်ပွဲ၊ ဒီမှာတစ်ပွဲလုပ်မှ ဖြစ်မယ် ကို၊ နယ်က အမျိုးတွေရှေ့မှာရော ဒီက လုပ်ဖော်ကိုင်ဖက်တွေ သူငယ် ချင်းတွေရှေ့မှာရော ထား မျက်နှာငယ်လို့ မဖြစ်ဘူး၊ လက်ထပ် လက်စွပ်က အစ ထားစိတ်တိုင်းကျ ဖြစ်အောင် လုပ်ပေးပါနော်"

တစ်မျိုးကြီးပါလား ... ဟု ကျွန်တော် စ,တင်ခံစား



လာရသည်။ အသိရခက်သော ထားရဲ့ အတွေ့တွေကို ကျွန်တော် မြင်လာရပါသည်။

"ယောက်ျားမနဲ့တော့ ထား အတူမနေနိုင်ဘူး ကို ...၊ အဲ့ဒါ ခုကတည်းက ကို ရှင်းရှင်းလင်းလင်း သဘောပေါက်ထား၊ မင်္ဂလာဆောင်ပြီးမှ မိဘကခေါ်လို့ဆိုတာမျိုး၊ သွားနေဖို့ စီစဉ်တာမျိုးတွေ ဘာတွေ ရှုပ်မလာစေချင်ဘူး"

ထားက တစ်မျိုးပြီးတစ်မျိုး ပြောနေသည်။ ကျွန်တော့် ခေါင်းထဲမှာလည်း တစ်မျိုးပြီးတစ်မျိုး ရှုပ်လာသည်။ ထားဟာ ပျော့ပျော့နဲ့ နံတဲ့ ကြောင်ချီးပဲဟု တွေးမိလာသည်။

ကျွန်တော် မျက်နှာပျက်တော့ ထားက ချစ်စဖွယ် ပြန်လည်ချော့မော့ပါသည်။

"ကို ... ထား ဂျီဂျောင်များလို့ စိတ်ညစ်နေပြီလားဟင်၊ စိတ်မဆိုးပါနဲ့ ကိုရယ်၊ ထားကလည်းလေ တစ်သက်မှာ တစ်ခါ မင်္ဂလာဆောင်ရမှာဆိုတော့ စိတ်လှုပ်ရှားမိတာပေါ့၊ အကောင်းချည်း ဖြစ်စေချင်တာပေါ့၊ ပြီးတော့ ကိုနဲ့ နှစ်ယောက်တည်းပဲ နေချင်တာပေါ့"

"အင်းပါ ထားရယ် ... ကိုယ် နားလည်ပါတယ်၊ ထား စိတ်တိုင်းကျ ဖြစ်စေရပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်က ပြန်ပြောနေရပေမယ့် ရင်ထဲမှာတော့ ပေါ့လုပ်လုပ် ဖြစ်လာသည်။ ကျွန်တော်ကလည်း အရမ်းချမ်းသာသည့် သူဌေးကြီးမှ မဟုတ်ဘဲ။ မိဘ လွှဲထားသည့် လုပ်ငန်းကို ဦးစီးနေရသူသာ ဖြစ်သည်။ ဒါကို သူမက အားမနာလျှာမကျိုး စွတ်တင်နေတာမို့ အမြင်ကပ်ချင်သလိုလို ဖြစ်လာသည်။ သို့သော် လှလည်းလှ၊ ဣန္ဒြေလည်းရ၊ မိန်းမလည်း ပီသသော သူမကို ကျွန်တော် လက်မလွှတ်ချင်ပေ။ ခုချိန်ထိ သူမဟာ ကျွန်တော် ဆိုက်ကပ်နေသည့် မြို့တော်ကြီး ဖြစ်နေဆဲပင် ...။

တစ်ရက်နေ့တော့ သူမနဲ့ ကျွန်တော် နေ့ခင်းဘက် အတူ ထမင်းထွက်စားပြီးနောက် ကျွန်တော့် ကားပေါ်မှာ သူမရဲ့ အိမ်သော့ ကျန်ရစ်နေတာကို တွေ့ရပါသည်။ သော့တွေ့သည့် အချိန်က ရုံးဆင်းချိန်နီးနေပြီမို့ ကျွန်တော် သူ့မရုံးကို ဖုန်းဆက်ကြည့်လိုက်သည်။

"မသက်ထားနွယ်နဲ့ ပြောပါရစေ ခင်ဗျာ"

"သြော် ... သူ အလုပ်ကိစ္စတစ်ခုအတွက် အပြင်သွားရင်း အဲဒီကနေ အိမ်တန်းပြန်မယ် ပြောသွားပါတယ်ရှင်"

ကျွန်တော် ထားအတွက် စိတ်ပူသွားပါသည်။ ထားက သူ့သော့ မေ့ကျန်ခဲ့တာကို ခုချိန်ထိ သိသေးပုံရမပါ။ အိမ်ရောက်လို့ သော့မပါမှန်းသိမှ ဒုက္ခရောက်မည်ပင်။



ထားက သူငယ်ချင်းတစ်ယောက်နှင့်အတူ တိုက်ခန်းငှားနေသူ ဖြစ်ပါသည်။ လောလောဆယ်မှာ အတူနေ သူငယ်ချင်းက အိမ်ထောင်ကျပြီး ပြောင်းရွှေ့သွားတာမို့ နောက်တစ်ယောက် ရောက်မလာမီစပ်ကြားမှာ တစ်ယောက်တည်း နေနေရသည်ဟု ကျွန်တော် သိထားသည်။

ကျွန်တော်က သော့ ပေးဖို့ ထားအခန်းသို့ ထွက်လာခဲ့သည်။ ကျွန်တော် ရောက်တော့ ထား ရောက်မလာသေးပါ။ ကျွန်တော် ထားအခန်းရှေ့မှာ ယောင်လည်လည် ရပ်စောင့်နေရသည်။ ထားအခန်းက သုံးထပ်မှာမို့ အပေါ်တက်သွားသော လူတွေက ကျွန်တော့်ကို ရှုးရှုးစမ်းစမ်း ကြည့်သွားကြသည်။

ကျွန်တော် အောက်ဆင်းပြီး ကားထဲမှ ထိုင်စောင့်နေရင် ကောင်းမလားဟု စဉ်းစားသည်။ သို့သော် ကျွန်တော် ရှူးရှူးလည်း ပေါက်ချင်နေသည်။ ဒီနားတစ်ဝိုက်မှာ အိမ်သာလည်း မတွေ့မိပါ။ လှည့်ပြန်သွားလို့လည်း မဖြစ်ပါ။ ဆက်စောင့်နေရင်း ဝေဒနာက ပိုပြင်းထန်လာတာမို့ ကျွန်တော် ထားအခန်းထဲ ခဏ ဖွင့်ပြီး ပြဿနာ ဖြေရှင်းဖို့ ဆုံးဖြတ်လိုက်ရပါသည်။

"ဘယ်သူမှ မရှိတုန်း ဝင်လို့ကောင်းပါ့မလား၊ အို ... ဘာဖြစ်လဲကွာ၊ ကိုယ့်ချစ်သူ အခန်းကို ခဏတစ်ဖြုတ် ဝင်တာပဲ ..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကိုယ့်ကိုကိုယ် အားပေးရင်း အခန်းသော့ကို ဖွင့်လိုက်သည်။

အခန်းတံခါး ပွင့်သွားသည်နှင့် တစ်ပြိုင်တည်း အတွင်းဘက်ဆီက အနံ့ဆိုးက လှိုက်ခနဲ ထွက်လာသည်။

ပုစွန်ခွံပုပ်လိုလို၊ ထမင်းဟင်းသိုးနံ့လိုလို၊ ချဉ်စုပ်စုပ် အနံ့လိုလို အနံ့မျိုးစုံက အခန်းထဲမှာ လှောင်နေသည်။ ပြတင်းတံခါး မရှိသော အလယ်ခန်းမို့ မှောင်လည်းမှောင်နေသည်။

ကျွန်တော် အခန်းမီးခလုတ်ကို စမ်းဖွင့်လိုက်သည်။

"ဟာ ..."

ရုတ်တရက် လင်းသွားသော အလင်းရောင်အောက်မှာ အံ့သြစရာမြင်ကွင်းကို ဘွားခနဲ တွေ့လိုက်ရသည်။ အံ့သြလွန်းတာမို့ လွှတ်ခနဲတောင် အော်လိုက်မိပါသည်။

ဧည့်ခန်းထဲမှာ နေကြာစေ့ခွံတွေ ... ဆီးထုပ်ခွံတွေ၊ ရေသောက်လက်စ ဖန်ခွက်နှင့် လဲပြိုနေသော ရေဘူး၊ နံရံကနေ သွယ်ဆင်းလာပြီး မုန့်ထုပ်ခွံတွေဆီသို့ တပ်ချီသွားနေသော ပုရွက်ဆိတ်တန်းကြီး၊ ဧည့်ခန်းထောင့် စားပွဲပေါ်မှာ ဖြစ်သလို ပစ်တင်ထားသည့် ရေစိုထိုင်းပြီး ချဉ်စုပ်စုပ်အနံ့ ထွက်နေသည့် တဘက်တစ်ထည်၊ ထိုင်ခုံနောက်မှီမှာ အသွယ်အသွယ်ကျနေသော ဘရာစီယာ နှစ်ထည်၊ အဖုံးပွင့်နေသော မိတ်ကပ်ဘူး၊ ခုံအောက်ကနေ



လှစ်ခနဲပြေးထွက်ပြီး ဖိနပ်ချွတ်သို့ ကူးသွားသော ပိုးဟပ်တစ်ကောင်၊ ဧည့်ခန်းစားပွဲပေါ်မှာတော့ စားလက်စ သရက်သီးမှည့် တစ်ပန်းကန်၊ ထိုပန်းကန်ပေါ်မှာ ယင်တွေနားလျက် ...။

ကျွန်တော် ထိုမြင်ကွင်းကြီးကို ကြက်သေသေပြီး စိုက်ကြည့်နေသည်။

ပြီးတော့ နောက်ဘက်ကို တရွေ့ရွေ့ ဆက်လျှောက်လာခဲ့မိသည်။ ဟဟလေး ပွင့်နေသော သူမ အခန်းတံခါးကို တွန်းဖွင့်ကြည့်လိုက်သည်။

အိုး ... မမြင်ရက်စရာ ...။

ကျွန်တော့် အခန်းတံခါးကို ကယောင်ချောက်ချား ပြန်ဆွဲပိတ်လိုက်ရသည်။ သို့သော် ဖျတ်ခနဲ မြင်လိုက်ရသော မြင်ကွင်းဟာ ကျွန်တော့် မျက်စိထဲမှာ စွဲနေသည်။

ချွတ်ပြီး ခေါက်ထားလို့ရတဲ့ ထဘီတွေဟာ ဘာ့ကြောင့် ကွင်းလုံး ကွင်းလုံး ပုံနေရတာပါလိမ့်။ အတွင်းခံဘောင်းဘီတွေ ဘာ့ကြောင့် ထဘီကွင်းလုံးပေါ်မှာ ပုံမပျက်ကလေး တင်နေရတာပါလိမ့်။ ခြင်ထောင်ဟာ ဘာကြောင့်များ တစ်ဝက်တင် တစ်ဝက်ချ ကသီးကရို ဖြစ်နေရတာပါလိမ့်။ ခေါင်းအုံးစွပ်ဖြူဟာ ဘာကြောင့် ညစ်ထပ်ထပ် ဖြစ်နေရတာပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အသက်ရှူတွေ ကျပ်လာရင်း နောက်ဖေး ချောင်ထဲ ရောက်သွားသည်။ အနံ့အသက်တွေက ပိုဆိုးလာသည်။

ဘုရား ... ဘုရား ... ဘယ်လို မြင်ကွင်းမျိုးပါလိမ့်။ မဆေးရသေးသည့် ပန်းကန်တွေဟာ ဇေစင်ထဲမှာ ပုံထပ်နေသည်။ ထမင်းလုံးတွေ၊ ဟင်းကျန် အဖတ်တွေက ဇေစင်ထဲမှာ ပြန့်ကျဲ အနံ့ထွက် ပုပ်ရှက်ဆိတ်တက်နေသည်။

ကြွတ်ကြွတ်အိတ်တစ်လုံးထဲမှာတော့ ပုစွန်ခွံတွေ ထမင်းသိုး အခဲလိုက်ကြီးတွေ၊ ကန်စွန်းရွက်အရိုးတွေ မောက်လျှံ နေသည်။ အဲဒီပေါ်မှာပင် ယင်တွေက တလောင်းလောင်း ပိုးဟပ်တွေက ထမင်းကျန်တွေကို ဆွဲချနေသည်။ ဆီပုလင်း ဆားဘူးတွေက အဖုံးပွင့်လျက်၊ ငရုတ်သီးမှုန့်တချို့ ဖိတ်စင်လျက် မီးဖိုပေါ်က ဒယ်အိုးကလည်း စလောင်းဖုံးနဲ့ တခြား၊ ငရုတ်ဆုံ ကိုလည်း မှောက်အုပ်မထား၊ ငရုတ်ကျည်ပွေ့က ခပ်ဝေးဝေးမှာ လိမ့်ကျနေသေးသည်။

အဲ့ဒါတွေရဲ့ ပိုင်ရှင် ... ကျွန်တော့် ချစ်သူကတော့ သနပ်ခါးကလေး ဖွေးမှုန်ကာ စံပယ်ဖြူကလေး ပန်လျှင် ပိုလှ လာမည့် မိန်းကလေးဖြစ်လေသည်။

ကျွန်တော်သည် အိမ်သာတောင် မဝင်ဖြစ်တော့ဘဲ သူမအခန်းထဲက ချာခနဲ လှည့်ထွက်လာခဲ့သည်။ မျက်နှာမှာ



သနပ်ခါးနဲ့၊ ပေါင်မှာ သေးစီးကြောင်းနဲ့ မိန်းကလေးဟုလည်း ပျစ်ပျစ်နှစ်နှစ် တွေးလိုက်မိသည်။

ကျွန်တော် တံခါးဖွင့်ပြီး ထွက်လိုက်တော့ အခန်းဝ မှာ ရပ်နေသော ထားကို ဘွားခနဲ တွေ့လိုက်ရသည်။

ထားက ကျွန်တော့်ကို တစ္ဆေတစ်ကောင်လို ပြူး ကြည့်နေသည်။

ကျွန်တော်ကလည်း ထားကို အဲဒီလိုပဲ ပြူးကြည့်နေ လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၂၉ )

● ● ●

"မင်း အဖြစ်ကကွာ ..."

"မပြောချင်တော့ပါဘူး သက်မင်းရာ၊ ငါ့မှာ ကံကောင်းလို့ ...၊ သူ့ကိုသာ လက်ထပ်မိရင် အမှိုက်ပုံစောင့်နတ်ဖြစ်မှာ သေချာတယ်"

ကွဲကွာနေတာကြာပြီဖြစ်သော သက်မင်းနှင့် ပြန်တွေ့စဉ်ခိုက်မှာ ကျွန်တော်က ကျွန်တော့် ဇာတ်လမ်းကို ပြန်ပြောနေမိခြင်း ဖြစ်သည်။

ကျွန်တော့် သူငယ်ချင်းတွေ အားလုံးက တစ်နေရာစီ ကွဲကွာနေကြတာမို့ ရံဖန်ရံခါသာ ဆုံခွင့်ရသည်။ ဝဏ္ဏက စင်ကာပူမှာ အိမ်ထောင်ကျနေပြီ။ သက်မင်းက အမေရိကားကနေ ခဏပြန်လာသည်။ စည်သူကတော့ သင်္ဘောဖြင့် ကမ္ဘာပတ်ရင်း ပျော်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ အဲဒီနောက်ပိုင်း မတွေ့ဖြစ်ကြတော့ဘူးပေါ့"

"မတွေ့တော့ဘူးလေ၊ သူလည်း ရှက်သွားတယ်ထင်ပါ တယ်၊ ငါ့ကို မဆက်သွယ်တော့ဘူး၊ ငါလည်း ဒီအတိုင်းပဲ နေလိုက်တော့တယ်"

"မင်း သူ့ကို မချစ်ဘူးလား"

"ချစ်နေတုန်းတော့ ချစ်တာပေါ့ကွာ"

"ရှင်းသွားတာပဲ"

"ဟုတ်တယ်လေ … အချစ်ဆိုတာ ချစ်နေတုန်းသာ အသက် ဝင် ရှင်သန်နေတာ၊ မချစ်တော့ရင် ဘာမှကို မဟုတ်တော့ ဘူး၊ ဘာမှကို မရှိတော့ဘူး"

"မင်းပြောမှ ငါတို့ ငယ်ငယ်က ငါတို့ ဆရာမ အပျိုကြီး ဒေါ်မြသောင်း ဆုံးမတာကို သွားသတိရတယ်။ ဒီမိန်း ကလေးက လွဲပြီး ဘယ်မိန်းကလေးကိုမှ မချစ်နိုင်တော့ ဘူး ထင်ပြီး ရူးသွပ်ခဲ့တာတွေဟာ အသိဉာဏ် ရင့်ကျက်လာ တော့မှ နောက်ပြန်လှည့်ကြည့်ရင် အသေးအဖွဲလေးတွေ ရယ်ချင်စရာလေးတွေ ဖြစ်နေတတ်တယ်တဲ့"

"အဲ့ဒါ ဟုတ်တာပဲကွ၊ အဲ့ဒီတုန်းက အရူးအမူး ဖြစ်ခဲ့တာ တွေကို ခုတွေးကြည့်ရင် ဟာသပဲ၊ ငယ်ငယ်တုန်းကဟာကို မပြောနဲ့၊ လွန်ခဲ့တဲ့ နှစ်နှစ်လောက်က သက်ထားနွယ်နဲ့



ကိစ္စတောင် ခုပြန်တွေးရင် ရယ်ချင်တယ်၊ အဲဒီတုန်းက ကွာ ငါ့မှာ ရူးရူးပေါက်ချင်လျက်နဲ့ အောင့်အည်းပြီး ပြန် ထွက်လာရပါတယ်ဆိုမှ၊ သက်ထားနွယ်ကိုလည်း တွေ့ရော လန့်ဖျတ်ပြီး ကံကောင်းလို့ ရူးထွက်မကျတယ်"

"မင်း သူ့ကို လက်မထပ်ဖြစ်တဲ့အတွက် နောင်တ မရဘူး လား"

"မရပါဘူး၊ မိန်းမတစ်ယောက်ကို ဘယ်လောက်ချစ်ချစ် အမှိုက်ပုံထဲတော့ တိုးမနေနိုင်ဘူး၊ သက်ထားနွယ်က အရမ်း ပိရိတာတော့ အမှန်ပဲကွ၊ သူ့ကြည့်လိုက်ရင် အရမ်း မိန်းမ ပီသ သပ်ရပ်သန့်ရှင်းတယ်လို့ ထင်ရတယ်၊ သူ့အိမ်များကွာ မင်းကို ငါ ခေါ်ပြချင်ပါတယ်"

"မင်း သူ့ကို လက်ထပ်မယ်လို့ ကတိပေးခဲ့ပြီး ပျက်ကွက် တာတော့ သိပ်မကောင်းဘူးထင်တယ်"

"လူတစ်ယောက်ရဲ့ ကတိဆိုတာ တစ်ဖက်က ကတိပေး ခံရတဲ့ သူအပေါ် မူတည်ပြီး ပျက်စီးသွားနိုင်သလို၊ တည်တံ့ သွားနိုင်တာလည်း ရှိတယ်လေ"

"မင်းပဲ သူ့ကို သိုသိပ်လျှို့ဝှက်တတ်တဲ့ မိန်းကလေးမို့လို့ ကြိုက်ခဲ့တာ မဟုတ်လား အံ့ဘွယ်"

"သူ သိုသိပ်လျှို့ဝှက်တာက မဟုတ်တဲ့ နေရာမှာ သိုသိပ် လျှို့ဝှက်နေတာကိုးကွ၊ သူ့စရိုက်အမှန်ကို လျှိုထားတာများ

www.burmeseclassic.com

www.burmeseclassic.com



တကယ့်ကို ပိရိတာ၊ ငါ မှားသွားတာပါကွာ … မှားသွားတာပါ၊ ငါ အချစ်ရေး ကံမကောင်းတာတော့ အမှန်ပဲကွ"

"အချစ်ရေး ကံမကောင်းတဲ့လူဟာ အိမ်ထောင်ရေး ကံကောင်းတတ်တယ်တဲ့၊ မင်း အိမ်ထောင်ပြုဖို့ မစဉ်းစားသေးဘူးလား၊ ယောကျ်ားလေးပဲ ဘယ်အချိန် ပြုပြု ရတယ်ဆိုပေမယ့် ၃၅ နှစ်ကျော်လို့တော့ မကောင်းဘူးကွ၊ မင်း တွေ့ထားတာလေး ဘာလေးများ မရှိဘူးလား …"

"ဟဲ … ဟဲ တွေ့ထားတယ်ကွ …"

"ယုံပါတယ်၊ မင်းက တစ်ယောက်ပြီး တစ်ယောက် တွေ့တတ်ပါတယ်၊ ပြီးမှသာ တပ်ဆုတ်ပြန်လာရတာ"

"အထင်မသေးနဲ့ ဟေ့ကောင် … ဒီတစ်ခါတော့ တကယ် အဆင်ပြေတာ၊ သူနဲ့ငါ အလုပ်တွဲလုပ်လာတာ နှစ်နှစ်ရှိပြီ၊ အခုဆိုရင် ငါ့ဘဝမှာ သူမရှိရင် မဖြစ်တော့တဲ့ အဆင့်ကို ရောက်နေပြီ"

"ဘယ်သူလဲကွ …"

"ဟိုမှာလေ … မင်းလှမ်းကြည့်လိုက် …"

ကျွန်တော်က စမတ်တကျ ခြေလှမ်းများဖြင့် ခပ်သွက်သွက် လှမ်းသွားနေသော ကျွန်တော့်ရဲ့ အတွင်းရေးမှူးမလေးကို လက်ညှိုးထိုးပြလိုက်လေသည်။

♥ ♥ ♥

( ၃၀ )

● ● ●

"ဆရာ … ဒီနေ့ဆို ဆရာ မေ့လာခဲ့တဲ့ ပစ္စည်းတွေကို ကျွန်မ လိုက်စုနေရတာ သုံးခေါက်ရှိပြီနော်၊ ပိုက်ဆံအိတ်ကို ကားထဲမှာ မေ့ရင်မေ့၊ အမေ့ရင် ရုံးခန်းထဲမှာ မေ့ကျန်ခဲ့တယ်၊ ကားသော့ကို ဘယ်မှာထား မှန်းမသိလို့ ရှာရတာ အနည်းဆုံးတော့ တစ်နေ့ နှစ်ခါ …၊

"ခင်ဘုန်းဝေတို့လည်း လုပ်တုန်းကတော့ အတွင်းရေးမှူးပဲ၊ ခုမှပဲ ကိုယ့်ကိုကိုယ် ရှာဖွေရေးသမားဖြစ်မှန်းသိရတော့တယ် …၊ တစ်နေ့ တစ်နေ့ ကားသော့ရှာပေးရ၊ ပိုက်ဆံအိတ်ရှာရ၊ မျက်မှန်ရှာရ …၊ နောက်ဆိုဆရာ့ ပိုက်ဆံအိတ်နဲ့ ကားသော့နဲ့ တစ်ခုခု ပျောက်ရင်ရှာဖို့ ဝန်ထမ်းတစ်ယောက်လောက် ထပ်ခန့်မှ အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ ဒီလိုမှ မဟုတ်ရင် ခင်ဘုန်းလည်း အလုပ်ထွက်တော့မယ်၊ ဆရာ့ဒဏ်ကို မခံနိုင်တော့ဘူး ...၊

"ဦးအုံ့ဘွယ်ဆီမှာ စက္ကူထရီ မမြဲတဲ့အကြောင်းရင်းကို လက်တွေ့ကြုံမှပဲ ယုံရတော့တယ်၊ ကားသော့ကို ချိတ်ဖို့ လုပ်ထားတဲ့ နေရာမှာမချိတ်ဘဲ တွေ့ရာ နေရာမှာ ပစ်ပစ်ထားတာ ဆရာ မလွန်ဘူးလား ...၊ သွားလေရာမှာ မေ့ကျန်ခဲ့တာကရော ဆရာ မလွန်ဘူးလား ...၊

"နည်းနည်းပါးပါး စည်းကမ်းရှိဦးမှပေါ့ ဆရာရယ်၊ လူဆိုတာ အလုပ်လုပ်နေရုံနဲ့ မပြီးဘူး၊ စည်းစနစ်ကျကျလေးနေတတ် ထိုင်တတ် ထိန်းသိမ်းတတ်မှ စီးပွားကို မယိုယွင်းအောင် ထိန်းနိုင်မှာပေါ့၊ ဘဝဆိုတာက ..."

"ကဲ ... ဒေါ် ခင်ဘုန်းဝေ၊ တော်ပါတော့ဗျာ၊ ပြောနေလိုက်တာ မပြီးတော့ဘူး၊ ခင်ဗျားက အလုပ်ရှင်လား၊ ကျွန်တော်က အလုပ်ရှင်လားပြော၊ ဘယ့်နှယ် ... ဒေါ်တော့ဖြင့် ဆရာ၊ ပြောနေပုံက သူ့ အလုပ်သမားကို ဆုံးမနေတဲ့ အတိုင်းပဲ"

"ကိုယ့်အလုပ်ရှင်ဆိုပေမယ့် နည်းလမ်းမကျရင်တော့ ပြောရမှာပဲ၊ ဆရာကောင်းဖို့ ပြောနေရတာ၊ ဆရာ မကျေနပ်လို့ အလုပ်ထုတ်မယ်ဆိုလည်း ထွက်ဖို့အဆင့်သင့်ပဲ"



"မထုတ်ဝံ့ကြောင်းပါ ခင်ဗျာ၊ ခင်ဗျားမရှိရင် မဖြစ်တော့တဲ့ အခြေအနေမှာ ရှိနေပြီဖြစ်တဲ့အတွက် ခင်ဗျားကို တစ်သက်လုံး ကျွန်တော့် အနားမှာ ခေါ်ထားရမလို ဖြစ်နေပါပြီ၊ ခင်ဗျား မရှိတော့ရင် ကျွန်တော့်ဘဝဟာ စည်းကမ်းမရှိ ပရမ်းပတာ ဖြစ်ကျန်တော့မှာ သေချာနေပြီဖြစ်တဲ့အတွက် ကျွန်တော့်ဘဝကို ခင်ဗျားလက်ကိုပဲ ဝကွက်အပ်ဖို့ စဉ်းစားထားပါတယ်"

"ကြည့်စမ်း ... ဒါ ဘာပြောတာလဲ"

"လူပျိုစကား ပြောတာလေ၊ ခင်ဘုန်းကို ကျွန်တော်ချစ်တယ်၊ လက်ထပ်ချင်တယ်၊ ပရမ်းပတာဖြစ်နေတဲ့ ကျွန်တော့်ဘဝကို စောင့်ရှောက်ပါ ခင်ဘုန်း၊ ကျွန်တော့်ကို စောင့်ရှောက်ဖို့ ခင်ဘုန်းမှာ အရည်အချင်း ရှိပါတယ်၊ ခင်ဘုန်းကျွန်တော့်အချစ်ကိုသာ လက်ခံရင် ကျွန်တော် ဘာပစ္စည်းမှ မပျောက်အောင် နေပါ့မယ်၊ ကားသော့ကို နေရာတကျ ထားပါ့မယ်၊ ပိုက်ဆံအိတ် ဘယ်တော့မှ မေ့မကျန်အောင် သတိထားပါ့မယ်လို့ ကတိပေးပါတယ်"

ဒီလိုနဲ့ ခပ်ထက်ထက် ကျွန်တော့် အတွင်းရေးမှူးမလေးကို ချစ်ရေးဆိုဖြစ်သွားပါသည်။ အလုပ်အတူလုပ်လာသည့် ကာလတွေမှာ တစ်ဦးနဲ့တစ်ဦး ရင်းနှီးမှု၊ စေတနာ၊ သံယောဇဉ်

www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုတွေ ဖြစ်ပြီးသွားမို့ ရှေ့ရေးက သိပ်မခက်ခဲတော့ဘဲ ကျွန်တော့်ဘဝ အဆင်ပြေ အခြေကျသွားခဲ့လေသည်။



အသက် ၄၀ အရွယ် ယောက်ျားဟာ
အမြန်ရထားနဲ့ တူတယ်၊
သူဟာ မြို့တော်ကြီးတွေမှာသာ ရပ်နားတယ်၊

အသက် ၄၀ အရွယ် မိန်းမဟာ
အမေရိကနဲ့ တူတယ်၊
အတတ်ပညာနဲ့ ပြည့်ဝတယ်၊

www.burmeseclassic.com

www.burmeseclassic.com



# ကျွန်တော် အမြန်ရထား

# နှင့်

# အမေရိက သူမ

www.burmeseclassic.com

www.burmeseclassic.com

## ( ၃၁ )

●●●

"သားသမီးကို ချစ်တာလည်း ချစ်ပေါ့ ကိုကိုရယ် ... ဒါပေမယ့် သားသမီးနဲ့မိဘကြားမှာ စည်းကလေးတော့ ထားမှဖြစ်မှာပေါ့၊ ခုတော့ ကိုကိုက ကလေးတွေနဲ့ အရောရောအနှောနှောနေ၊ ဘာပဲ ပူဆာပူဆာ ဝယ်ပေးသင့် မပေးသင့် မစဉ်းစားဘဲ ဝယ်ပေး၊ အလွှန်အကျွံ အလိုလိုက်၊ အဲဒီတော့ ကလေးတွေက ကိုကို့ကို ဘယ်လေးစားတော့မှာလဲ ...၊

"သဘောကောင်းတယ်ဆိုတိုင်းလည်း ဘယ်သူ့ကိုမဆို သဘောကောင်းပြနေလို့ မဖြစ်ဘူးလေ၊ အိမ်ဆိုလည်း အိမ်အလျှောက်၊ ရုံးဆိုလည်း ရုံးအလျှောက် စည်းကလေးထားပြီး ဆက်ဆံရမှာပေါ့၊ ရုံးမှာလည်း ကိုကို့ဒီလိုချည်းပဲ၊ တွေ့ရာလူနဲ့ ရောနှောနောက်ပြောင်နေတော့

www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို ဘယ်လေးစားပါတော့မလဲ။ ရုံးနောက်ကျတဲ့ လူလည်း မပြော၊ ခွင့်မတိုင်တဲ့ လူလည်း မပြောတော့ ကိုကို့ပဲ ငပေါကြီး ဖြစ်ရော၊ ဝန်ထမ်းတွေက လာချင်တဲ့အချိန် လာ၊ ပြန်ချင်တဲ့ အချိန်ပြန်နေရင် ကိုကို့ရုံးဟာ ရုံးမဟုတ်တော့ဘဲ ဇရပ်ဖြစ်သွားလိမ့်မယ်ရှင် ..."

ခင်ဘုန်းက ပါးစပ်ကလည်း ပြောသည်။ လက်ကလည်း အိမ်မှုကိစ္စတွေကို ထောင့်စေ့အောင် စီမံနေသည်။ ကျွန်တော်က ခင်ဘုန်းလက်ကို လှမ်းဆွဲလိုက်ရင်း ...

"အဲဒီလိုပြောတတ်တဲ့ အကျင့်ကတော့ ဆယ်နှစ်ကြာလည်း ဒီအတိုင်းပဲနော်၊ ကဲ ... လာပါ၊ လူရော ပါးစပ်ပါ ခဏလေး နားလိုက်ပါဦး မိန်းမရာ ..."

မိန်းမက မျက်စောင်းထိုးရင်း ကျွန်တော့် နားမှာ ဝင်ထိုင်ပါသည်။ သို့သော် ပါးစပ်ကတော့ မနားသေးပါ။

"ကိုကိုက မနေတတ်တော့ ခင်ဘုန်းပဲ နေရာတကာ ဝင်ပြောပြီး အမုန်းခံနေရတယ် သိလား"

"ဘယ်သူ့ပဲမုန်းမုန်း၊ ကိုယ်ချစ်ရင် ပြီးတာပဲမဟုတ်လား"

"တော်ပါ ..."

"မတော်နိုင်ပါဘူး ... အချစ်ဆိုတာ တော်ပြီ၊ ရပ်ပြီရယ်လို့ မှ မရှိတာ"



"အမေကြီးနော် ... ကလေးတွေနဲ့"

"ကလေးအမေ ဖြစ်နေပေမယ့် နှလုံးသားက နွေးနေတုန်းပဲဗျ"

"နားထောင်ပါဦး အကြောင်းပြောမလို့၊ ခင်ဘုန်းလေ သားသမီးတွေ ဝေယျာဝစ္စကြောင့်သာ ကိုကို့ အတွင်းရေးမှူး မလုပ်ရတော့ပေမယ့် ခင်ဘုန်းသာ နှစ်ကိုယ်ခွဲလို့ရရင် ကိုကို့ရုံးမှာ တစ်ကိုယ်၊ အိမ်မှာတစ်ကိုယ် ခွဲထားလိုက်ချင်တော့တာပဲ၊ ကိုကို့ အတွင်းရေးမှူးမလေးကိုလည်း စိတ်တိုင်းမကျပါဘူး၊ လှလှဖို့ပဲ ဂရုစိုက်ပြီး အလုပ် လုပ်တာကျတော့ မစေ့စပ်ဘူး"

"ခင်ဘုန်း မနာလို ဖြစ်နေတာ နေမှာပေါ့ ..."

"အံမယ် ... ခင်ဘုန်းက ကိုယ့်ယောက်ျားနားမှာ မိန်းမလှလှမြင်တိုင်း သဝန်တိုတတ်တဲ့ မိန်းမမျိုးမဟုတ်ပါဘူးနော်၊ ခင်ဘုန်းက နေရာတကာ လိုက်သဝန်တိုနေရင် ကိုကို့ ဂုဏ်သိက္ခာကိုပါ ထိခိုက်နိုင်တာ ခင်ဘုန်း နားလည်တယ်၊ ကိုကိုလည်း မိသားစုဘဝကို တန်ဖိုးထား နားလည်တယ်လို့ ယုံကြည် စိတ်ချတယ်၊ သားနဲ့ သမီးရယ်၊ ကိုကိုရယ်၊ ခင်ဘုန်းရယ် ဒီမိသားစုဝင် အားလုံးရဲ့ ဂုဏ်သိက္ခာဆိုတာ တစ်ခုတည်းပဲ၊ တစ်ယောက်ရဲ့ဂုဏ်သိက္ခာ ထိခိုက်ရင် အားလုံးရဲ့ ဂုဏ်သိက္ခာ ထိခိုက်တာနဲ့ အတူတူပဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ခင်ဘုန်းစကားတွေကို နားထောင်ရင်း ခင်ဘုန်းကို ပိုချစ်၊ ပိုလေးစားလာရပါသည်။

ခုချိန်မှာ သူမက အတတ်ပညာပြည့်ဝသော မိန်းမတစ်ယောက် ဖြစ်နေခဲ့ပြီ။ မိသားစုအပေါ် မှန်ကန်စွာ စောင့်ရှောက်ပေးနိုင်ခဲ့ပြီ။ ခင်ဘုန်းကြောင့်ပင် ကျွန်တော့်ရဲ့ မိသားစုဘဝက ချမ်းမြေ့ရသည်ဟု စဉ်းစားတိုင်း ကိုယ့်မိန်းမကို ကျေးဇူးတင်မိပါသည်။ အချစ်ရေး ကံမကောင်းပေမယ့် ကျွန်တော့် အိမ်ထောင်ရေးကံကတော့ ကောင်းခဲ့ပါသည်။

ကျွန်တော့် မိန်းမက အသိဉာဏ်လည်း ပြည့်ဝကာ အလုပ်လည်း အလွန်လုပ်နိုင်သည်။ ကလေးနှစ်ယောက်အမေဆိုပေမယ့် ယခုတိုင် လှပတင့်တယ်ဆဲ၊ ပုန်းပြီး စွဲမက်ဖွယ်ကောင်းဆဲပင် ...။

"ဒီနား နည်းနည်း တိုးစမ်းပါဦး မင်ဘုန်းရဲ့"

"ကိုကိုနော် ... ညှော်ခန်းကြီးမှာ"

ကျွန်တော်က သူမ ပခုံးလေးကို သိုင်းဖက်ရင်း ဖွဖွနမ်းမိတော့ သူမက သူ့ပခုံးကို ဖွဖွတွန်းထုတ်ရင်း ...

"သားသားနဲ့ သမီးလေးရေ ... လာကြ ... ဒီမှာ ဖေကြီး ခေါ်နေတယ်"

ဟု လှမ်းအော်လိုက်တာမို့ ကျွန်တော်က သူမကို



လွှတ်ပေးလိုက်ပြီး ဧည့်ခန်းကြီးဆီကလာ သားနဲ့ သမီးကို ကြိုစောင့်နေလိုက်ရပါသည်။ သူမကတော့ ကျီစယ် အပြုံးကလေးနှင့် ကျွန်တော့်ကို လှမ်းကြည့်နေလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com



အသက် ၅၀ အရွယ် ယောကျ်ားဟာ
စက်ခေါင်းအိုကြီးနဲ့ တူတယ်၊
သူဟာ မကြာခဏ ရပ်နားပြီး ရေထည့်ရတယ်။

အသက် ၅၀ အရွယ် မိန်းမဟာ
ဥရောပနဲ့ တူတယ်၊
အားလုံး ယိုယွင်းပျက်စီးနေပြီ။

www.burmeseclassic.com

www.burmeseclassic.com

## ( ၃၂ )

●●●

"မွေးကြိုင်သန့်ပြန့်လို့ ပါလား ... ဒါ ဘယ်ကပြန်လာတာ တုန်း ..."

ဖြူတီဆလွန်းမှာ ခေါင်းလျှော်ပြီး ပြန်လာသော ကျွန်တော့်ကို မိန်းမက ဆီးကြိုမေးခွန်းထုတ်လိုက်ပါသည်။ ကျွန်တော်က သေသေချာချာ လျှော်၊ ဖြီး၊ ပုံချလာသော ဆံပင်ကို အနည်းငယ် မသပ်မရပ်ဖြစ်အောင် ကုပ်ဖွလိုက်ရင်း မလုံမလဲ ဖြေရသည်။

"သူငယ်ချင်းတစ်ယောက်ဆီ ခဏသွားတာပါကွာ ..."

"ရှင့်သူငယ်ချင်းက ဖြူတီဆလွန်း ဖွင့်ထားတာလား"

"ဟပ်ချိုး ..."

"ဩော် ... အအေးမိလာတာကိုး၊ ခေါင်းလျှော်ပေးလိုက် တယ် ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးကွာ ... မင်းကလဲ ..."

"ဟုတ်လည်း ကိစ္စမရှိပါဘူး၊ ဖြူတီဆလွန်းတို့၊ ကာရာအိုကေတို့ ဘာတို့ဆိုတာ ရှင်တို့လို အသက် ၅၀ ကျော် စက်ခေါင်းအိုကြီးတွေ ခဏခဏသွားပြီး ရေဖြည့်ရတဲ့ နေရာဆိုတာ ကျွန်မ နားလည်ပါတယ်၊ ခေါင်းလျှော်ရင် လည်း ကိုယ့်အသက်ကို သတိထားပြီးလျှော်၊ အအေးမိ အောင် စိမ်မလျှော်နဲ့၊ ကာရာအိုကေသွားလည်း ပြန်လာရင် စိတ်ထဲမှာ ဘာမှ သယ်ဆောင်မလာနဲ့၊ ကိုယ့်ကိုကိုယ်ရော ကိုယ့်မိသားစုကိုပါ မထိခိုက်အောင်တော့ သတိထား ... ဟုတ်ပြီလား"

မိန်းမကခပ်အေးအေးသတိပေးသွားတာမို့ ကျွန်တော် မှာ အောင့်သက်သက် ဖြစ်ကျန်ခဲ့ရသည်။

ကျွန်တော့် မိန်းမဟာ ခုတော့ ဥရောပလိုပဲ၊ အား လုံး ယိုယွင်းပျက်စီးနေပြီ၊ လူက ဝဖိုင့်ကာ လျော့ရဲနေခဲ့ပြီ ... သူမထံမှ မေတ္တာနဲ့ သံယောဇဉ်ရယ်၊ တာဝန်သိတတ်မှုရယ်က လွဲရင် ဘာမှမျှော်လင့်လို့ မရနိုင်တော့ပါ။

ကျွန်တော်တို့ ယောကျ်ားတွေကတော့ ဒီအချိန်မှာ လည်း သာယာမှုတို့၊ ရမ္မက်တို့၊ အချစ်တို့ကို လိုလားတပ်မက် ဆဲပင်။



"ကဲ ... အဖေကြီးရေ အဝတ်အစား အဆင်သင့်ထုတ်ထား ပြီးပြီ လာလဲလိုက်ဦး၊ ပြီးရင် ထမင်းစားကြမယ်၊ သားနဲ့ သမီးလည်း အဖေကြီး စောင့်ရတာ ဗိုက်ဆာနေကြပြီ"

"အေးပါ ... အေးပါ ... လာပါပြီ"

ကျွန်တော် လှမ်းပြောနေဆဲ ကျွန်တော့် ဆယ်လူလာ ဖုန်းက အသံမြည်လာသည်။ ကျွန်တော် ဖွင့်နားထောင်လိုက်တော့ တစ်ဖက်က သူငယ်ချင်းရဲ့ ဝမ်းသာအားရ သတင်းပေးသံကြီးကို ကြားရသည်။

"ဟော့ကောင် ... အံ့ဘွယ်"

"အေး ... ပြော ... သူငယ်ချင်း"

"ငါတို့ အချိုလေးတစ်ပွေ တွေ့ထားတယ်ကွ၊ ( ... ... ) ဆိုင် သိတယ်မဟုတ်လား၊ အဲဒီကိုခုမှရောက်လာတဲ့ အသစ် ကလေး၊ သီချင်းဆိုလည်းကောင်း၊ service လည်းကောင်း တယ်တဲ့"

"ဟုတ်လား ... မင်းတို့ သွားကြမလို့လား"

"မင်းပါ ပါမှ ဖြစ်မှာပေါ့ကွ ..."

"လိုက်တော့ လိုက်ချင်တယ်ကွာ၊ ဒါပေမယ့် အိမ်ကမိန်းမ က အကင်းပါးတယ်"

"ကြည့်ကျက်ပြီး လိမ့်ခဲ့ပေါ့ကွာ၊ မင်းကလည်း ဒါလေး

www.burmeseclassic.com

www.burmeseclassic.com



တောင် မဖြစ်ဘူးလား၊ မနက်ဖြန်ကျ ညနေစာ စားရင်း သိချင်း သွားဟဲ့ကြရအောင်၊ ကျန်တဲ့ သူငယ်ချင်းတွေပါ ချိန်းထားပြီးပြီ"

"အေး ... ဒါဆိုလည်း သွားတာပေါ့ကွာ၊ ဒါပေမယ့် အိမ်ကို အယ်လိုပြောရင် ကောင်းမလဲ"

"အလှူလို့ ပြောကွာ"

"အလှူက ... ညနေဘက်ကြီး"

"ဘုရားကိုးဆူတို့ ဘာတို့ဆိုလည်း ညနေဘက်တွေ လုပ်တတ်တာပဲ"

"ပြီးရောကွာ ... မရရအောင် ထွက်ခဲ့မယ်"

"အမေကြီး ... ဖုန်းပြောတာ မပြီးနိုင်တော့ဘူးလား၊ ဒီမှာ အားလုံးက ရှင့်ကို ထမင်းစား စောင့်နေတယ်လေ"

"လာပြီ ... မိန်းမရေ၊ လာပြီ ... လာပြီ၊ ဟော့ကောင် ဒါပဲနော်"

မိန်းမက စိတ်မရှည်သံဖြင့် ခေါ်နေပြီမို့ ကျွန်တော် အမြန် ဖုန်းပိတ်လိုက်ရင်း ထမင်းစားခန်းဘက် ထွက်လာခဲ့ရသည်။

ထမင်းစားပွဲရောက်တော့ ကျွန်တော်က အားလုံးကို မျက်နှာချိုသွေးရင်း ...

"ဆောရီးကွာ ... ဆောရီး၊ အမေ့ကို စောင့်နေကြတာ



ကြာသွားပြီ၊ သားနဲ့ သမီးရော အမေကြီးရော ဗိုက်ဆာနေကြပြီ"

ဟု ပြောကာ နီးရာ အရည်ခွက်ထဲ ဇွန်းခနဲ လက်နှိုက်လိုက်သည်။

"သြော် ... အမေကြီး ... ဒုက္ခပါပဲ၊ အဲ့ဒါ ဟင်းချို ... ဟင်းချိုလက်ဆေးခွက်က ဒီမှာ၊ ရှင့်နှယ် မတည်မငြိမ် ယောက်ယက်ကို ခတ်နေတာပဲ၊ သားနဲ့ သမီး ညည်းတို့ အဖေကို သတိထားမိရဲ့လား၊ အသက် ၅၀ ကျော်လာကတည်းက နပျိုသွက်လက်ပြီး ဘာတွေဖြစ်လာမှန်းကို မသိဘူး"

သားနဲ့ သမီးက တဟီးဟီးရယ်နေတာမို့ ကျွန်တော်လည်း မလုံမလဲ ရယ်ကျဲကျဲ လုပ်နေလိုက်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

(၃၃)

●●●

ခုတော့ မိန်းမယုံအောင် ဖြီးရခြင်းမှာ ကျွန်တော် အသားကျခဲ့ပြီဖြစ်သည်။ ခုချိန်မှာ ကျွန်တော့် မိန်းမက ဆူပူချုပ်ချယ်တတ်သော အမေကြီးနှင့် တူပြီး ကျွန်တော်ကတော့ အမေမသိအောင် ခိုးလုပ်ရသည့် သားကလေးနှင့် တူလေသည်။ အပြင်မှာ သူငယ်ချင်းတွေနှင့် ချိန်းပြီး ကာရာအိုကေ သွားဆိုခဲ့သော ကျွန်တော်သည် အိမ်ရောက်တော့ သားသမီးတွေရှေ့မှာ ကြည်သိုလေးစားဖွယ် ရုပ်တည်ကြီးနှင့် နေပြရသည်။ သိသာသိစေ မမြင်စေနဲ့ပေါ့။

ဒီလိုနှင့် တစ်နေ့တော့ ကျွန်တော့် နှလုံးသားကို လှုပ်ခတ်စေမည့် အဖြစ်အပျက်တစ်ခုကို ကြုံတွေ့ရလေသည်။ ဒီအရွယ်ထိတိုင် ကျွန်တော့် နှလုံးသားဟာ ပူနွေးဆဲပါလားဟု

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ရသော ထိုနေ့က ကျွန်တော် သူငယ်ချင်းတစ်ယောက်နှင့် ချိန်းထားသော ကာရာအိုကေဆိုင်သို့ ကျွန်တော်တစ်ယောက်တည်း အရင်ရောက်နှင့်နေခဲ့သည်။ ခဏကြာတော့ သူငယ်ချင်းထံမှ ဖုန်းဝင်လာကာ ...

"အဲ့ဘွယ်ရေ ... ငါထွက်လာလို့ မရတော့ဘူးကွ"

"ဘာဖြစ်လို့လဲ"

"ဒီမှာ ငါ့မိန်းမက အသကုန် ရစ်နေတယ်ကွ၊ ပြီးတော့ ဒီနေ့ အပြင်မှာ မိသားစု အတူတူ ထမင်းသွားစားဖို့ ချိန်းထားတာ၊ ငါ့သမီးလေးလည်း စောင့်နေတယ်၊ ငါ ဘယ်လိုမှ လာလို့မရတော့ဘူး"

"အေး ... အေး ... ဒါဆိုလည်း ပြီးရော၊ မင်း မလာရင် ငါလည်း ဝေါင်တယ်ကွ၊ ပြန်တော့မယ်"

"ပြန် ... ပြန် ... သူငယ်ချင်း၊ မင်း လေဒီနား ပြန်နေလိုက်ပါဦးကွာ ..."

ကျွန်တော် ခပ်မြန်မြန် ပိုက်ဆံရှင်းပေးပြီး ဆိုင်ထဲက ပြန်ထွက်လာခဲ့သည်။ ဆိုင်ရှိရာ ခြံဝန်းထဲမှ ကားမောင်းထွက်လာပြီးနောက် လမ်းကွေ့တစ်ခု အရောက်မှာတော့ ကားမီးရောင်အောက်က ရုတ်ရုတ်သဲသဲ မြင်ကွင်းတစ်ခုကို မြင်လိုက်ရပါသည်။

ကျွန်တော် ဆက်သွားရကောင်းနိုး၊ ရပ်နေရကောင်း



နိုး ဇဝေဇဝါဖြစ်နေရင်း မြင်ကွင်းကို လှမ်းကြည့်နေမိသည်။ ကောင်မလေး တစ်ယောက်နှင့် ကောင်လေး သုံးယောက်က ရန်ရှင်းဆန်ခတ် ဖြစ်နေသည်။ ဝင်ကူညီရင် ကောင်းမလား စဉ်းစားပေမယ့် သူတို့ချင်း အပေးအယူမတည့်သည့် ခပ်ရှုပ်ရှုပ် ကိစ္စတွေဆို ကိုယ်က အလကားနေရင်း ကန့်လန့်ဖြစ်မှာ စိုးရသေးသည်။

သို့သော် မြင်ကွင်းက တစ်စတစ်စ ပိုထင်ရှားလာပါသည်။ တကယ့်ကို တစ်ဖက်သတ်ကြီး။ ကောင်မလေး နှောင့်ယှက်ခံနေရတာ သေချာသည်ဟု ထင်မိချိန်မှာ ကားမီးဖွင့်လျက်နှင့်ပင် ကျွန်တော် ကားပေါ်က ဆင်းလိုက်ပါသည်။

"ကဲ ... ကဲ ... မောင်ရင်တို့ အမြင်မတော်ပါဘူးကွယ်၊ ကိုယ့်လမ်းကိုယ်သွားကြပါ၊ မောင်ရင်တို့မှာလည်း နှမသားချင်း ရှိမှာပါ၊ နှမချင်း စာနာကြဖို့ အန်ကယ် တောင်းပန်ပါတယ်ကွယ်"

ကောင်လေးတွေရဲ့ အာရုံက ကျွန်တော့်ဆီ ရောက်လာတာမို့ ကောင်မလေးက ရုန်းထွက်သွားနိုင်ပါသည်။

"ဘာမှ မဆိုင်ဘဲ ဝင်မရှုပ်ရင် ကောင်းမယ်ထင်တယ်၊ အန်ကယ် အသက်လည်း ကြီးလှပါပြီ၊ ဒီအရွယ်ကြီးနဲ့ ဟီးရိုးဝင်ပြီးမလုပ်ရင် ကောင်းမယ်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟီးရိုးလုပ်တာ မဟုတ်ဘူး မောင်ရင်၊ မျက်စိရှေ့မှာ အမြင်မတော်လွန်းလို့ ဆင်းပြောရတာ ..."

"ကောင်မလေးကို ဝင်ကယ်ပြီး ဇာတ်လမ်းဆက်ချင်ရင် ဆက်ချင်တယ်ပြောပါဗျာ"

"မင်းတို့ တော်တော်ရိုင်းပါလား"

"ဒီအချိန် ဒီနားကိုလာရင် ဒီလိုလူတွေ ဒီလိုအဖြစ်အပျက်တွေနဲ့ ကြုံတတ်တယ်ဆိုတာ ခင်ဗျားကြီး မသိဘူးလား၊ ခင်ဗျားကရော မကြီးမငယ်နဲ့ ဟိုဆိုင်မှာ သွားကဲပြီး ပြန်လာတာ မဟုတ်လား၊ ခင်ဗျား အရွယ်နဲ့တောင် ကဲသေးရင် ကျွန်တော်တို့ ကဲတာ မလွန်ဘူးထင်တယ်"

"မင်းတို့ကွာ ..."

"ဘာလုပ်ချင်လဲ ...၊ လက်သီးက အရွယ်မရွေးဘူး"

ကောင်လေးတွေက လက်သီးတရွယ်ရွယ်ဖြင့် ရှေ့တိုးလာတာမို့ ကျွန်တော်က နောက်တစ်လှမ်း ဆုပ်လိုက်ရင်း ...

"ဒါလုပ်ချင်တယ်ကွာ၊ ရော့ ... ယူသွား၊ အဲ့ဒီ ပိုက်ဆံတွေယူပြီး မင်းတို့အာသာ တခြားမှာ သွားပျော်ကြ"

ကျွန်တော်က ပိုက်ဆံ နှစ်သောင်း နှိုက်ပြီး သူတို့လက်ထဲ ထည့်ပေးလိုက်သည်။

"မဆိုးဘူးကွ၊ ရက်ရောသားပဲ"



"ဒါဆိုလည်း ကျေအေးတာပေါ့ဗျာ၊ ကောင်မလေးကိုတော့ ခင်ဗျားပဲ ဆက် ... စောင့် ... ရှောက် ... လိုက် ... ပါ"

ကောင်လေးတွေက အသံရှည်ဆွဲကာ ပမာမခန့်ပြောပြီး ထွက်ခွာသွားကြသည်။ ကောင်မလေးက ကျွန်တော့်ကို ကျေးဇူးတင်သော မျက်ဝန်းကလေးတွေဖြင့် ကြည့်ရင်း တုန်တုန်ရီရီ ပြောရှာသည်။

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီးရယ် ... ကျွန်မက ဒီနားက ဆိုင်တစ်ဆိုင်မှာ ရိုးရိုးသားသား အလုပ်လုပ်တာပါ၊ ကျောင်းစရိတ်အတွက် လိုအပ်လို့ လုပ်ရပေမယ့် တချို့ ယောကျ်ားတွေက အထင်အမြင်သေးပြီး ခုလို လိုက်လိုက်နှောင့်ယှက်လွန်း လို့ ကျွန်မလည်း စိတ်ညစ်လှပါပြီ၊ ဒီလကုန်ရင်တောင် အလုပ်ထွက်ဖို့ စဉ်းစားထားတာပါ"

အစ်ကိုကြီး ... တဲ့။ သူမရဲ့ အခေါ်အဝေါ်က ကျွန်တော့်ကို နပျိုသွားစေပါသည်။ သူမ ပုံစံက ချစ်စရာ သနားစရာ ရိုးရိုးသားသားလေးပင်။ အဝတ်အစားကလည်း ကလက်တက်တက် မဟုတ်ရှာပါ။ အသက်ကလေးကလည်း အစိတ်ဝန်းကျင်လောက်သာ ရှိဦးမည်။

"အင်းလေ ... ယောကျ်ားဆိုတာကလည်း အခွင့်အရေးယူ နှောင့်ယှက်တတ်တဲ့သူ ရှိသလို စေတနာကောင်းနဲ့ ကူညီ

www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့သူလည်း ရှိတာပဲ၊ သတိလေးနဲ့ ကြည့်ရှောင်ပေါ့ ကွယ် ...၊ ဒီလိုအလုပ်မျိုး လုပ်ရင်တော့ ဒီလိုလူမျိုးတွေ နဲ့ တွေ့တတ်တာပေါ့၊ ဒါနဲ့ မိုးအရမ်းချုပ်နေပြီနော်၊ မင်း ဘယ်လိုပြန်မှာလဲ"

"ဘတ်စ်ကားနဲ့ ပြန်မှာပါ"

"ဘတ်စ်ကားဂိတ်က အဝေးကြီး လျှောက်ရဦးမှာမဟုတ် လား"

"ရှိန်း ... လျှောက်နေကျပါရှင် ..."

"ဒီအချိန်ဆို ဘတ်စ်ကားလည်း ရှားတယ်"

"ကြားကားတွေတော့ ရှိတတ်ပါတယ်"

"မင်းက ဘယ်မှာနေတာလဲ"

"... ... မှာပါ"

"ဒါဆို သိပ်မဝေးဘူးပဲ၊ ကိုယ်နဲ့ လမ်းကြုံပါတယ်၊ ကိုယ် လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးပါပဲ အစ်ကိုကြီးရယ် ..."

ကျွန်တော်က ပို့မယ့်ပို့ ကုတို့ထိ ပို့လိုက်တာ ကောင်းပါတယ်ဟု သဘောထားကာ သူမကို ပြန်လိုက်ပို့ပေးလိုက် ရသည်။ သူမအိမ်က ( ... ) လမ်းရဲ့ အတွင်းဘက်ကျကျ တိုက် အလွှာတစ်ခုမှာ ဖြစ်ပါသည်။



"အစ်ကိုကြီး ... ရှိန်းနာမည်က ရှိန်းမြချိုပါ၊ ဒီတိုက်ရဲ့ ခုနစ်လွှာမှာ နေပါတယ်၊ ဒီဘက်ရောက်ရင် ဝင်လည်နိုင်ပါ တယ်"

"ကောင်းပြီ ... ကောင်းပြီ၊ ကိုယ်က ဦးအံ့ဘွယ်၊ ဒီမှာ ဒါ ကိုယ့် လိပ်စာကတ်"

ကျွန်တော်က လိပ်စာကတ်လေး လှမ်းပေးပြီး သူမ အိမ်ရှေ့မှ ပြန်လှည့်လာခဲ့သည်။ ရင်ထဲမှာတော့ တစ်မျိုးလေး ရှင်လန်းနေသည်။ ပိုနုပျိုလာသလို ခံစားရပြီး သူမရဲ့ 'အစ်ကိုကြီး' ဆိုသော အသံကလေးကို ခဏခဏ ကြားယောင်နေမိလေသည်။

♥ ♥ ♥

www.burmeseclassic.com

www.burmeseclassic.com

## ( ၃၄ )

●●●

ဘယ်လိုမှ မရှောင်လွှဲသာပါ။ ရှောင်လည်း မရှောင်လွှဲချင်တော့ပါ။ ကျွန်တော့်ရဲ့ ရင်ဘတ်ထဲမှာ ကရုဏာတွေ၊ အလှတရားတွေဖြင့် ပြည့်နှက်နေခဲ့လေပြီ။

ရှိန်းမြချိုက ကျွန်တော့်ဆီ မကြာခဏ ဖုန်းဆက်တတ်ပါသည်။ ပြီးတော့ လမ်းကြုံလို့ဟုဆိုကာ ရုံးကိုဝင်လာပြီး သူလုပ်လာသော မုန့်တစ်ခုခု ဝင်ပေးတာမျိုး၊ ဈေးရှူးတင်လို့ဟုဆိုကာ လက်ဆောင်ပစ္စည်း တိုတိုစစလေးတွေ ပေးတာမျိုး မကြာခဏ လုပ်လာ[illegible]လေသည်။

အဲဒီအခါတွေမှာ ကျွန်တော်က သူမကို တစ်ခုခု လိုက်ကျွေးရလေ့ရှိပါသည်။ နောက်တော့ သူမ မလာလျှင် [illegible]ပြီး သူမနှင့် ဖုန်းဆက်လျှင် ပျော်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်ကာလအတွင်းမှာ ရှိန်းနှင့် ကျွန်တော် ရင်းနှီးလာခဲ့သည်။ ရှိန်းက သူ့အိမ်မှာ ထမင်းလာစားဖို့လည်း ဖိတ်ခေါ်တတ်တာမို့ သူ့အိမ်ကိုလည်း မကြာခဏ သွားရသည်။

သူမရဲ့ ကရုဏာသက်စဖွယ် မျက်ဝန်းလေးတွေက ကျွန်တော့်ကို ညို့ထားသယောင် ခံစားရတာမို့ သူမထံမှာ ကျွန်တော့် စိတ်တွေ ငြိတွယ်လာလေသည်။ သူမ ပြောလေ့ရှိသည့် စကားတွေကိုလည်း နားထောင်ကြည့်ပါဦး ...။

"အစ်ကိုကြီးနဲ့ တွေ့ရတာ ရှိန်းအဖို့ အားကိုးရာကြီးတစ်ခု ရသွားသလိုပဲ အရမ်းအားရှိတယ်"

"ရှိန်းကို ဘာမှ ကူညီဖို့ မလိုဘူး အစ်ကိုကြီး၊ ရှိန်းကပဲ တတ်နိုင်သလောက်လေး အစ်ကိုကြီးကို ကူညီချင်တာပါ၊ ခိုင်းစရာရှိရင် အားမနာတမ်း ခိုင်းပါ"

အဲ့ဒီလိုဆိုတော့ ကျွန်တော် မမျှော်ဘဲ ခံနိုင်ရိုးလား။ တစ်နေ့တော့ ကျွန်တော် သူမကို ပြောမိပါသည်။

"ရှိန်း ... အခုလုပ်နေတဲ့ အလုပ်ကြီးကို လုပ်မနေပါနဲ့တော့ကွာ၊ အန္တရာယ်များပါတယ်၊ ရှိန်းကို အစ်ကိုကြီး သူငယ်ချင်း တစ်ယောက်ရဲ့ ကုမ္ပဏီမှာ အလုပ်ခန့်ဖို့ ပြောပေးပါ့မယ်"

"အစ်ကိုကြီး ရုံးမှာ လုပ်လို့ မရဘူးလား"



ကျွန်တော် ရုတ်တရက် ဘာမှမပြောနိုင်ဘဲ ငိုင်သွားသည်။

"ရှိန်း နားလည်ပါပြီ အစ်ကိုကြီး၊ ရှိန်း ရှိနေရင် အစ်ကိုကြီးမှာ စိတ်အနှောင့်အယှက် ဖြစ်ရတော့မှာပေါ့"

"ဒီလိုတော့လည်း မဟုတ်ပါဘူး ရှိန်းရယ်၊ တစ်ရုံးတည်း ဆိုတော့ ခုလို ထမင်း ခဏခဏ ထွက်စားဖို့ဆိုတာ အများ အမြင်မှာ မကောင်းတော့ဘူးပေါ့"

"အင်းနော် ... ဒါလည်း ဟုတ်တာပဲ၊ ဒါဆိုလည်း အစ်ကိုကြီး ရုံးမှာ မလုပ်ချင်တော့ပါဘူး"

သူမက ကလေးတစ်ယောက်လို ပြောလိုက်တော့ ကျွန်တော့်စိတ်ထဲမှာ ချစ်စနိုးကြီးလိုလို ဖြစ်သွားပြီး သူမရဲ့ နှာခေါင်းလေးကို လိမ်ဆွဲချင်မိလေသည်။

အဲဒီလိုနဲ့ပဲ ရှိန်းထံမှာ ကျွန်တော် ကျဆုံးလာသည်။ ရှိန်းကို စိတ်မချနိုင်အောင်ဖြစ်သည်။ ရှိန်းကိုသနားသည်။ ရှိန်းကို မက်မောသည်။ ရှိန်းကိုဖြင့် ကျွန်တော် ချစ်မိခဲ့လေပြီ။

ကျွန်တော်သည် ယခုတိုင် ချစ်နိုင်ဆဲ ကိုယ့်နှလုံးသားကို ဇရာဗိုလ် လုပ်လိုက်မိသည်။ ရှိန်းကြောင့် ကျွန်တော် ရင်ခုန်ရသည်။ ငြိမ်သက်နေသော ရင်ဘတ်ကြီးဟာ ခုတော့ ပူနွေးဖိုလိုက်ခဲ့ပြီ။ ရှိန်းကိုဖြင့် မတွေ့ရမနေနိုင်ဖြစ်ကာ ရှိန်း စိတ်ကောက်ပြီး ဖုန်း

www.burmeseclassic.com

www.burmeseclassic.com



မဆက်လျှင် တစ်နေ့လုံး နေမထိထိုင်မသာ ဘာအလုပ်မှ လုပ်လို့ မဖြောင့်အောင်ပင် ...။ တစ်ခါ တစ်ခါများဆို ရှိန်းကို လွမ်းလို့ မျက်ရည်တောင် ဝဲရသေးသည်။

ရှိန်းနှင့်တွေ့လျှင် ကျွန်တော် ဆံပင်ဖြူတချို့ကို မေ့ထားနိုင်ပြီး အိမ်က မိန်းမကတော့ ကျွန်တော့်ကို အသက်ကြီးပြီ ဖြစ်ကြောင်း သတိရစေသည်။

တစ်နေ့တော့ ကျွန်တော့်ရဲ့ ရှိန်းက ကျွန်တော့်ဆီ ဖုန်းဆက်လာကာ ...

"အစ်ကိုကြီးရေ ... ဒီနေ့ အိမ်မှာ အစ်ကိုကြီး ကြိုက်တဲ့ ရှမ်းခေါက်ဆွဲ လုပ်ထားတယ်၊ အစ်ကိုကြီး ရုံးပိတ်တာပဲ ဆက်ဆက်လာခဲ့နော်"

ဟု ပြောလေသည်။ ကျွန်တော်လည်း ချက်ချင်း တက်ကြွလာကာ စပို့ရှပ်အရောင် ဖျော့ဖျော့လေးနှင့် စတိုင်လ် ဘောင်းဘီကို လဲဝတ်နေဆဲ ... မိန်းမက အခန်းထဲဝင်လာကာ ...

"ဒါက ဘယ်သွားဦးမလို့လဲ၊ တစ်နေ့တလေ ရုံးပိတ်တာ အိမ်မှာနေမယ် စိတ်မကူးဘူး"

"ဟို ... ရုံးက ဝန်ထမ်းတစ်ယောက် ဆေးရုံတက်နေတာ သွားမေးမလို့ပါကွာ"

"လူနာသွားမေးမယ့် ပုံစံက မင်္ဂလာဆောင်သွားမယ့် အတိုင်းပဲ"



"မင်းကလည်းကွာ ... နေရာတကာ လိုက်ပြောနေတာပဲ၊ ငါ ဒီလိုပဲ ဝတ်နေကျပဲဟာ ..."

"ဒီလိုပုံမျိုးတွေ ဝတ်နေကျဆိုပေမယ့် သွားမယ့်နေရာပေါ် မူတည်ပြီး အရောင်ရွေးဝတ်သင့်တယ်လေ၊ မင်္ဂလာဆောင် ကို အနက်နဲ့ မသွားသင့်သလို နာရေးတို့ ဘာတို့ဆိုလည်း အရောင်မှိုင်းမှိုင်းတွေ ရွေးဝတ်သင့်တာပဲ မဟုတ်လား"

"မင်းပဲ အမြဲ ဆရာကြီး လုပ်နေတယ်"

"ဟုတ်တယ်လေ ... မယူခင်ကတည်းက ရှင့်ကို ဒီလိုပဲ ပြောလာခဲ့ရတာ ခုချိန်ထိ တောက်လျှောက်ပဲ၊ ရှင့်ကို ဆရာခေါ်ခဲ့ပေမယ့် တကယ်တမ်းကျ ကျွန်မက ဆရာကြီး ဆိုတာ ရှင်သိပါတယ်"

"ဟုတ်ပါတယ် ... သိပါတယ်၊ မင်းက ဆရာ့ ဆရာကြီး ပါ၊ ခုတော့ ခဏလေး ငြိမ်ငြိမ်နေပေးပါ၊ ကိုယ် သွားစရာ ရှိတာ သွားရဦးမယ်"

"မရဘူး ..."

"ဟမ် ... ဘာမရတာလဲ"

"ရှင့် ဦးနှောက်ကတော့ တကယ်ပဲ ယိုယွင်းနေပြီ၊ ဒီနေ့ ကျွန်မ မိဘတွေ ရောက်မယ်လေ၊ ရှင်ရော ကျွန်မရော ကလေးတွေပါ လေဆိပ်မှာ သွားကြိုရမှာ၊ သူတို့က ကျွန်မတို့အိမ်မှာ တည်းမှာ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဟုတ်သားပဲ၊ ခုမှသတိရတယ်၊ အဲဒါဆို ဆေးရုံသွားဖို့ကိစ္စ ဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

"ဒီနေ့ မသွားနဲ့ပေါ့"

"ဟာ … လူနာ သေသွားရင် ဘယ်လိုလုပ်မလဲ"

"ရှင့်ရုံးမှာ သေစေနိုင်တဲ့ ရောဂါမျိုးနဲ့ ဆေးရုံတက်ရတဲ့ ဝန်ထမ်း ရှိတယ်လို့ မကြားမိပါဘူး"

မိန်းမကိုတော့ ကျွန်တော် မနိုင်ချေ … ။ နောက်ဆုံးတော့ ကျွန်တော်ပဲ အရှုံးပေးလိုက်ရပါသည်။

ထိုခဏမှာပင် ရှိန်းဆီက ဖုန်းဝင်လာကာ …

"အစ်ကိုကြီး … လာနေပြီလား"

"ဟဲလို … ဟဲလို … ကျွန်တော် အုံ့ဘွယ်ပါ၊ ဘယ်သူပါလဲခင်ဗျာ၊ ဟဲလို … မကြားရဘူး၊ ကျွတ် … ဖုန်းတွေကကျွာ အိမ်ထဲနည်းနည်းရောက်ရင် လိုင်းက မမိတော့ဘူး၊ ခဏလေး ကိုင်ထားပါ ခင်ဗျာ၊ ဖုန်းက လိုင်းသိပ်မမိလို့ပါ၊ ဟဲလို … ဟဲလို"

ကျွန်တော်က ယုတ္တိရှိအောင် အော်ရင်း မိန်းမရှေ့က ထွက်ခွာလာကာ ဝရန်တာဘက်သို့ ထွက်လာခဲ့ပြီးမှ အသံကိုနှိမ့်ကာ …

"ဟဲလို … ရှိန်းလား၊ ဆောရီး ရှိန်းရယ်၊ ဒီနေ့ အစ်ကိုကြီး မလာဖြစ်တော့ဘူး"



"ရှိန်းမှာဖြင့် မျှော်လိုက်ရတာ၊ ဗိုက်အရမ်းဆာတာတောင် မစားသေးဘဲ အစ်ကိုကြီးကို စောင့်နေတာ …"

"တောင်းပန်ပါတယ် ရှိန်းရယ်၊ ကိုယ် လာလို့မရလို့ပါ၊ ရှိန်းကို ကိုယ်ချစ်ပါတယ်၊ မနက်ဖြန်ကျ ဆက်ဆက်လာခဲ့ပါမယ်နော်"

"ရှိန်း နားလည်ပါတယ်၊ ရှိန်း ဖုန်းချလိုက်မယ်နော်"

ရှိန်း ဖုန်းချသွားတော့ ကျွန်တော့်အသည်းတွေ ကြေကျန်ရစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ( ၃၅ )

●●●

"ရှိန်းတို့ လက်ထပ်ကြရအောင် အစ်ကိုကြီး"

မမျှော်လင့်သော စကားကြောင့် ကျွန်တော် ဟိုက်ခနဲ ဖြစ်သွားသည်။ ပြီးတော့ အိမ်က မိန်းမနဲ့ ကလေးတွေရဲ့ မျက်နှာကို ပြေးမြင်ယောင်လိုက်မိသည်။

"အစ်ကိုကြီးကို ရှိန်း မခွဲနိုင်တော့ဘူး၊ မနေ့က အစ်ကိုကြီး ရောက်မလာတာ ရှိန်း ဘယ်လောက်ခံစားရတယ် မှတ်လဲ၊ ဘာမှလည်း မစားနိုင်ဘဲ တစ်နေ့လုံး တစ်ညလုံး ငိုရတယ်၊ အစ်ကိုကြီး သိပ်ရက်စက်တယ်"

"ရှိန်းရယ် ... ကိုယ်လည်း ခံစားရပါတယ်"

"အဲ့ဒါကြောင့်မို့လို့ နှစ်ယောက်လုံး မခံစားရတော့အောင် လက်ထပ်ကြဖို့ ပြောတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မဖြစ်လို့ပါ၊ ရှိန်းလည်း သိပါတယ် ..."

"အစ်ကိုကြီးက အရမ်း သတ္တိကြောင်တာပဲ"

ရှိန်းက နာနာကြည်းကြည်း ပြောရင်း သမင်မျက်လုံးတွေက ကျားမျက်လုံးအဖြစ် အရောင်ပြောင်းလာသည်။ ကျွန်တော် ရုတ်တရက် သူမကို ကြောက်သွားပါသည်။

"အစ်ကိုကြီး ရှိန်းကို လက်ထပ်ရမယ်"

သူမက အေးခဲစွာ ပြောလိုက်သည်။ ကျွန်တော် ဖြည်းလေးစွာ ခေါင်းယမ်းမိပါသည်။ ကျွန်တော်က သူမကို ဆွတ်ပျံ့စွာ ကြည့်ဆဲ သူမက မမျှော်လင့်သော စကားကို ထပ်ပြောပြန်သည်။

"အစ်ကိုကြီးကြောင့် ရှိန်း နစ်နာခဲ့ရတယ်၊ အဲဒါကိုကျတော့ အစ်ကိုကြီး ဘယ်လို အလျော်ပေးမလဲ ..."

"နစ်နာတယ် !"

"ဟုတ်တယ် ... နစ်နာတယ်"

"ရှိန်းကို ကိုယ် ဘာနစ်နာအောင် လုပ်ခဲ့လို့လဲ၊ ကိုယ်က ရှိန်းကို ချစ်ခဲ့တာလေ၊ ဟော့ဒီ ရင်ဘတ်ထဲက တကယ့်ကို ချစ်ခဲ့တာလေ၊ ရှိန်းဘဝကို နစ်မွန်းအောင် ကိုယ် ဘာမှ မလုပ်ခဲ့ဘူး၊ အဲ့ဒါ ရှိန်းလည်း သိပါတယ်"



"ဒါပေမယ့် ပတ်ဝန်းကျင်ကတော့ ရှိန်းကို အစ်ကိုကြီးရဲ့ ဘာလိုလို ညာလိုလိုထင်မှာပဲလေ၊ ရှိန်း နာမည်ပျက်ခဲ့ရပြီလေ၊ အဲ့ဒီတော့ ရှိန်း နစ်နာရတာနဲ့ အညီအမျှ ပြန်ရမှ ဖြစ်မှာပေါ့ ...၊ အစ်ကိုကြီး ရှိန်းအတွက် ဘာလုပ်ပေးနိုင်မှလဲ"

ဘုရား ... ဘုရား ...။ ကျွန်တော် ဘုရားတ,မိပါသည်။ ကျောချမ်း ဓားပြမှန်းသိရ ဆိုသလိုပင် ကျွန်တော် ချစ်သနားမိသော မိန်းကလေးက ကျွန်တော့်ကို အကျပ်ကိုင် ငွေညှစ်နေတာဖြစ်ကြောင်း အခုမှ ရှင်းရှင်းကြီး သိလိုက်ရပါသည်။ မိန်းမရေ ... ကယ်ပါဦးကွာ။ ကျွန်တော်သည် ခလုတ်ထိတော့မှ အမေကို မတ,ဘဲ မိန်းမကိုသာ တ,မိပါသည်။ မိန်းမစကားကို နားမထောင်မိလို့ ... ခုတော့ ဒုက္ခတွေ့လေပြီ။

"ဘာ ... ဘာလုပ်ပေးရမလဲ"

"မများပါဘူး၊ တိုက်ခန်းတစ်ခန်းတော့ ဝယ်ပေးပါ ..."

"ဟာ ... ဒါတော့ ကိုယ် မတတ်နိုင်ဘူး၊ ကိုယ်က အရမ်းချမ်းသာတဲ့ လူလည်း မဟုတ်ဘူး၊ ကိုယ့်မှာ တန်ဖိုးကြီး ပိုင်ဆိုင်တာဆိုလို့ စီးပွားရေးလုပ်ငန်းတစ်ခုရယ်၊ တိုက်ရယ်၊ ကားရယ်ပဲ ရှိတာ၊ ငွေကလည်း အလုပ်ထဲမှာ လည်ပတ်နေတာ၊ သိပ်ငွေပိုငွေလျှံ မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီးမှာ လုပ်ငန်းရယ်၊ တိုက်ရယ်၊ ကားရယ်အပြင် တခြား တန်ဖိုးရှိတာတွေလည်း ရှိပါသေးတယ်ရှင်"

"မင်း ဘာကိုပြောနေတာလဲ ..."

"အစ်ကိုကြီး မိန်းမရယ်၊ သားရယ်၊ သမီးရယ်ကလည်း အစ်ကိုကြီးရဲ့ တန်ဖိုးကြီးတဲ့ ပိုင်ဆိုင်မှုပဲ မဟုတ်လား၊ အဲဒါတွေကိုလည်း အစ်ကိုကြီး အဆုံးရှုံး ခံနိုင်လို့လား၊ အဲ့ဒီလူတွေက ရှိန်း တောင်းဆိုတဲ့ တိုက်ခန်းထက်ပိုပြီး တန်ဖိုးရှိပါတယ် ...."

သူမက သူ့ဘဝနှင့်ချီပြီး ခြိမ်းခြောက်နေခဲ့ပြီ။

"ကဲပါလေ ... အစ်ကိုကြီး စဉ်းစားပါ၊ မိသားစုနဲ့ တိုက်ခန်းတစ်ခန်း လဲသင့် မသင့်ဆိုတာကိုပေါ့"

ကျွန်တော် ခေါင်းငိုက်စိုက်ကျသွားခဲ့ရလေသည်။ မိန်းမအာ့ပေါ် ကလေးလို ဆိုးခဲ့ဖူးသော၊ အနိုင်ယူပြောမိသည့်အခါတွေလည်း ရှိခဲ့ဖူးသော၊ အိမ်ရဲ့သခင် လင်ယောကျ်ားအဖြစ်၊ ဖခင်အဖြစ် ရှိသေလေးစား အလေးထားခံခဲ့ရသော ကျွန်တော်သည် ခုတော့ဖြင့် မိန်းမတစ်ယောက်ရဲ့ အပေါ်စီးက ခြိမ်းခြောက်မှုကို ခေါင်းငုံ့ခံခဲ့ရလေပြီ။

ကျွန်တော်သည် မိန်းမနဲ့ သားသမီးမျက်နှာကို မြင်ယောင်ကာ မျက်ရည်ဝဲလာသည်။ ဝမ်းပမ်းတနည်း ငိုချင်လာသည်။ ကျွန်တော် ... ကျွန်တော့် အသိုက်အမြုံဆီသို့ လေးကန်သော ခြေလှမ်းများဖြင့် ပြန်လာခဲ့မိသည်။ ခုချိန်မှာ သားနဲ့ သမီးကို မြင်ချင်သည်။ အော်ဟစ်ဆူညံ ပြောဆိုရယ်မောလိုက်ချင်သည်။ ပြီးတော့ အမေကြီး ရင်ခွင်မှာ မျက်နှာအပ်ရင်း ကလေးလို ငိုချင်သည်။



ကျွန်တော် ဘာလုပ်ရင် ကောင်းမလဲ ...။ မိန်းမ မသိအောင် စုထားတဲ့ ငွေတွေတော့ ရှိသည်။ သို့သော် ... အဲ့ဒီ ပိုက်ဆံတွေနဲ့ မိန်းမမွေးနေ့မှာ စိန်တစ်ဆင်စာ လက်ဆောင်ပေးဖို့ ရည်ရွယ်ထားခဲ့တာဖြစ်သည်။

ကျွန်တော့် မိန်းမဟာ နည်းနည်းလေးမှ အတ္တမကြီး၊ ကျွန်တော့်အလုပ်အတွက် လိုအပ်သမျှသာ ဖြည့်ဆည်းပေးဖို့၊ ကျွန်တော် ကား ကောင်းကောင်းလဲစီးဖို့သာ အာရုံထားပြီး သူကျတော့ ခုအရွယ်တိုင် လက်ဝတ်လက်စား များများစားစား ဝယ်ဝတ်ဖို့ စိတ်မကူးသူဖြစ်သည်။ အဲ့ဒါကြောင့်ပင် ကျွန်တော်က သူမသိအောင် စိန်တစ်ဆင်စာဝယ်ပြီး သူ့မွေးနေ့မှာ surprise လုပ်ဖို့ ကြံရွယ်ထားခဲ့ခြင်း ဖြစ်ပါသည်။ အဲ့ဒီ ပိုက်ဆံကိုတော့ ကျွန်တော် မသုံးရက်ချေ။

ရှိန်းမြချိုကလည်း ကျွန်တော်မှ သူတောင်းဆိုသော မလိုက်လျောလျှင် ကျွန်တော့် မိသားစုကို ဒုက္ခပေးဖို့ ကြံရွယ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ ကျွန်တော်သည် ကျွန်တော့် မိန်းမရဲ့ စကားတွေကို ကြားယောင်လာမိခဲ့ပါသည်။

"ကိုကို့ကိုလည်း မိသားစုဘဝကို တန်ဖိုးထား နားလည်တယ်လို့ ယုံကြည်စိတ်ချတယ်၊ သားနဲ့ သမီးရယ် ... ကိုကိုရယ်၊ ခင်ဘုန်းရယ် ဒီမိသားစုဝင် အားလုံးရဲ့ ဂုဏ်သိက္ခာဆိုတာ တစ်ခုတည်းပဲ၊ တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ရင် အားလုံးရဲ့ ဂုဏ်သိက္ခာကို ထိခိုက်တာနဲ့ အတူတူပဲ"

ကျွန်တော်သည် ခင်ဘုန်း စကားကို ကြားယောင်ရင်း ရင်ထဲမှာ မချိမဆံ့ ခံစားလိုက်ရပါသည်။ ကျွန်တော် ယုံကြည်မှုကို အလွဲသုံးစားလုပ်ခဲ့မိပြီ။

ကျွန်တော့် အာရုံထဲမှာ သားနဲ့ သမီးရဲ့ ကြေကွဲနေသော မျက်နှာလေးတွေကို မြင်ယောင်ကြည့်မိသည်။ ကျွန်တော့် မိန်းမရဲ့ အရှက်ရ ညှိုးနွမ်းနေသည့် မျက်နှာလေးကို မြင်လာသည်။ ကျွန်တော့်ရင်ဘတ်ထဲ ပွင့်ကွဲထွက်မတတ် ဖြစ်လာသည်။ ခေါင်းထဲလည်း ထိုးကိုက်လာလေသည်။

"ဟင် ... အဖေကြီး မျက်နှာလည်း မကောင်းပါလား၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလားဟင်၊ သွေးများ တိုးသလား"



အိမ်ရောက်တော့ ကျွန်တော့် မိန်းမက ကျွန်တော့်ကို စိုးရိမ်တကြီး ဆီးလို့ကြိုသည်။ ပြီးတော့ တစ်ဆက်တည်း သားတွေ သမီးတွေကိုပါ လှမ်းအော်ပြောလိုက်သည်။

"သမီးရေ ... သမီး ဖေဖေဖို့ မေမေ ဖျော်ထားတဲ့ သံပရာရည်ခွက် ရေခဲသေတ္တာထဲမှာ ရှိတယ်၊ ယူလာခဲ့ပေးပါ၊ သားရေ မေမေတို့ အခန်းထဲက ဖေဖေ သောက်နေကျ ဆေးတွေ ထည့်တဲ့ ဘူး သွားယူပေးပါ"

ကျွန်တော်က ဧနီးနဲ့ သားသမီးတွေ အလယ်မှာ ခေါင်းကိုဖိနှိပ်ရင်း အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

"ဖေဖေ ခေါင်းမူးနေတယ်ထင်တယ် မေမေ"

"အေး ... အေး ... သွား သား၊ ဒရင်းဘက်ကို ဒီနားဆွဲခဲ့၊ မင့်ဖေဖေ သက်သောင့်သက်သာလေး ထိုင်ရအောင် ...၊ သမီးလေးက ဖေဖေ လဲဖို့ အင်္ကျီသွားယူလာခဲ့၊ ကြည့်စမ်း ချွေးတွေ ရွှဲနစ်နေတာပါပဲလား အဖေကြီးရယ်၊ တော်ကြာ ကိုယ့်ချွေးနဲ့ကိုယ် အအေးပတ်နေဦးမယ်၊ အင်္ကျီ မြန်မြန်လဲလိုက်ရအောင်"

"မေမေ ... ဒီမှာ အင်္ကျီရပြီ ..."

"မေမေ ... ဒရင်းဘတ်ကို ဒီမှာထားမယ်နော်၊ ဒီနေရာလေဝင်လေထွက်ကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... အဲဒါမှ သားတို့ အဖေလည်း သက်သောင့်သက်သာ ဖြစ်သွားမယ်၊ Aircon နဲ့ လျှောင်ပိတ်လွန်းအား ကြီးရင်လည်း မကောင်းဘူး ..."

ကျွန်တော့်နားမှာ ကျွန်တော့် မိသားစု ပျာယာခတ်နေကြတာကို ကျွန်တော် မြင်နေရသည်။ ကြားနေရသည်။ နာကျင်နေရသည်။

"သား ... ဒီနားလာပါဦး၊ သမီးလည်း လာပါဦး"

ကျွန်တော်က သားနဲ့ သမီးကို အနားသို့ လာစေလိုက်သည်။ ပြီးတော့ ခင်ဘုန်းတို့ကိုရော သားနဲ့ သမီးကိုပါ ချစ်မြတ်နိုးစွာ ပွေ့ဖက်ထားလိုက်ရင်း တိတ်ဆိတ်စွာ မျက်ရည်ကျမိလေသည်။

♥ ♥ ♥

# (၃၆)

● ● ●

အဲ့ဒီနေ့ည သန်းခေါင်ယံအချိန်လောက်မှာ ဖုန်းမြည်သံ ထွက်ပေါ်လာလေသည်။

ညဦးကတည်းက ကယောင်ချောက်ချားဖြင့် အိပ်မရခဲ့သော ကျွန်တော်သည် ဖုန်းသံကြောင့် ဆတ်ခနဲ လန့်နိုးသွားကာ အိပ်ရာနားကဖုန်းကို အမြန်ကောက်ကိုင်လိုက်ရင်း တုန်လှုပ်ချောက်ချားစွာ တစ်ဖက်က အသံကို စောင့်မျှော်နားထောင်လိုက်သည်။

"အစ်ကိုကြီးလား ... ရှိန်းပါ"

ထင်သည့်အတိုင်း သူမ အသံပင် ဖြစ်ပါသည်။ ကျွန်တော်က ဘာမှပြန်မပြောသေးဘဲ နံဘေးက ကျွန်တော့် အမျိုးသမီးကို အသာအယာ ငုံကြည့်မိသည်။ သူမက နှစ်ခြိုက်စွာ အိပ်မောကျနေခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဖုန်းချပစ်ချင်သည်။ သို့သော် မချရဲပါ။ နောက်တစ်ခေါက် ထပ်မြည်လာလျှင် ခင်ဘုန်း နိုးသွားလိမ့်မည်။ သူမက ကျွန်တော် မကိုင်မချင်း ခေါ်နေဦးမည်ပင်။ ဖုန်းပလပ် ဖြုတ်ထားလိုက်လျှင်လည်း သူမက ဒေါသဖြင့် ပေါက်ကွဲကာ မနက် မိုးမလင်းခင်ကပင် ကျွန်တော့်အိမ်ကို ရောက်လာနိုင်သည်။ ဘာလုပ်လုပ် အန္တရာယ်ချည်းပင်။

ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေ စိမ့်ထွက်လာသည်။ နဖူးပြင်ပေါ်မှာလည်း ချွေးသီးတွေသီးနေသည်။ ဖုန်းက ကော့ဒ်လက် မရှိတာမို့ အိပ်ရာနားကနေ ဘယ်လိုမှ ရွှေ့ပြောလို့ မရနိုင်ချေ။ အောက်ထပ်က ဖုန်းကို လွှဲပြီး ကျွန်တော် ထ,သွားလျှင်လည်း ချိုးချိုးချွတ်ချွတ်အသံကြားပြီး ခင်ဘုန်း နိုးသွားနိုင်သည်။

"hand ဖုန်း ပိတ်ထားလို့ အိမ်ဖုန်းကို ဆက်လိုက်ရတာ အားနာပါတယ် အစ်ကိုကြီးရယ်"

"မင်း ဘာဖြစ်လို့ ဒီအချိန်ကြီး ဆက်ရတာလဲ ..."

ကျွန်တော်က ခပ်တိုးတိုး ကျိတ်ပြောရင်း အနားက ကျွန်တော့်မိန်းမကိုလည်း နိုး မနိုး လှမ်းကြည့်နေရသည်။

"အိပ်မရလို့ ဆက်လိုက်တာပါ၊ အစ်ကိုကြီးဆီက အဖြေကို လည်း သိချင်လို့ ..."

"မင်း တော်တော် ယုတ်မာတဲ့ မိန်းကလေးပဲ"

"မယုတ်မာပါဘူး၊ လိုချင်တာ မရရင် မနက်ကျ အစ်ကို



ကြီး အိမ်ကို လာပြီး အေးအေးဆေးဆေး အကျိုးအကြောင်း ပြောပြရုံ၊ အစ်ကိုကြီးရုံးက လူတချို့ကို လေးလေးစားစား အသိပေးရုံပါပဲ"

"မင်း ငါ့မိသားစု ဘဝကို မဖျက်နဲ့"

"သိပ်ကြောက်နေရင် ရှိန်း လိုချင်တာပေးပေါ့"

"ငါ့မှာ အဲဒီလောက် ပိုက်ဆံမရှိဘူး"

"ဩော် ... ပုံပြောနေပြန်ပြီ"

"တကယ် ပြောတာကွ၊ ငါ့မိန်းမကို မွေးနေ့လက်ဆောင် စိန်ဝယ်ပေးဖို့ ကျိတ်စုထားတဲ့ ပိုက်ဆံကလွဲရင် ငါ့လက်ထဲ မှာ ငွေပိုများများမရှိဘူး၊ ရှင်းရှင်းပြောရရင် အဲဒီပိုက်ဆံ ကို မင်းအတွက် သုံးဖို့ လုံးဝ စိတ်ကူးမရှိဘူး ..."

"ရှင်က ရှင့် မိန်းမကို သိပ်ချစ်တာပဲနော်"

"ဒါပေါ့ ... တကယ်တမ်း လောကကြီးမှာ ငါချစ်တဲ့ မိန်းမ တွေ အများကြီးရှိခဲ့ပေမယ့် ငါ့ကို နှစ်နှစ်ကာကာ ပြန်ချစ် တဲ့ မိန်းမဆိုလို့ ငါ့မိန်းမတစ်ယောက်ပဲရှိတာ၊ ငါ့ မိန်းမကို ငါ သိပ်ချစ်တယ်၊ ငါ့ မိန်းမနဲ့ ငါ့မိသားစုဟာ ငါ့ဘဝပဲ"

"ဟုတ်လား ... အဲဒီလိုဆိုရင် ရှင့်ကြောင့် ရှင့်မိသားစု ထိ ခိုက်မှာကို ရှင် ပိုကြောက်မှာပေါ့နော်၊ ကဲပါလေ ... ရှင့်ကို အချိန် တစ်ရက် ,ထပ်ပေးလိုက်မယ်၊ စဉ်းစားဦးပေါ့... ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဖုန်းချသွားခဲ့ပြီ။ ကျွန်တော့်မှာတော့ ဒေါသဖြင့် ဆတ်ဆတ်တုန်ပြီး ကျန်ခဲ့သည်။

ကျွန်တော် တစ်ဖက်သို့ စောင်းလှည့်ရင်း ကျိတ်ရှိုက်လိုက်သည်။ အဲ့ဒီအခိုက်မှာ လက်တစ်ဖက်က ကျွန်တော့်ကို နွေးထွေးစွာ ပွေ့ဖက်လာပါသည်။ ပြီးတော့ ကျွန်တော့် ပါးပြင်နားက အသက်ရှူသံ ငွေ့ငွေ့လေး၊ အသံတိုးတိုးလေး ...

"ကျွန်မအတွက် စိန်က အရေးမကြီးပါဘူး အမေကြီးရယ်၊ မိသားစုက အရေးကြီးပါတယ်၊ ပေးမှဖြစ်မယ်ဆိုလည်း ပေးလိုက်ပါ"

ကျွန်တော့် ရင်ဘတ် ဟောင်းလောင်းကြီး ပွင့်သွားသည်။

"အမေကြီးရယ်"

ကျွန်တော် ကျွန်တော့် မိန်းမဘက်ကို စောင်းလှည့်လိုက်ပြီး သူမရင်ခွင်မှာ မျက်နှာဝှက်ကာ ကလေးတစ်ယောက်လို ရှိုက်ကြီးတငင် ငိုကြွေးမိလိုက်ပါသည်။

ကျွန်တော့် မိန်းမကတော့ ဖြူတီဆလွန်းမှာ အခါခါသွားလျှော်ခဲ့သော ကျွန်တော့် ဆံပင်တွေကို ဖွဖွသပ်ရင်း နှစ်သိမ့်နေလေသည်။

♥ ♥ ♥



အသက် ၆၀ အရွယ်မှာတော့
သူ ဘယ်မှမထွက်တော့ဘူး၊
မီးရထားဝင်းထဲမှာသာ နေတော့တယ်၊

အသက် ၆၀ အရွယ်မှာ
သူမဟာ ဆိုက်ဘေးရီးယားနဲ့ တူတယ်၊
ဘယ်နေရာမှာရှိမှန်း လူတိုင်းသိကြတယ်၊
ဒါပေမယ့် ဘယ်သူမှ မသွားချင်ကြတော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

## (၃၇)

●●●

ကျွန်တော်သည် အသက် ၆၀ အရွယ်မှာတော့ ကျွန်တော့်ရဲ့ အချစ်များစွာ အသစ်များစွာကို ပြည်ဖုံးကားချကာ ကျွန်တော့်ဘဝရဲ့ အနှစ်သာရဖြစ်သော ချစ်ဇနီး၊ သား မြေးများနှင့်သာ ပျော်မွေ့၍နေလေပြီ။

မီးရထား စက်ခေါင်းအိုကြီးလိုပေါ့။ မီးရထားဝန်းထဲက လွှဲပြီး ဘယ်မှလည်း မသွားချင်တော့။ ဆိုက်ဘေးရီးယားနှင့်တူသော ကျွန်တော့် မိန်းမန်ဘေးမှာသာ ရောင့်ရောင့်ရဲရဲ နေပျော်နိုင်ခဲ့ပြီ ဖြစ်သည်။

ဆောင်းမနက်ခင်း တစ်ခုမှာတော့ ကျွန်တော်သည် ထရက်ဆု ဘောင်းဘီ၊ ဂျာကင်အင်္ကျီနှင့် ကပ်ဦးထုပ်အဖြူရောင်ကို ဆောင်းကာ၊ မာဖလာကွက်ကြားလေးကို လည်ပင်းမှာပတ်

www.burmeseclassic.com

www.burmeseclassic.com



ကာ တုတ်ကောက်က တစ်ဖက် တော်တော်တီတီမြည်နေသော ရေဒီယိုလေးကို တစ်ဖက်ကိုင်လျက် မြေးကလေးနှင့်အတူ အင်းလျား ကန်ပေါင်မှာ လမ်းလျှောက်နေခဲ့လေသည်။

အဲ့ဒီအခိုက်မှာ အဖြူရောင် အားကစားဘောင်းဘီ တိုလေးနှင့် တီရှပ်အကျပ်လေး ဝတ်ထားသော မိန်းကလေး တစ်ယောက်က ကျွန်တော့် နံဘေးက လုစ်ခနဲ ဖြတ်ပြေးရင်း ကျွန်တော့်ရဲ့ ရေဒီယိုကိုင်ထားသော လက်တစ်ဖက်ကို တိုက်ချ သွားသည်။ ရေဒီယိုလေးက လမ်းဘေးမြက်ခင်းပေါ် လွင့်ကျသွား ပါသည်။

"အို ... ကန်တော့ ... ကန်တော့နော် ဘိုးဘိုး၊ တောင်းပန် ပါတယ်ရှင် ... "

"ရပါတယ်ကွယ် ... ရပါတယ်"

သူငယ်မလေးက ရေဒီယို စက်ပစ္စည်းလေးကို သွား ပြေးကောက်ကာ ကျွန်တော့်ကို ရိုရိုသေသေ ပြန်လာပေးသည်။

ပြီးတော့ ရှေ့ဆက်ပြေးသွားသည်။

ကျွန်တော့် ဦးခေါင်းသည် အမှတ်တမဲ့ ဖြည်းဖြည်း လေး ချာလည်လှည့်ကာ သူငယ်မကလေးဆီ ပါသွားသည်။ ထိုအခိုက်မှာ ...

"ဘိုးဘိုးကြီး ... ဘိုးဘိုးကြီး ပြန်ကြွရအောင်"



ဟူသော မြေးကလေးရဲ့ အသံက ကျွန်တော့် အကြည့် တွေကို ဘရိတ်လှမ်းအုပ်လိုက်သည်။ ကျွန်တော့်ခေါင်းသည် ရုတ်တရက် မျက်နှာမူရာ အရပ်သို့ ပြန်လှည့်သွားသည်။ ပြီးတော့ သက်ပြင်းကြီးချလိုက်သည်။

အိမ်း ... လှလိုက်တဲ့ သူငယ်မကလေးပင်တည်း ... ။

ပုညခင်
2:46 pm
6.6.2006

BURMESE CLASSIC .com

www.burmeseclassic.com